# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၃) ရက် ၊ စနေနေ့ ၊ (6-5-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၀၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃) ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား





နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော်  မေ  ၅**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

**စာမျက်နှာ ၁၆ ကော်လံ ၁ ➽**

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေး (Peace and Stability)သည် အရေးအကြီးဆုံးဖြစ်၊ တည်ငြိမ်အေးချမ်းရေးဆိုသည်မှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံပြီး ဆောင်ရွက်ရန်လိုအပ်...




ရတနာပုံ
၂၀၁၂ ခုနှစ် မေ ၆ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာ့မြန်မာ့ရုပ်ရှင် နိုင်ငံ့ဂုဏ်အင်

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်တို့အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့တွင် နေပြည်တော်မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ နိုင်ငံတော်အဆင့်အခမ်းအနားကြီးတစ်ခုအဖြစ်ခမ်းနားထည်ဝါစွာကျင်းပမည်ဖြစ်ပါသည်။ အဆိုပါအခမ်းအနားသည် ကိုဗစ်-၁၉ ကပ်ရောဂါဘေးကြောင့်အထိနာခဲ့ရသောမြန်မာ့ရုပ်ရှင်အနုပညာလောက ပြန်လည်ဖွံ့ဖြိုးလာရေးအတွက် အရှိန်အဟုန်တစ်ခုဖြစ်ပါသည်။

ယခုကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသည် သုံးနှစ်စာ ပူးပေါင်းကျင်းပခြင်းဖြစ်၍ အနုပညာလောကသာမက ပြည်သူတစ်ရပ်လုံးကပါ စိတ်ဝင်စားမှုအရှိဆုံး ပွဲတစ်ပွဲဖြစ်ပါသည်။ ယခု မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတက်ရောက်လာသည့် ထူးချွန်ဆုရရှိပြီးသော အနုပညာရှင်များကို ရွှေသားစစ်စစ်ဖြင့်ပြုလုပ်ထားသည့် အကယ်ဒမီရွှေရင်ထိုးများချီးမြှင့်ပေးအပ်မည်ဖြစ်သည်။ ထို့ပြင် အနုပညာရှင်များအတွက် နိုင်ငံတကာအဆင့်မီဂုဏ်ပြုခံလျှောက်လှမ်း**(Red Carpet)**နေရာများထားရှိမှု၊ **3D DigitalMapping**စနစ်ဖြင့် အခမ်းအနားဖွင့်လှစ်သွားမည့်အပြင် အခမ်းအနားသို့တက်ရောက်လာသော အနုပညာရှင်များအနက်မှ ဖက်ရှင်ဆုရွေးချယ်ချီးမြှင့်မည့် အစီအစဉ်များပါရှိသည်ဖြစ်ရာ အနှစ်သာရပြည့်ဝပြီး ဘက်ပေါင်းစုံမှအခမ်းအနားဆုံးဖြစ်အောင် စီစဉ်ကျင်းပထားသည့် နိုင်ငံတကာအဆင့်မီဆုချီးမြှင့်ပွဲဟု ဆိုရမည်ဖြစ်ပါသည်။

မြန်မာ့ရုပ်ရှင်သမိုင်းသည် နှစ် ၁၀၀ ကျော်ကာလတိုင်ရှိပြီဖြစ်သည်။ မြန်မာ့ပထမဦးဆုံး ရုပ်ရှင်ဇာတ်ကားမှာ ၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်က ပြသနိုင်ခဲ့သော ဒါရိုက်တာလန်ဒန်အက်ဦးအုန်းမောင် ကြီးကြပ်ရိုက်ကူးခဲ့သည့် **မေတ္တာနှင့်သူရာ**ဇာတ်ကားဖြစ်သည်။ ထိုခေတ်မှ ယနေ့ခေတ်တိုင်အောင် မြန်မာပြည်သူများကို ရုပ်ရှင်အနုပညာဖြင့် စိတ်ခံစားမှုရသအမျိုးမျိုး၊ အတွေးအခေါ်အဖုံဖုံကို အနှစ်သာရပြည့်စုံစွာတင်ဆက်နိုင်ရေး ရုပ်ရှင်အနုပညာရှင်များက ကြိုးပမ်းခဲ့ကြသည်။ နိုင်ငံနှင့်ပြည်သူကိုအကျိုးပြုသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကို နိုင်ငံတော်ကလည်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများအဖြစ် တစ်သက်တာရုပ်ရှင်ထူးချွန်ဆု၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု၊ အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆု၊ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု၊ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု၊ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု၊ အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆု၊ အကောင်းဆုံးရုပ်ရှင်တေးဂီတဆု၊ အကောင်းဆုံးရုပ်ရှင်အသံထူးချွန်ဆု၊ အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု၊ အထူးဆုဟူ၍ ဆုအမျိုးအစားပေါင်းများစွာ ထိုက်ထိုက်တန်တန်ရွေးချယ်သတ်မှတ်ချီးမြှင့်ပေးလျက်ရှိပါသည်။

မြန်မာ့ရုပ်ရှင်သည် နိုင်ငံ့ဂုဏ်အင်ကိုပေါ်လွင်စေရန်အတွက် ပြည်သူ့အကျိုးပြုသော၊ ပြည်သူတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အနုပညာဖြင့်အထောက်အကူပြုသော ရုပ်ရှင်လောကအဖြစ် ရပ်တည်နိုင်ရပါမည်။ နှစ်ပေါင်း ၁၀၀ မက သမိုင်းကြောင်းနှင့်အခြေခံကောင်းများ ရှိနှင့်ပြီးသော မြန်မာ့ရုပ်ရှင်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ရုပ်ရှင်လောက၊ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်အောင် အောင်မြင်သည့် ရုပ်ရှင်ခေတ်ကာလသို့ရောက်ရှိရန် ယနေ့အချိန်မှစ၍ ရုပ်ရှင်အနုပညာသမားများ၏စွမ်းပကား၊ နိုင်ငံတော်၏အား၊ ပြည်သူတို့၏နှလုံးသားတို့ပေါင်းစည်းမှုများကြောင့် ပြန်လည်တောက်ပထင်ရှားအောင်မြင်တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# ဧရာဝတီမြစ်အတွင်း အင်ဒေါင်းကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင် ၁၅ ကောင် ပြောင်းရွှေ့ကျက်စားလျက်ရှိ



**မန္တလေး မေ ၅**

ဧရာဝတီမြစ်အတွင်း ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင် ၁၅ ကောင် ပြောင်းရွှေ့ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်သည့် မန္တလေး-ကျောက်မြောင်းကြားတွင် နေထိုင်ကျက်စားနေသည့် ဧရာဝတီလင်းပိုင်များ၏ အခြေအနေများကို လစဉ် တစ်လလျှင်နှစ်ကြိမ် သွားရောက်ကြည့်ရှု မှတ်တမ်းတင်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ဧပြီလအတွင်းက မင်းကွန်းအနီးတွင် ဧရာဝတီလင်းပိုင်များ နေထိုင်ကျက်စားခဲ့ကြပြီး လက်ရှိတွင် ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီး၌ ပြောင်းရွှေ့ကျက်စားလျက်ရှိကြောင်း သိရသည်။

"ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာထဲကို မေ ၄ ရက်နံနက်ပိုင်းက ဧရာဝတီလင်းပိုင်တွေရဲ့ အခြေအနေတွေ သွားပြီးကြည့်ဖြစ်တယ်။ အခုလတ်တလောကတော့ ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးမှာ ဧရာဝတီလင်းပိုင် ၁၅ ကောင်လောက် အုပ်စုလိုက်ပြောင်းရွှေ့နေထိုင်ကျက်စားတာကို တွေ့မြင်ခဲ့ရပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဇရိယာဖြစ်သည့် မန္တလေး-ကျောက်မြောင်းကြားရှိ ကျေးရွာများတွင် နေထိုင်သော ရေလုပ်သားများအနေဖြင့်လည်း ဧရာဝတီလင်းပိုင်သားပေါက်များကို တွေ့ရှိပါက ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သို့ အသိပေးအကြောင်းကြားရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး မေ ၅**

မန္တလေး မြေဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမှုကြီးမားသည့် ဝယ်လက်များ ပျောက်နေမှုကြောင့် တန်ဖိုးကြီးမြေကွက်များ အရောင်းအဝယ်ဖြစ်မှု နည်းပါးနေဆဲဖြစ်သော်လည်း တန်ဖိုးသင့်နေအိမ်ပါပြီး မြို့တွင်းပိုင်းမြေကွက်များအရောင်းအဝယ် ပြန်ရှိလာကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် မြေတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းပေးချေပြီး ကျန်ငွေကို အရစ်ကျစနစ်ဖြင့် ရောင်းဝယ်နေသည့် အကွက်ရိုက်မြေကွက်များလည်း အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

"အခုရက်ပိုင်းအတွင်း ဈေးကွက်ထဲကို ရင်းနှီးမြှုပ်နှံမှုလုပ်မဲ့သူတွေလဲ ပြန်ဝင်လာတယ်လို့ ပြောရမှာပါ။ ရင်းနှီးမြှုပ်နှံမှုကြီးမားတဲ့ ဝယ်လက်မျိုးတွေတော့ မဟုတ်ဘူးပေါ့။ အရင်လတွေထက် ဒီလပိုင်းထဲမှာ မြို့တွင်းပိုင်း အိမ်ပါတဲ့မြေတွေကို မေးမြန်းစုံစမ်းတာတွေ များလာတယ်။ တန်ဖိုးနည်းအကွက်ရိုက်မြေကွက်တွေကတော့ ဝယ်ယူမှုအများဆုံးပါ"ဟု ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးအေးဝင်းက ပြောပြသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့်ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

လက်ရှိ အိမ်ခြံမြေဈေးကွက်အတွင်း မြို့သစ်ရပ်ကွက် လမ်းမတန်းမြေကွက်များမှာ မီး၊ ရေ၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုများအပေါ် မူတည်၍ ငွေကျပ်သိန်းထောင်ကြီးပိုင်းထိ ဈေးပေါက်လျက်ရှိပြီး ကြားကွက်များတွင်လည်း ငွေကျပ် သိန်း ၃၀၀မှ သိန်း ၁၀၀၀ ခန့်ထိ ဈေးရှိကြောင်း သိရသည်။

လက်ရှိတွင် အရောင်းအဝယ်ပိုင်းထက် အငှားဈေးကွက် ပို၍ သွက်နေကြောင်း၊ ငှားရမ်းမှုများတွင် လူနေထိုင်မှုနှင့်ဆိုင်ခန်းဖွင့်လှစ်ရန်ကောင်းမွန်သည့်လမ်းမကြီးများနှင့် လူစည်ကားရာ ရပ်ကွက်ကြီးများတွင် ငှားရမ်းလိုမှု အများဆုံးဖြစ်နေကြောင်း သိရသည်။

ငှားရမ်းမှုဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ၇၀၀၀၀ မှ သိန်းဆယ်ဂဏန်းကျော်ထိ ရှိနေပြီး တစ်လလျှင် ငွေကျပ် ၂၀၀၀၀၀ ဈေးတန်းရှိ လူနေဆိုင်ခန်းများ၊ လုံးချင်းနေအိမ်များအပြင် ငွေကျပ် ၇၀၀၀၀ ခန့်ဈေးတန်းရှိအခန်းများကို ငှားရမ်းမှုအများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးအေးဝင်းထံမှ သိရသည်။ (၁၇၃)

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လူမှုဖူလုံရေးအာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ်သန်း ၃၁၀၀ ကျော်ထုတ်ပေးခဲ့

**မန္တလေး မေ ၅**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အလိုက် လူမှုဖူလုံရေး အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ်သန်း ၃၁၀၀ ကျော် ခွင့်ပြုထုတ်ပေးနိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ သိရသည်။

အဆိုပါ လူမှုဖူလုံရေးအာမခံများ၏ အကျိုးခံစားခွင့်များအတွက် ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် အလုပ်သမားအမှုတွဲပေါင်း ၃၀၁၉၆ မှုရှိပြီး အများစုမှာ မမာမကျန်းမှုများ၊ ဆေးဖိုးနှင့် ဆေးရုံတက်စရိတ်များ၊ အမျိုးသမီး မီးဖွားမှုများအတွက် အများဆုံးတောင်းခံကြရာ ငွေကျပ် ၃၁၁၀ ဒသမ ၂၂ သန်းကို ခွင့်ပြု ထုတ်ပေးနိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ပြောပြသည်။

"ဌာနကနေပြီးတော့ မိသားစုစားဝတ်နေရေးအတွက် အလုပ်လုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေကို တစ်ဖက်တစ်လမ်းက အကျိုးခံစားခွင့်ရရှိဖို့ ကူညီဆောင်ရွက်ပေးနေတာပါ။ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်အတွင်းမှာ အကျိုးခံစားခွင့်အတွက် ငွေကျပ်သန်း ၃၁၀၀ ကျော်ကို အခမ်းအနားပြုလုပ်ပြီး ထုတ်ပေးနိုင်ခဲ့ပါတယ်။ လူမှုဖူလုံရေးအာမခံ အလုပ်သမားတွေအတွက် ငွေကြေးအကျိုးခံစားခွင့်တွေထုတ်ယူဖို့အတွက်ကို သက်ဆိုင်ရာမြို့နယ်မှာရှိကြတဲ့ လူမှုဖူလုံရေးရုံးနဲ့ လူမှုဖူလုံရေးဆေးပေးခန်းတွေမှာ ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်" ဟု ဦးသန်းနိုင်ဦးက ပြောပြသည်။

လူမှုဖူလုံရေး အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များမှာ မမာမကျန်းမှု၊ မီးဖွားမှု၊ အာမခံထားသူမီးဖွားစရိတ်၊ ဖခင်ဖြစ်မှုအကျိုးခံစားခွင့်၊ ဇနီးဖြစ်သူမီးဖွားစရိတ်၊ နာရေးစရိတ်၊ ကျန်ရစ်သူအကျိုးခံစားခွင့်၊ ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှု အရစ်ကျစရိတ်၊ အမြဲတမ်းမသန်စွမ်းမှုငွေလုံးငွေရင်း စသည်တို့ဖြစ်ကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## ဆင်ပေါင်ဝဲမြို့နယ် ဖောင်အိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဆင်ပေါင်ဝဲ မေ ၅**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖောင်အိုင်ကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မေ ၄ ရက် နံနက် ၁၁ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် ဝန်ထမ်းများက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဖောင်အိုင်ကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် ဆွေးနွေးမှာကြားသည်။

ဖောင်အိုင်ကျေးရွာ၌ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၀၂ သန်းဖြင့် အကျယ် လေးလက်မ၊ အနက်ပေ ၅၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ ဆိုလာပြားနှင့် ဆိုလာပန့်တပ်ဆင်ခြင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Pro Engineering ကုမ္ပဏီတို့က ၂၀၂၂ ခုနှစ် ဩဂုတ်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သောကြောင့် ဖောင်အိုင်ကျေးရွာရှိ အိမ်ခြေ ၁၆၉ အိမ်၊ လူ ၇၅၅ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်တို့အတွက် နွေကာလသောက်သုံးရေလုံလောက်စွာရရှိပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျထံမှ သိရသည်။

**သူသူ**

## တံတားဦးမြို့နယ်၌ အိမ်တွင်းလျှပ်စစ် သွယ်တန်းနည်းသင်တန်းဖွင့်ပွဲ ကျင်းပ

**တံတားဦး မေ ၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အိမ်တွင်းလျှပ်စစ် သွယ်တန်းနည်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အိမ်တွင်းလျှပ်စစ် သွယ်တန်းနည်း သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို တံတားဦးမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသား ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက လျှပ်စစ် သွယ်တန်းနည်းများကို စာတွေ့၊ လက်တွေ့ဖြင့် ယနေ့မှ မေ ၁၄ ရက်ထိ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

## ပဲခူးမြို့နယ် မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ယခုနှစ် ဧပြီလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၅၀၀၀ ခန့် လာရောက်လည်ပတ်ခဲ့



**ပဲခူး မေ ၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မိုးယွန်းကြီးအင်း ဘေးမဲ့တောသို့ ယခုနှစ် ဧပြီလအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဦးရေ ၅၀၀၀ ခန့် လာရောက်လည်ပတ်ခဲ့ကြောင်း မိုးယွန်းကြီးအင်း ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဒေါ်သင်းသင်းယုက ပြောပြ၍ သိရသည်။

ပဲခူးမြို့နယ် မိုးယွန်းကြီးအင်း ဘေးမဲ့တောသို့ ပြီးခဲ့သည့်မတ်လအတွင်းက ပြည်တွင်း၊ ပြည်ပ ခရီးသွားဦးရေ ၃၈၀၀ ခန့်သာ လာရောက်လည်ပတ်ခဲ့ပြီး ယခုနှစ် ဧပြီလအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ဦးရေ ၅၀၀၀ ခန့် လာရောက်လည်ပတ်ခဲ့ကြောင်း၊ မိုးယွန်းကြီးအင်း ဘေးမဲ့တောတွင် ဌာနေ မယ်ညို၊ ငှက်စလူးရေဘဲ၊ ဗျိုင်း၊ အော်ရော်ငှက်အပါအဝင် ရေပျော်ငှက်များကို အများဆုံး တွေ့ရှိရမည်ဖြစ်ပြီး တစ်နှစ်ပတ်လုံး ကျက်စားနေထိုင်လျက်ရှိသော ရေဝပ်ဧရိယာဖြစ်သည့်အတွက် သစ်ပင်ကြီးများမရှိဘဲ မြက်တော၊ ဒိုက်တောမျိုးစုံ ပေါက်ရောက်လျက်ရှိကြောင်း သိရသည်။

"မိုးယွန်းကြီးအင်း ဘေးမဲ့တောမှာ လေ့လာမှုအပြင် အပန်းဖြေနားခိုလို့ရအောင် စီမံပေးထားပြီးဖြစ်ပါတယ်။ လာရောက်လည်ပတ်သူတွေထဲမှာ ရန်ကုန်မြို့နဲ့ပဲခူးမြို့က များပါတယ်။ အခုနှစ် ဧပြီလအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် အယောက် ၅၀၀၀ လောက် လာရောက်လည်ပတ်ပါတယ်။ ဒီမှာတော့ ရေပျော်ငှက်နဲ့ ဆောင်းခိုငှက်မျိုးစိတ်ပေါင်း ၁၂ မျိုးကို မှတ်တမ်းတင်ထားပါတယ်"ဟု မိုးယွန်းကြီးအင်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဒေါ်သင်းသင်းယုက ပြောပြသည်။

မိုးယွန်းကြီးအင်း ဘေးမဲ့တောဧရိယာသည် ဧက ၁၅၆၀၀ စတုရန်းမိုင် ၄၀ ကျယ်ဝန်းပြီး ရွှေပြည်အေးကုမ္ပဏီက သစ်တောဦးစီးဌာနမှ ဧက ၃၆၀ အကျယ် နှစ်ရှည်ငှားရမ်း၍ အပန်းဖြေစခန်း၊ ကြာမျိုးစုံနှင့် ရေပျော်ငှက်တို့ကို လေ့လာကြည့်ရှုနိုင်ရန် စက်လှေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးယွန်းကြီးအင်းသို့ ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီက တစ်နှစ်လျှင် ခရီးသွားဦးရေ ၈၀၀၀၀ ခန့် လာရောက်လည်ပတ်ခဲ့ကြပြီး ပြည်တွင်းခရီးသွားများ၊ နိုင်ငံခြားခရီးသွားများနှင့် ငှက်ဝါသနာရှင်များ လာရောက်လေ့ရှိကြောင်း သိရသည်။

**ASH**

## ချောင်းဦးမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ သီးနှံလေးမျိုး ဧက ၂၅၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့

**ချောင်းဦး မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ သီးနှံလေးမျိုး ဧက ၂၅၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေသီးနှံ ဧက ၃၄၆၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလကစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေသီးနှံ ၂၅၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ချောင်းဦးမြို့နယ်မှာ နွေသီးနှံစိုက်ပျိုးမှုက ဧက ၂၅၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အထွက်နှုန်းကောင်းတဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးပါတယ်။ လက်ရှိမှာ စိုက်ပျိုးထားတဲ့ စိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံ လေးမျိုးစိုက်ပျိုးမှုအနေဖြင့် နွေနှမ်း ဧက ၂၁၁၀၊ နွေစပါး ၂၁၁ ဧက၊ မိုးကြိုချည်မျှင်ရှည်ဝါ ၅၁ ဧက၊ နေကြာ ၁၆၇ ဧကတို့ စိုက်ပျိုးနိုင်ခဲ့ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

**(၂၀၆)**

## မိုင်းဖြတ်မြို့နယ် ခက်တန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် မေ ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ခက်တန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ခက်တန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ခက်တန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိတွင် စီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၅၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၂ သိန်း စုစုပေါင်း ငွေကျပ် ၇၇ သိန်းအသုံးပြု၍ အရှည်ပေ ၃၅၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီ ၁၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**ခင်မာ**



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၇၉)

ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာကြီးခင်ဗျာ၊ ကျွန်တော်မသိလို့ တစ်ခုလောက်မေးပါရစေ။ အနှိပ်နဲ့ အကြောပြင်၊ အနှိပ်သည်၊ အနှိပ်ဆရာနဲ့ အကြောပြင်ဆရာ ဘယ်လိုများ ကွာခြားပါသလဲသိချင်ပါတယ်။ ကွာခြားပုံနဲ့ အဆင့်အတန်းကို ပြောပြပေးပါဆရာ။**

ဖြေ ။ ။ အကြောပြင်နဲ့ အနှိပ် ဘာကွာခြားသလဲ မေးရင် အနှိပ်က အကြောတွေကို ပြေလျော့အောင်လုပ်ပေးတာပါ။ အနှိပ်သည်မှာ ရောဂါကုသဖို့အတွက် တာဝန်မရှိဘူး။ အညောင်းပြေဖို့၊ အကြောပြေဖို့ပဲ လိုတယ်။ တချို့ အနှိပ်က ဇိမ်ခံဖို့ပဲ။ ဆရာမဟုတ်ဖူး။ ဆေးပညာမလိုဘူး။ အကြောပြင်ဆိုတာ အကြောတွေကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်တဲ့ပညာဖြစ်တယ်။ အကြောပြင်သူက အကြောပြင်ဆရာပဲ။ တချို့ အကြောပြင် ဆရာတွေက Level of Doctor. ဒေါက်တာအဆင့်ရှိပါတယ်။ လူနာရဲ့ နာတဲ့နေရာကိုသိဖို့ ခန္ဓာဗေဒကို တတ်ကျွမ်းရပါတယ်။ ဒါပေမဲ့ ဆရာအဆင့်ပဲဖြစ်ဖြစ်၊ ဒေါက်တာ အဆင့်ပဲဖြစ်ဖြစ်၊ လူနာရဲ့ ခြေလက်အစုံကိုကိုင်ပြီး စမ်းသပ်ရပါတယ်။ နှိပ်နယ်ရပါတယ်။ ပြုပြင်ရပါတယ်။ ဟန်ဆောင်လေးမရပါဘူး။ နားကြပ်ကလေးနဲ့ စမ်းရုံနဲ့မရပါဘူး။ တကယ့် စားဖိုမှူးတွေ လက်အိတ်မသုံးသလိုပဲ အကြောပြင်ဆရာကလဲ လက်အိတ်မသုံးရပါဘူး။ "ဖွ၊ ဖိ၊ ရွှေ့၊ မိ အကြောသိ၊ ပြင်ဘိအကြောဆိုင်၊ ပူအေးလဲသိ၊ ဖွင့်ပိတ်ကြည့်၊ တတ်သိခန္ဓာပိုင်၊ ဆေးလျှင် ဆယ်ခွက်၊ လက်တစ်ချက် မခက်ကုထုံးပိုင်"ဆိုတဲ့အတိုင်း ဟန်ပြမလုပ်ရပါဘူး။ လူနာရဲ့ကိုယ်သားကိုယ်ရေ အပူအအေးကအစ စမ်းသပ်ပြီးမှ ပွတ်သပ်ပေးတာ၊ အကြောဖွင့်တာ၊ အကြောပြင်တာတွေပြုလုပ်ရပါတယ်။ ဒီနေ့ ဘာပြင်တယ်ဆိုတာ မှတ်တမ်းလဲထားရှိရပါတယ်။ ပညာတင်မကပါဘူး စိတ်ပါဖို့၊ စေတနာပါဖို့လိုပါတယ်။

**မေး ။ ။ ဆရာရှင့် ဘယ်ဘက်ခြေဖနောင့်နဲ့ ခြေဖဝါးအလယ်ကြားနေရာက မတ်တတ်ရပ်လိုက်ရင်အောင့်နေလို့ပါ။ ထိုင်နေရင်လုံးဝမနာပါဘူး။ အဲဒါပျောက်နိုင်တဲ့ နည်းလမ်းလေးရှိရင် ညွှန်ပြပေးပါရှင့်။ အသက် ၆၆ နှစ်၊ ပေါင်ချိန် ၁၃၀ ပါရှင့်။ ရန်ကုန်ကပါရှင့်။**

ဖြေ ။ ။ ဆားနှစ်ပိဿာကို ပလတ်စတစ်ဇလုံမှာ ထည့်ပြီး ဆားနင်းပါ။ မနင်းခင်ဒူးအထက်ကနေ ရေလောင်းခြေဆေးပါ။ မိနစ် ၂၀ လောက်နင်းပါ။ ပြီးရင် ရေပြန်ဆေးပါ။ ညအိပ်ခါနီးနဲ့ မနက်ရေမချိုးခင်မှာ တစ်နေ့ နှစ်ကြိမ်ဆားနင်းပါ။

**မေး။ ။ ဆရာခင်ဗျာ အခုလိုပူအိုက်တဲ့ရာသီမှာ နေပူထဲကပြန်လာပြီးရင် ရေသောက်လေ့ရှိကြပါတယ်။ တချို့ဆိုရင်ရေအေး၊ ရေခဲသေတ္တာထဲက ရေသန့်ဘူးတွေ သောက်ကြပါတယ်။ ရေခဲရေသောက်ပြီး ရုတ်တရက်လဲကျသွားတဲ့သူတွေ ရှိတယ်ပြောလို့ နေပူထဲက ပြန်လာချိန်မှာ ရေအေးသောက်သင့်၊ မသောက်သင့် သိလိုပါတယ်ဆရာ။**

ဖြေ ။ ။ နေပူထဲကပြန်လာရင် ရေအေးတစ်ခွက်သောက်သင့်ပါတယ်။ ဒါပေမဲ့ ရောက်ရောက်ချင်းအငမ်းမရ၊ အဆောတလျင် မသောက်သင့်ပါ။ ခေတ္တနားပြီး ၁၀ မိနစ်၊ ၁၅ မိနစ်လောက်ကြာမှ သောက်သင့်ပါတယ်။ ရေကလဲရေခဲရေ၊ ရေခဲသေတ္တာထဲက ရေအေးကို မသောက်သင့်ပါ။ ရေခဲတုံးတွေ အပြည့်ထည့်ထားတဲ့ ဖျော်ရည်တွေ၊ သံပရာရည်ချဉ်ချဉ်တွေ မသောက်သင့်ပါ။ အသင့်အတင့်အေးတဲ့ရေ၊ မြေအိုးထဲမှာထည့်ထားတဲ့ ရေအေးမျိုးကိုပဲသောက်ပါ။ ရေခဲရေသောက်တာကြောင့် လည်ချောင်းနဲ့အစာအိမ်မှာရှိနေတဲ့ အပူဓာတ်မှာ ရုတ်တရက် ငုပ်လျှိုးပြီး လည်ချောင်းနာတာ၊ အသံဝင်တာ၊ အစာအိမ်ရောင်တာ၊ အသည်းရောင်တာ၊ ပန်ကရိယရောင်တာတွေ ဖြစ်တတ်ပါတယ်။ တိုင်းရင်းဆေးပညာ အယူအဆအရ ရေခဲရေဟာ ဝမ်းမီးကို



ဆေးဖက်ဝင် ကွမ်းရွက်ကို တွေ့ရစဉ်။

ငြိမ်းစေ၊ ပျက်စေတတ်လို့ ရေခဲရေအမြဲသောက်နေသူတွေမှာ အစာမကြေရောဂါ ရလာတတ်ပါတယ်။ အအေးကြောင့်ဖြစ်တဲ့ဒဏ်၊ အပူကြောင့်ဖြစ်တဲ့ဒဏ်တွေကို ခန္ဓာကိုယ်ကြီးကခံရစမြဲဖြစ်တယ်။ အပူဒဏ်ကို ကာကွယ်ရမှာဖြစ်ပေမဲ့ တတ်နိုင်သလောက် သည်းခံပြီးနေသင့်ပါတယ်။ အပူဒဏ်ကို သည်းမခံနိုင်တော့လို့ ရေအေးကို အငမ်းမရသောက်တာ၊ ဒီထက်ဆိုးတာဟာ မျက်နှာသစ်တာ၊ ကိုယ်ပေါ်လောင်းချတာတွေကြောင့် ခန္ဓာကိုယ်မှာ အပူအအေးဆန့်ကျင်ဘက်တိုက်ပွဲဖြစ်ပြီး လေဖြတ်တာတွေ ဖြစ်နိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးရှင့် ကျွန်မအစ်မမှာ သွေးတိုးရောဂါရှိပါတယ်။ သွေးကျဆေးကိုလဲ မနက်အစာစားပြီးတိုင်း မှန်မှန်သောက်ပါတယ်။ မနေ့ကတော့ နေ့ခင်း အပြင်ကပြန်လာပြီး ရေချိုးလိုက်တော့ ရုတ်တရက်ခေါင်းမူးလာလို့ အိမ်မှာဝယ်ထားတဲ့ သွေးပေါင်ချိန်စက်ကလေးနဲ့ ချိန်လိုက်တော့ အပေါ်သွေးပေါင်ချိန် ၁၅၅ နဲ့ အောက်သွေးပေါင်ချိန် ၉၅ တက်နေပါတယ်ရှင့်။ အစ်မကတော့ နေပူထဲကအပြန် ရေချိုးလို့ ဖြစ်တာမဟုတ်ဘူး၊ အပြင်မှာမုန့်ဟင်းခါးစားခဲ့မိလို့ တက်တာထင်တယ်လို့ပြောပါတယ်။ ကျွန်မကတော့ ရေအေးချိုးလို့ ဖြစ်တာထင်ပါတယ်။ နေပူထဲကပြန်လာရင် ရေအေးချိုးလို့ ရပါသလားရှင့်။ ဆရာကြီးရဲ့ အယူအဆကိုသိလိုပါတယ်။**

ဖြေ ။ ။ ရေချိုးတာဟာ တစ်ကိုယ်ရေသန့်ရှင်းမှုဖြစ်လို့ လူတိုင်းနေ့စဉ် လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ရေမချိုးတဲ့နေ့မှာ ကိုယ်လက်မအီမသာဖြစ်တာ၊ စိတ်လက်မပေါ့ပါးတာ၊ မလန်းဆန်းတာတွေ ဖြစ်နိုင်ပါတယ်။ ကိုယ်တွင်းငုပ်နေတဲ့ အခိုးအငွေ့တွေ အပြင်ကို မထွက်ရလို့ ကိုယ်တွင်းအင်္ဂါနဲ့ ဦးခေါင်း၊ မျက်နှာ၊ သွားနဲ့ ခံတွင်း၊ မျက်စိတွေထိပါ အခိုးတွေတက်ပြီး နေမကောင်းဖြစ်တတ်ပါတယ်။ လူတိုင်းနေ့စဉ် ရေချိုးသင့်တယ်ဆိုတာ မှန်ပေမဲ့ အေးတဲ့ရာသီနဲ့ ပူလွန်းတဲ့ရာသီတွေမှာ ရေချိုးမှားဖို့ အထူးသတိပြု ဆင်ခြင်ရမှာဖြစ်ပါတယ်။ သက်ငယ်ပိုင်းတွေအတွက် အရေးမကြီးပေမဲ့ သက်လတ်ပိုင်းနဲ့ လူကြီးပိုင်းတွေမှာ သတိပြုဆင်ခြင် ရေချိုးရမှာဖြစ်ပါတယ်။ အဓိကကတော့ အသက် ၅၀ ကျော်သူတွေနဲ့ သွေးတိုးရောဂါရှိသူတွေ ပိုပြီး သတိထားသင့်ပါတယ်။

**မေး ။ ။ ကျွန်မရဲ့ သမီးလေး ရေကျောက်ပေါက်နေတာ ၁၀ ရက်လောက်ရှိတော့မယ် ဆရာ။ ဆေးခန်းလဲပြထားတယ်ဆရာ။ ပိုးသတ်ဆေးတွေ ပေးလိုက်ပါတယ်။ အခုက ပိုများလာသလိုဖြစ်နေလို့ပါ။ ရေချိုးပေးလို့ရပါသလား။ ဘာတွေလုပ်ပေးသင့်ပါသလဲ။ ကလေးက အသက် နှစ်နှစ်ပါ။**

ဖြေ ။ ။ တမာရွက်ပြုတ်ရည်နဲ့ ရေချိုးလိုက်ပါ။ ရေမချိုးခင် အုန်းသီးအနှ အုန်းစိမ်းရည် တိုက်ရင်ပိုကောင်းပါတယ်။ အဝတိုက်ပါ။ ချော့တိုက်ပါ။ သနပ်ခါးအမြစ်တုံးကို သံပရာရည်နဲ့ ဆားအနည်းငယ်ရောသွေးလိမ်းပါ။ ပုစွန်စာရွက်ကြော်ကျွေးပါ။ ကြက်သွန်ကြော်ကျွေးပါ။ ညနေဘက်မှာ ထန်းလျက်နဲ့ မန်ကျည်းဖျော်ရည်တိုက်ပါ။ ဓာတ်စာအနေနဲ့ ငါးဖယ်အောင်းကြော်ကျွေးပါ။ ဆေးတိုက်ချင်ရင် တိုင်းရင်းဆေးအမှတ်(၂၅) မတဲမြင့်မိုရ်ကုန်းဆေးတိုက်ပါ။ အမှတ်(၁၆)အပူငြိမ်းသွေးဆေးကို ညဘက်မှာတိုက်ပါ။ လေပူကျဆေးလဲ ရှိရင်တိုက်ပါ။

**မေး ။ ။ ကျွန်မရဲ့ သားလေးက အသက် ၈နှစ် နှစ်ပါ။ ချောင်းဆိုးနေတာ တစ်လလောက်ရှိပါပြီ။ တချို့ကလဲ ကြက်ညှာချောင်းဆိုးဖြစ်နေတာ၊ ရက်တစ်ရာပြည့်မှ ပျောက်မယ်လို့ ပြောနေကြပါတယ်။ ကြက်ညှာချောင်းဆိုးဆိုရင် ဘယ်လိုဆေးမျိုးနဲ့ ကုသရမလဲရှင့်။ ဆေးနည်းလေး ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ရက်ရှည်ချောင်းဆိုးရင် ဆားကို ကွမ်းရွက်နဲ့ထုပ်ပြီး သံပြားပေါ်တင် ပြာချပါ။ အဲဒီပြာကို သံပရာရည်နဲ့ ဖျော်လျက်ပေးပါ။ ရင်ဘတ်မှာ မုန်ညင်းဆီ မီးအပူပေးလိမ်းပြီး ကွမ်းရွက်ကပ်ပေးပါ။

**မေး ။ ။ ဆရာခင်ဗျာ ကျွန်တော်က အမျိုးသားဖြစ်ပြီး မျက်နှာမှာ တင်းတိပ်လိုအမည်းကွက်တွေထွက်လာပါတယ်။ ကျွန်တော့် အလုပ်က ညဘက်ယာဆိုင်မှာ ဝိုင်တာဆိုတော့ ဘီယာအနည်းငယ်သောက်တတ်ပါတယ်။ ဆိုင်သိမ်းချိန် ည ၁၀ နာရီနောက်ပိုင်းမှ ညစာစားရပါတယ်။ တချို့ကလဲ ညဥ့်နက်မှ အစားစားရင် မျက်နှာမည်းတယ်ပြောတာ ဟုတ်ပါသလားဆရာ။**

ဖြေ ။ ။ မျက်နှာမည်းတာ၊ တင်းတိပ်ထွက်တာ ညဥ့်နက်မှ အစားစားတာကြောင့်လဲ ပါပါတယ်။ ညနေစောစော အလုပ်မစခင် ညစာစားထားတာကပိုကောင်းပါတယ်။ ရှေးဆေးကျမ်းတွေအဆိုအရ ညအချိန်က အပုပ်ချိန်ဖြစ်တယ်။ ညစာအစားများရင် အပုပ်ဆန့်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ မမှန်၊ ရုပ်မကြည်၊ စိတ်မကြည်၊ ရောဂါပေါင်းစုံဝင်တတ်တယ်။ ည ၈ နာရီနောက်ပိုင်း အစားမစားပါနဲ့။ ည ၁၀ နာရီထက်နောက်ကျမှအိပ်ရင် အကြောတက်ရောဂါဖြစ်တတ်တယ်။ အိပ်ရာဝင်ခါနီး ရေအေးတစ်ဖန်ခွက်သောက်ပေးပါ။ သွေးသန့်ပြီး ရုပ်ရည်ကြည်လင်စေတယ်လို့ မှတ်သားရပါတယ်။

**မေး ။ ။ ဆရာကြီးရှင့် ပူအိုက်တဲ့ရာသီမှာ အိမ်က ကလေးတွေ ရေခဲချောင်း၊ ရေခဲထုပ်တွေ မကြာခဏဝယ်စားကြတယ်။ အခု ကလေးတွေမှာ မိတ်ဖုလို အပူဖုတွေ တစ်ကိုယ်လုံးထွက်ပြီး ယားယံနေပါတယ်။ ကလေးတွေကို ဘယ်လိုဆေးတွေ လိမ်းပေးရမလဲ သိလိုပါတယ်။ လေတိုက်ခံရင်၊ ရေအေးချိုးရင် မိတ်ငုပ်သွားပြီး ဖျားတတ်တယ်လို့ ပြောကြပါတယ်။ အဲဒါမှန်ပါသလားရှင့်။ ရေကို ဘယ်အချိန်မှာ ချိုးပေးရမယ်ဆိုတာ သိလိုပါတယ်။ နောက်တစ်ခုက မိုးရေချိုးရင် မိတ်ပျောက်တယ်ဆိုတာ မှန်ပါသလားရှင့်။ လိုက်နာရမဲ့ အချက်ကလေးတွေ ရှင်းပြပေးပါရှင့်။**

ဖြေ ။ ။ ပူအိုက်တဲ့ရာသီမှာ အအေးကြိုက်ပြီး ရေခဲရေသောက်ရင်၊ ရေခဲမုန့်၊ ရေခဲချောင်းတွေစားရင် အပူငုပ်ပြီး အပူတွေကန်ထွက်လာတယ်။ မိတ်ပျောက်စေတဲ့ နည်းလမ်းတွေကို ပြောပြပေးပါမယ်။

- သနပ်ခါးကို သံပရာရည်နဲ့ ဆားအနည်းငယ်ထည့်ပြီး ရောသွေးပါ။ အဲဒီ သနပ်ခါးကိုလိမ်းပေးရင် ယားနာတွေကို သက်သာစေနိုင်ပါတယ်။
- မိတ်ပေါက်သူတွေ ရေချိုးရင် တမာရွက်ပြုတ်ရည် ဒါမှမဟုတ် ကုက္ကိုရွက်ပြုတ်ရည်နဲ့ချိုးပေးပါ။
- မိတ်အိုင်းခေါ် ယားနာဖုကြီးတွေပေါက်ရင် ရှားစောင်းလက်ပပ်အနှစ်ကပ်ပေးပါ။
- ကင်ပွန်းရွက်ကို ဟင်းချိုချက်သောက်ရင် မိတ်ကိုက်လို့ ယားယံတဲ့ဝေဒနာကို သက်သာစေနိုင်ပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်း လိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကန့်ဘလူမြို့နယ်တွင် လာမည့်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၀၅၁၄ ဧက စိုက်ပျိုးမည်

**ကန့်ဘလူ မေ ၅**

ယခုနှစ် လာမည့်မိုးသီးနှံ စိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် မိုးစပါး ၁၄၀၅၁၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် မိုးစပါး ၁၄၅၁၁၅ ဧက လျာထားပြီး ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ၁၅၂၂၁၄ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ် လာမည့်မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် မိုးစပါး ၁၄၀၅၁၄ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"မနှစ်က ကန့်ဘလူမြို့နယ်မှာ မိုးစပါးကို လျာထားချက်ထက်တိုး စိုက်နိုင်ခဲ့ပါတယ်။ ဒီနှစ် လာမဲ့ မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါး ဧက ၁၄၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မိုးစပါး သတ်မှတ်လျာထားချက် ပြည့်မီအောင် လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးသွားမယ်။ မိုးစပါး စိုက်ပျိုးမှုကတော့ တစ်နှစ်ထက် တစ်နှစ်တိုးလာတဲ့ အနေအထားမှာရှိပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ထို့ပြင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် နွေစပါးဧက ၂၆၇၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၃၀၇၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးစပါး စိုက်ပျိုးမည့်တောင်သူများအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာပေးခြင်းများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ခင်းကိုတွေ့ရစဉ်။

# စလင်းမြို့နယ်ရှိ ကျေးရွာနှစ်ရွာတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**စလင်း မေ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စလင်းမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ နွေကာလတွင် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် လက်ရှိအသုံးပြုနေသော ရေအရင်းအမြစ်များ ပုံမှန်လည်ပတ်သုံးစွဲနိုင်မှု ရှိ၊ မရှိနှင့် စက်ရေတွင်းများ၏ ကြံ့ခိုင်မှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများသည် ဇီးဖြူပင်ကျေးရွာအုပ်စု ရေလဲကျေးရွာနှင့် မကျီးဖျားကျေးရွာအုပ်စု မြင်းခင်းသာကျေးရွာတို့၌ ဌာနကဆောင်ရွက်ခဲ့သော ရေအရင်းအမြစ်များ ပုံမှန်လည်ပတ်သုံးစွဲမှု ရှိ၊ မရှိအခြေအနေနှင့် လက်ရှိသောက်သုံးရေသုံးစွဲနေမှုအခြေအနေများကို သက်ဆိုင်ရာကျေးရွာ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများကို သောက်သုံးရေပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားရန် မှာကြားခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ၉၉ အုပ်စုနှင့် ကျေးရွာ ၄၁၇ ရွာရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဆိုပါကျေးရွာနေပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ဌာန၏ ခွင့်ပြုရန်ပုံငွေများဖြင့်လည်းကောင်း၊ အလှူရှင်လှူဒါန်းမှုများဖြင့်လည်းကောင်း သောက်သုံးရေရရှိရေးလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ကျေးရွာ ၅၄ ရွာ၌ ရေရရှိရေးလုပ်ငန်း ၆၀ ကို ဆောင်ရွက်ပေးနိုင်ခဲ့၍ အိမ်ခြေ ၉၅၃၇ အိမ်နှင့် လူဦးရေ ၄၅၃၈၆ ဦးအတွက် သောက်သုံးရေဖူလုံစွာ ရရှိနေကြောင်း စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

## ကိုဗစ်ရောဂါ ကင်းဝေးဖို့ ထပ်လောင်းကာကွယ်ဆေးထိုးစို့

- တစ်ဖန်ဖြန့်ကြက် နိုးထလာ
ကိုဗစ်ကပ်ရောဂါ
ဗီဇကွဲကာ သူ့ကောက်ကြောင်း
အမျိုးမျိုး အသွင်ပြောင်း။

- ပျံ့နှံ့ထပ်လောင်း ကူးစက်မြန်
မပေါ့ဆကြရန်
ကိုယ်ခံအားတွေ မြှင့်စေရေး
ကိုယ်စီ ဖြည့်တင်းပေး။

- လူစုလူဝေး ဆုံရင်းသာ
ကျော်လွှား ယှဉ်တွဲကာ
မတတ်သာလို့ သွားလာရ
မက်တွေ တပ်ထားမှ။

- အာဟာရလဲ ပြည့်ဝစွာ
မြှင့်တင်နေရမှာ
ကာကွယ်လိုက်နာ အလေးပေး
တစ်ကိုယ်ရေ သန့်ရှင်းရေး။

- တွေးချင့်မှတ်စွဲ ဝိုင်းဝန်းညီ
သတိပြုရင်း ကိုယ်စီ
ကျောခိုင်းသွေဖည် မူအလေ့
ရှောင်ရှား စွဲမှတ်စေ့။

- ပေါ့ဆနေ၍ မရပါ
အလေးထားရင်းသာ
လှုပ်ရှားသွားလာ ချိန်မဆိုင်း
ထိန်းချုပ် ရောဂါလှိုင်း။

- ချောက်ချားအံ့မှိုင်း တွေးစိတ်ပို
မတုန်လှုပ်စေလို
ကြိုတင်ကာကွယ် နည်းလမ်းက
အန်တုနိုင်စွ ထိရောက်စွ
ကာကွယ်ဆေးတွေ တိတိကျ
ခြောက်လ ထပ်ဆောင်း ထိုးနှံမှ
ကိုဗစ်လှိုင်းဘေး ဝေးမည်ပ။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## နိုင်ငံတကာ သတင်းများ

# အီတလီနိုင်ငံခြားရေးဝန်ကြီး တာဂျာနီ ပြင်သစ်ခရီးစဉ် ဖျက်သိမ်း

**ရောမ မေ ၅**

အီတလီဝန်ကြီးချုပ် ဂျော်ဂျီယာ မီလိုနီကို ပြင်သစ်ပြည်ထဲရေးဝန်ကြီးက ဝေဖန်ခဲ့ပြီးနောက် အီတလီနိုင်ငံခြားရေးဝန်ကြီး အန်တိုနီယိုတာဂျာနီသည် မေ ၄ ရက်တွင် သွားရောက်မည့် ပြင်သစ်ခရီးစဉ်ကို ဖျက်သိမ်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြင်သစ် ပြည်ထဲရေးဝန်ကြီးအနေဖြင့် အီတလီနိုင်ငံနှင့် ဝန်ကြီးချုပ်တို့ကို စော်ကားခဲ့မှုကြောင့် မိမိအနေဖြင့် ပြင်သစ်ခရီးစဉ်ကို ဖျက်သိမ်းလိုက်ပြီ ဖြစ်ကြောင်း အီတလီ နိုင်ငံခြားရေးဝန်ကြီး တာဂျာနီက ကြေညာချက်ထုတ်ပြန်ထားသည်။

အီတလီဝန်ကြီးချုပ် မီလိုနီကိုသည် ၎င်း၏ ရွေးကောက်ပွဲ ကတိကဝတ်အတိုင်း လူဝင်မှုပြဿနာကို ဖြေရှင်းပေးနိုင်မှုမရှိခဲ့ဘဲ မဲဆန္ဒရှင်များကို လိမ်ညာခဲ့ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး ဂျရယ်ဒါမာနင်က မေ ၄ ရက်တွင် ပြောကြားခဲ့သည်။

ထိုကဲ့သို့ ပြင်သစ်ပြည်ထဲရေးဝန်ကြီး ဝေဖန်ခဲ့ပြီးနောက် ပြင်သစ်အစိုးရက ကြေညာချက်တစ်စောင် ထုတ်ပြန်၍ အီတလီနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း အီတလီအစိုးရကို အာမခံချက်ပေးခဲ့သော်လည်း အီတလီနိုင်ငံခြားရေးဝန်ကြီးက ပြင်သစ်ခရီးစဉ်ကို ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အီတလီ ဝန်ကြီးချုပ်ရာထူးကို အမျိုးသမီးနိုင်ငံရေးခေါင်းဆောင် မီလိုနီရယူခဲ့ပြီးနောက်တွင် အီတလီနိုင်ငံသားရွှေ့ပြောင်းဝင်ရောက်သူများ ဝင်ရောက်မှုနှုန်းမြင့်တက်လာမှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။ KKO

# အိန္ဒိယ၊ ရုရှားနှင့် ပါကစ္စတန်တို့က အမျိုးသမီးများ အခွင့်အရေးကိုကာကွယ်ပေးရန် တာလီဘန်ကို တိုက်တွန်း

**ဂိုအာ မေ ၅**

နိုင်ငံကို ကိုယ်စားပြုနိုင်သော အစိုးရအဖွဲ့ ဖွဲ့စည်းရန်နှင့် အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်ရန် အိန္ဒိယ၊ ရုရှားနှင့် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးများက အာဖဂန်နစ္စတန်တာလီဘန်အဖွဲ့ကို ယနေ့တွင် တိုက်တွန်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ ဂိုအာပြည်နယ်၌ ကျင်းပသော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အက်စ်စီအို) အစည်းအဝေးတွင် အိန္ဒိယ၊ ရုရှားနှင့်ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးများသည် အာဖဂန်ပြဿနာနှင့် ပတ်သက်၍ ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

အာဖဂန်နစ္စတန်၌ ပေါ်ထွက်နေသည့်ဖြစ်စဉ်များကို မိမိတို့ သတိထား စောင့်ကြည့်နေဆဲဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဖဂန်ပြည်သူများ၏ ကောင်းကျိုးအတွက် အဓိကထား ကြိုးပမ်းသင့်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်ဂျိုင်ရှန်ကာက အက်စ်စီအို အစည်းအဝေး၌ ပြောကြားခဲ့သည်။


အာဖဂန်တာလီဘန်အဖွဲ့သည် အမေရိကန်တပ်များကို နှစ် ၂၀ ကြာပုန်ကန်ပြီးနောက် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် အာဖဂန်နစ္စတန်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

အာဖဂန်တာလီဘန် ခေါင်းဆောင်များအနေဖြင့် ၎င်းတို့၏ ကတိအတိုင်းအားလုံးပါဝင်မှုရှိသည့် အစိုးရအဖွဲ့တစ်ရပ်ဖွဲ့စည်းရေးကို အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု မိမိမျှော်လင့်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်ကလည်း ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အာဖဂန်နစ္စတန်နိုင်ငံသည် စီးပွားရေး၊ လူမှုဒုက္ခ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသဖြင့် အာဖဂန်နစ္စတန်နိုင်ငံ တည်ငြိမ်ရေးမှာ ဒေသတွင်းနိုင်ငံများအတွက် အရေးကြီးသည့် ကိစ္စတစ်ရပ် ဖြစ်လာကြောင်း သိရသည်။ KKO



# အီရန်သမ္မတရိုင်ဆီနှင့် ဆီးရီးယားသမ္မတ အာဆတ်တို့ ပူးပေါင်းဆောင်ရွက်ရေး နှစ်ရှည်သဘောတူညီချက်များ လက်မှတ်ရေးထိုး



**ဒမတ်စကတ် မေ ၅**

အီရန်သမ္မတ အက်ဘရာဟင် ရိုင်ဆီနှင့် ဆီးရီးယားသမ္မတ အာဆတ်တို့သည် နှစ်နိုင်ငံကြား စီးပွားရေးဆက်ဆံမှုကို မြှင့်တင်ရေးအတွက် ရေနံလုပ်ငန်းနယ်ပယ်အပါအဝင် နယ်ပယ်အများအပြားတွင် ပူးပေါင်းဆောင်ရွက်ရေး နှစ်ရှည်သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အီရန်သမ္မတ ရိုင်ဆီသည် နှစ်ရက်ကြာခရီးစဉ်အဖြစ် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တော်သို့ ရောက်ရှိခဲ့သည့် မေ ၃ ရက်မှာပင် ဆီးရီးယားသမ္မတ အာဆတ်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးစဉ်သည် ဆီးရီးယားပြည်တွင်းစစ်စတင်ချိန် ၂၀၁၁ ခုနှစ်နောက်ပိုင်း အီရန်ခေါင်းဆောင်တစ်ဦး၏ပထမဆုံး ဆီးရီးယားခရီးစဉ်ဖြစ်သည်။

မေ ၃ ရက် ဆွေးနွေးပွဲအပြီးတွင် သမ္မတရိုင်ဆီနှင့် သမ္မတအာဆတ်တို့သည် ရေနံနှင့်စိုက်ပျိုးရေးနယ်ပယ်များ အပါအဝင် နယ်ပယ် အများအပြားအတွက် သဘောတူညီချက်နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဆီးရီးယားအစိုးရ မီဒီယာများက မေ ၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အီရန်သမ္မတရိုင်ဆီသည် မေ ၄ ရက်တွင် ဒမတ်စကတ်မြို့၌ ဂါဇာကမ်းမြောင်အခြေစိုက် ဟားမားစ်အုပ်စု ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အီရန်နိုင်ငံသည် အစ္စရေးနှင့် ပဋိပက္ခများ ဖြစ်ပွားလေ့ရှိသည့် ပါလက်စတိုင်းလက်နက်ကိုင်အုပ်စုများကို အဓိကအားပေးထောက်ခံနေသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

KKO


# တရုတ်နိုင်ငံနှင့်လာအိုနိုင်ငံတို့ ပူးတွဲစစ်ရေးလေ့ကျင့်မည်

**ပေကျင်း မေ ၅**

အိမ်နီးချင်း ကုန်းတွင်းပိတ်နိုင်ငံတစ်နိုင်ငံဖြစ်သည့် လာအိုနိုင်ငံနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရန် တရုတ်နိုင်ငံက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချစ်ကြည်ရေးဒိုင်း ၂၀၂၃ အမည်ရှိ အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ပီအယ်လ်အေ)၏ တောင်ပိုင်းစစ်ဒေသ စစ်ဌာနချုပ်မှ တပ်ဖွဲ့ဝင်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မေ ၉ ရက်မှ ၂၈ ရက်ထိ ပြုလုပ်မည့် အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် တရုတ်တပ်ဖွဲ့ဝင် ၂၀၀ ကျော်အပါအဝင် တပ်ဖွဲ့ဝင်အင်အား ၉၀၀ ကျော် ပါဝင်မည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။




တရုတ်နိုင်ငံနှင့်လာအိုနိုင်ငံတို့သည် ယခင်က လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းပူးတွဲလေ့ကျင့်မှုများကိုသာ အဓိကထား ပြုလုပ်ခဲ့ကြသည်။

တရုတ်နိုင်ငံသည် အရှေ့တောင်အာရှ၌ အမေရိကန်နိုင်ငံ၏ နေရာရယူလာမှုကို တုံ့ပြန်သည့်အနေဖြင့် ဒေသတွင်း မဟာမိတ်နိုင်ငံများနှင့် လုံခြုံရေးဆက်ဆံမှုများ မြှင့်တင်လျက်ရှိသည်။

ထို့ပြင် တရုတ်စစ်ဘက်သည် ယခုနှစ်အတွင်း ကမ္ဘောဒီးယားရေတပ်နှင့်အတူ ကမ္ဘောဒီးယားရေပြင်အတွင်း၌ ပထမဆုံးအကြိမ်အဖြစ် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

KKO

# ဆားဘီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့၌ နှစ်ရက်အတွင်း ဒုတိယအကြိမ် သေနတ်ပစ်ခတ်မှုဖြစ်ပွား လူ ရှစ်ဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာရရှိ

**ဘဲလ်ဂရိတ် မေ ၅**

ဆားဘီးယားနိုင်ငံ၌ နှစ်ရက်တာကာလအတွင်း ဒုတိယမြောက် လူအစုလိုက်အပြုံလိုက် သေနတ်ပစ်ခတ်ခံရမှုဖြစ်ပွားခဲ့ရာ လူရှစ်ဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာများရရှိခဲ့သည်ဟု ရိုက်တာသတင်းဌာနက မေ ၄ ရက်တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ သေနတ်ပစ်ခတ်မှုသည် ဘဲလ်ဂရိတ်မြို့တောင်ဘက် ၂၆ မိုင်အကွာတွင် တည်ရှိသည့် ကျေးရွာတစ်ရွာ၌ မေ ၄ ရက်ညပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေနတ်ပစ်ခတ်မှု ကျူးလွန်ခဲ့သူမှာ လူငယ်တစ်ဦးဖြစ်ပြီး ၎င်း၏ ပစ်ခတ်မှုကြောင့် ရှစ်ဦးသေဆုံး၍ ၁၄ ဦး ဒဏ်ရာများရခဲ့ကြောင်း ဆားဘီးယား ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ သေနတ်ပစ်ခတ်မှုသည် ၁၄ နှစ်သား ကျောင်းသားတစ်ဦး၏ ဘဲလ်ဂရိတ်စာသင်ကျောင်းတစ်ကျောင်း၌ ကျောင်းသား ရှစ်ဦးနှင့် လုံခြုံရေးတစ်ဦး သေဆုံးခဲ့ပြီး တစ်ရက်အကြာတွင် ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မေ ၄ ရက် သေနတ်ပစ်ခတ်မှု ကျူးလွန်ခဲ့သော လူငယ်ကို ဆားဘီးယားရဲတပ်ဖွဲ့က ယင်းနေ့မှာပင် လက်ရဖမ်းဆီးနိုင်ခဲ့သည်။

အဆိုပါ သေနတ်ပစ်ခတ်မှုကို ဆားဘီးယားသမ္မတ အလက်ဇန်းဒါးဗူဆစ်က အကြမ်းဖက်တိုက်ခိုက်မှုအဖြစ် ဝေဖန်ခဲ့ပြီး ပိုမိုတင်းကျပ်သည့် လက်နက်ကိုင်ဆောင်မှု ထိန်းချုပ်ရေး စည်းမျဉ်းများကို ကြေညာခဲ့ကြောင်း သိရသည်။

KKO

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## Lockheed Martin က အမေရိကန်နှင့် မဟာမိတ်များအတွက် F-35 တိုက်လေယာဉ် ၁၂၆ စင်း ထုတ်လုပ်ရန်သဘောတူ



Lockheed Martin သည် F-35 Lightning II ဘက်စုံသုံးတိုက်လေယာဉ် ၁၂၆ စင်းကို အမေရိကန်နှင့် ၎င်း၏မဟာမိတ်များအတွက် ၂၀၂၆ ခုနှစ် ဩဂုတ်လတွင် ထုတ်လုပ်ရန်အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံစာချုပ်ကို လက်ခံရရှိခဲ့သည်။

စာချုပ်ပါကြေညာချက်အရ အဆိုပါ မှာယူမှုတိုက်လေယာဉ် ၁၂၆ စင်းအနက် ၈၁ စင်းသည် F-35A ဖွဲ့စည်းမှုပုံစံဖြင့် နိုင်ငံအသီးသီးသို့ ပို့ဆောင်ပေးသွားမည်ဖြစ်သည်။ ၎င်းပို့ဆောင်မှုတွင် F-35A တိုက်လေယာဉ် ၄၃ စင်း၊ ဖင်လန်နိုင်ငံသို့ ရှစ်စင်း၊ အီတလီနိုင်ငံသို့ ခုနစ်စင်း၊ နယ်သာလန်နှင့် ပိုလန်နိုင်ငံတို့သို့ ခြောက်စင်းစီ လွှဲပြောင်း ပေးအပ်သွားမည်ဖြစ်သည်။ ဂျပန်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့သည် တစ်နိုင်ငံလျှင် တိုက်လေယာဉ်လေးစင်းစီ လက်ခံရရှိမည်ဖြစ်ပြီး ဒိန်းမတ်အစိုးရသည် သုံးစင်း အသီးသီးလက်ခံရရှိကြမည်ဖြစ်သည်။

Lockheed Martin သည် F-35B ဗားရှင်းအမျိုးအစား တိုက်လေယာဉ် ၂၆ စင်းထုတ်လုပ်မည်ဖြစ်ပြီး ၎င်းတို့အနက် ၁၅ စင်းကို အမေရိကန်မရိန်းတပ်ဖွဲ့၊ ဗြိတိန်နိုင်ငံသို့ ခုနစ်စင်း၊ အီတလီနိုင်ငံသို့နှစ်စင်း၊ ဂျပန်နိုင်ငံသို့ နှစ်စင်းစီ ဖြန့်ခွဲပေးသွားမည်လည်းဖြစ်သည်။ ကျန် F-35 ၁၉ စင်းသည် C ဖွဲ့စည်းမှုပုံစံအောက်တွင် ထုတ်လုပ်သွားမည်ဖြစ်ပြီး အမေရိကန်ရေတပ်နှင့် မရိန်းတပ်ဖွဲ့များသို့ ပေးပို့သွားမည်ဖြစ်သည်။

ဘက်စုံသုံးတိုက်လေယာဉ်များအပြင် ကုမ္ပဏီသည် ထုတ်လုပ်မှုအရင်းအမြစ်များ ပေါင်းစပ်မှု၊ ဆော့ဖ်ဝဲဒေတာထည့်သွင်းမှု၊ အရေးကြီးသော ဘေးကင်းလုံခြုံရေးဆက်စပ်ပစ္စည်းများနှင့် အနီရောင်ဂီယာများ(Check Engine Light ၏ ဂီယာဗားရှင်း)စသည်တို့ကို လေထုစနစ်အပူချိန်လျှော့ပါးသက်သာစေရန် အမေရိကန်နှင့် ၎င်း၏ နိုင်ငံတကာမဟာမိတ်များအတွက် ပံ့ပိုးပေးမည်ဖြစ်သည်။

F-35 သည် အမေရိကန်လေတပ်၊ ရေတပ်နှင့် မရိန်းတပ်ဖွဲ့အတွက် တီထွင်ထုတ်လုပ်ထားသည့် ပဥ္စမမျိုးဆက်တိုက်လေယာဉ်ဖြစ်သည်။ အဆင့်မြင့်ပေါင်းစပ်လေကြောင်းပျံသန်းရေးနည်းပညာများ တပ်ဆင်အသုံးပြုထားပြီး လေယာဉ်သည် ခေတ်သစ်လေကြောင်းခြိမ်းခြောက်မှု ပတ်ဝန်းကျင်တွင် စစ်ဘက်လေယာဉ်မှူးများကို ရပ်တည်ရှင်သန်နိုင်စေမည့် ပိုမိုကောင်းမွန်သောအခြေအနေဆိုင်ရာသတိပေးနိုင်မှုကို ပံ့ပိုးပေးထားသည်။

၎င်းသည် အလေးချိန်ပေါင် ၁၈၀၀၀ ရှိ Payload တင်ဆောင်နိုင်စွမ်းနှင့်အတူ အမြင့်ဆုံးအလျင်နှုန်း Mach 1.6 ဖြင့် ပျံသန်းတိုက်ပွဲဝင်နိုင်သည်။

F-35 သည် လမ်းညွှန်ချက်များနှင့် သတိပေးချက်များ၊ အမိန့်ပေးမှုနှင့်ထိန်းချုပ်မှု၊ ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းမှုနှင့် ကင်းထောက်ခြင်းတို့ တာဝန်ထမ်းဆောင်နိုင်သော စွယ်စုံရအဆင့်မြင့် ကိုယ်ပျောက် တိုက်လေယာဉ်လည်းဖြစ်သည်။ F-35 တိုက်လေယာဉ်တွင်ပိုင်ဆိုင်ထားသော အမြန်အလှန်လည်ပတ်နိုင်မှုနှင့် ကွန်ရက်ချိတ်ဆက်လုပ်ဆောင်နိုင်ခြင်း၏ အားသာချက်များကြောင့် မဟာမိတ်များနှင့် မိတ်ဖက်များကြား တွင်ကျယ်စွာအသုံးပြုနေနိုင်ခြင်းသည် NATO အဖွဲ့၏ ရန်သူအတွက်ထိုးနှက်ချက်တစ်ရပ်ဖြစ်ကြောင်း NATO မဟာမိတ်အဖွဲ့အကြီးအကဲဟောင်း Tod D. Wolters က ပြောကြားခဲ့သည်။

**Lockheed to Produce 126 F-35s for US, Allies in $7.8B Deal ကို ဘာသာပြန်ဆိုထားပါသည်။**

## အဆင့်မြှင့်တင်ထားသည့် FAB-250 ဗုံးက တိကျမှုမြင့်မားသောစမတ်ဗုံးအမျိုးအစားဖြစ်သည်ဟု ရုရှားပြော

ရုရှားလေကြောင်းနှင့် အာကာသတပ်ဖွဲ့နှင့်အတူ ဖြန့်ကြက်အသုံးပြုနေသည့် FAB-250 ဗုံးများကို လေယာဉ်တောင်ပံများပေါ်တွင် သယ်ဆောင်အသုံးပြုနိုင်ပြီး လမ်းကြောင်းပြစနစ်တပ်ဆင်အသုံးပြုထားကြောင်းနှင့် ၎င်းတို့ကိုတိကျမှုမြင့်မားသော စမတ်ဗုံးအမျိုးအစားဖြစ်ကြောင်း စစ်ဘက်-စက်မှုဌာနမှ သတင်းရင်းမြစ်တစ်ခုက မေ ၃ ရက်တွင် TASS သတင်းဌာနသို့ ပြောကြားခဲ့သည်။

FAB-250 ဗုံးများကို လေယာဉ်တောင်ပံများပေါ်တွင် တပ်ဆင်အသုံးပြုထားပြီး Inertial Navigation System ထည့်သွင်းအသုံးပြုထားသည်။ တစ်နာရီလျှင် ကီလိုမီတာ ၈၀၀ မှ ၉၀၀ အမြန်နှုန်းဖြင့် ပျံသန်းသယ်ဆောင်လာသော လေယာဉ်မှပစ်လွှတ်နိုင်ပြီး ဗုံးသည် ကီလိုမီတာ ၈၀ အကွာရှိ ပစ်မှတ်ဆီသို့ ဦးတည်တိုက်ခိုက်နိုင်ကြောင်း သတင်းရင်းမြစ်က ဆိုသည်။

အဆိုပါပဲ့ထိန်းဗုံးများကို ယူကရိန်းအထူးစစ်ဆင်ရေးတွင် Sukhoi-34 ဘက်စုံသုံးဗုံးကြဲလေယာဉ်များ၌ သယ်ဆောင်တိုက်ပွဲဝင်လျက်ရှိကြောင်း သိရသည်။ TASS သတင်းဌာနအနေဖြင့် အဆိုပါသတင်းအချက်အလက်အပေါ် အတည်ပြုနိုင်ခြင်းမရှိပေ။

FAB-250 ဗုံးသည်ပေါက်ကွဲမှုမြင့်မားသောထိပ်ဖူးပါရှိသည့် ကီလိုဂရမ် ၂၅၀ ရှိသော ဆိုဗီယက်ခေတ်ထုတ် လေတပ်သုံးစမတ်ဗုံးအမျိုးအစားဖြစ်သည်။ ရုရှားလေယာဉ်များ၊ ယခင်ဆိုဗီယက်သမ္မတနိုင်ငံများ၏ လေတပ်များမှလေယာဉ်များနှင့် နိုင်ငံခြားဖောက်သည်နိုင်ငံတချို့တို့ အဓိက အသုံးပြုလျက်ရှိကြသည်။ အထူးသဖြင့် အာရှနှင့် အာဖရိကတိုက်များရှိ ပဋိပက္ခဖြစ်ပွားမှုများတွင် အဆိုပါစမတ်ဗုံးကို အသုံးပြုတိုက်ပွဲဝင်ခဲ့ကြသည်။

ကနဦးစတင်ထုတ်လုပ်စဉ်က ပဲ့ထိန်းမဲ့ဗုံးဖြစ်ပြီး ဆိုဗီယက်ခေတ်ထုတ်လေယာဉ်အများအပြားတွင် တပ်ဆင်အသုံးပြုနိုင်သည်။ FAB-250 ဗုံးကို ၁၉၈၀ ပြည့်နှစ်များအတွင်း ဆိုဗီယက်နှင့်မဟာမိတ်အာဖဂန်နစ္စတန်နိုင်ငံတပ်ဖွဲ့များက အာဖဂန်နစ္စတန်တွင် အများအပြားအသုံးပြုခဲ့သည်။ FAB-250 ကို မကြာသေးမီက ဆီးရီးယားတွင် ရုရှားနှင့် ဆီးရီးယားစစ်လေယာဉ်နှစ်မျိုးစလုံးတွင် အသုံးပြုခဲ့ပြီး အီသီယိုးပီးယားနိုင်ငံကလည်း Tigray တိုက်ပွဲအတွင်း အသုံးပြုခဲ့သည်။

ယခုအခါ FAB-250 ဗုံးများကို FAB-500 တွင်အသုံးပြုသည့် ပုံစံတူများဖြစ်သည့် Planning and Correction Modules (UMPC) ယူနစ်များတပ်ဆင်အသုံးပြုထားသည်။ FAB-250 သည် FAB-500 ထက်ပိုမိုပေါ့ပါးပြီးလေခွင်းအားမြင့်မားကာ အဖျက်စွမ်းအားနည်းပါးသည်။



သို့သော် အကွာအဝေးစွမ်းဆောင်ရည်မြင့်မားကောင်းမွန်သည်။ ပစ်မှတ်ကို ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် Detonation mechanism အနေဖြင့် Impact fuse ကို အသုံးပြုထားသည်။

**Upgraded FAB-250 bomb is high-accuracy ammunition — source ကို ဘာသာပြန်ဆိုထားပါသည်။**

## ကရင်မလင်ကိုတိုက်ခိုက်ခြင်းက ရုရှားနိုင်ငံသားအားလုံးကိုပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်သည်ဟု ထိပ်တန်းလွှတ်တော်အမတ်တစ်ဦးပြော



ကရင်မလင်နန်းတော်ကို ဒရုန်းတိုက်ခိုက်မှု၊ အခြေခံအဆောက်အအုံများနှင့် မီးရထားလမ်းများတွင် ဖျက်ဆီးမှုလုပ်ရပ်များသည် ရုရှားလူ့အဖွဲ့အစည်းကို အမြင့်ဆုံးစုစည်းရန်လိုအပ်သည့် ယူကရိန်းအာဏာပိုင်များ၏ အကြမ်းဖက်ဝါဒသရုပ်လက္ခဏာများဖြစ်ကြောင်း ရုရှားထိပ်တန်းလွှတ်တော်အမတ်တစ်ဦးက မေ ၄ ရက်တွင် ပြောကြားခဲ့သည်။

"ကရိုင်းမီးယားတံတားနဲ့ ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုတွေအပါအဝင် ကရင်မလင်နန်းတော်ကို တိုက်ခိုက်တာ၊ နိုင်ငံရေးခေါင်းဆောင်တွေကို လုပ်ကြံသတ်ဖြတ်ဖို့ကြိုးပမ်းတာတွေ၊ ရထားလမ်းတွေ၊ လျှပ်စစ်ဓာတ်အားလိုင်းတွေနဲ့ အခြေခံအဆောက်အအုံမှာ ဖျက်ဆီးမှုတွေဟာ ယူကရိန်းအစိုးရနဲ့ သူ့ကိုပံ့ပိုးကူညီသူတွေရဲ့ အကြမ်းဖက်လှုပ်ရှားမှုတွေ၊ ပကတိဖြစ်ရပ်မှန်တွေပဲဖြစ်ပါတယ်"ဟု State Duma သို့မဟုတ် ရုရှားပါလီမန် အောက်လွှတ်တော်ရှိ အာဏာရ United Russia ပါတီအဖွဲ့ခွဲခေါင်းဆောင် ဗလာဒီမာဗာစီလီယက်ဗ်က Telegram ချန်နယ်တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် အချုပ်အခြာအာဏာပိုင်လမ်းကြောင်းကို စတင်လျှောက်လှမ်းခဲ့သည့်နှစ်များအတွင်း အကြမ်းဖက်ဝါဒကို ချေမှုန်းနိုင်သည့်အတွေ့အကြုံများရှိသည်ဟု လွှတ်တော်အမတ်က ပြောကြားသည်။

"ဒီနေ့မှာတော့ အကြမ်းဖက်ဝါဒက ခေါင်းပြန်ထောင်လာပြီး ရုရှားရဲ့နှလုံးသားကို ပစ်မှတ်ထားတိုက်ခိုက်နေပါတယ်။ သမ္မတကိုပစ်မှတ်ထားတိုက်ခိုက်တာက ကျွန်တော်တို့တစ်ယောက်ချင်းစီကို ပစ်မှတ်ထားတိုက်ခိုက်နေတာဖြစ်ပါတယ်။ သူတို့ကိုတားဆီးဖို့အတွက် အမြင့်ဆုံးစုစည်းတာ၊သတိရှိတာ၊ တရားဥပဒေစိုးမိုးရေး အေဂျင်စီတွေနဲ့ ပူးပေါင်းဆောင်ရွက်တာ၊ အထူးဝန်ဆောင်တာတွေလိုအပ်ပါတယ်။ အရေးကြီးဆုံးကတော့ ကျွန်တော်တို့အားလုံး အမိမြေနဲ့ သမ္မတကို ကာကွယ်ရမယ်ဆိုတဲ့ သိရှိနားလည်မှုပါပဲ" ဟု၎င်းက ပြောကြားသည်။

မေ ၃ ရက်ညပိုင်းက သမ္မတ၏ကရင်မလင်နန်းတော်နေအိမ်ကို ဒရုန်းနှစ်စင်းက တိုက်ခိုက်ရန်ကြိုးပမ်းခဲ့ရာ ရုရှားစစ်ဘက်နှင့် အထူးတပ်ဖွဲ့များက ၎င်းတို့ကိုချက်ချင်းပစ်ချဖျက်ဆီးနိုင်ခဲ့သည်။ အချင်းဖြစ်ပွားပြီးနောက် ရုရှားစုံစမ်းစစ်ဆေးရေးကော်မတီက ထိုဖြစ်စဉ်အကြမ်းဖက်လုပ်ရပ်ဖြင့် အမှုဖွင့်အရေးယူထားသည်။

**Attacks on Russian president target all Russian citizens, says senior MP ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး




## ပရီးမီးယားလိဂ် ပွဲစဉ် (၃၅) ပွဲကြိုသုံးသပ်ချက်

M L

**ဝက်စ်ဟမ်း Vs မန်ယူ**

**ကစားမည့်ရက်/အချိန် ၈-၅-၂၀၂၃ (နံနက် ၀၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**မန်ယူ ၃ - ၁ ဝက်စ်ဟမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | – | အိမ်(ရှုံး) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| မန်ယူ | – | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(ရှုံး) |

သုံးပွဲဆက်နိုင်ပွဲမရခဲ့တဲ့ ဝက်စ်ဟမ်းအသင်းက တန်းဆင်ဇုန်ဖိအားရှိနေတာကြောင့် အခုအိမ်ကွင်းပွဲစဉ်ကို အနိုင်ရဖို့ တိုက်စစ်မြင့်ဖိအားပေးလာမှာပါ။ မန်ယူအသင်းကတော့ စုပွဲ့မှုကောင်းပေမဲ့ အဝေးကွင်းခံစစ်ပိုင်းတည်ငြိမ်မှုမရှိတာကြောင့် ဝက်စ်ဟမ်းအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ဝက်စ်ဟမ်းအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဝက်စ်ဟမ်း ၂ – ၁ မန်ယူ**

## အီတလီစီးရီးအေ ပွဲစဉ် (၃၄) ပွဲကြိုသုံးသပ်ချက်များ

M L

**အမ်ပိုလီ Vs ဆလာနီတာနာ**

**ကစားမည့်ရက်/အချိန် ၈-၅-၂၀၂၃ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**ဆလာနီတာနာ ၂ – ၂ အမ်ပိုလီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | – | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |
| ဆလာနီတာနာ | – | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(သရေ) |

အမ်ပိုလီအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ နိုင်ပွဲရခဲ့တာကြောင့် တန်းဆင်ဇုန်ဖိအားက လွတ်မြောက်ခဲ့ပေမဲ့ စိတ်ချရတဲ့အခြေအနေမှာမရှိသေးပါဘူး။ ဆလာနီတာနာကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းထက်မြက်လာပေမဲ့ အဝေးကွင်းခံစစ်ပိုင်းက ပေးဂိုးများနေဆဲဖြစ်ပါတယ်။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံမှု အသာရနေတဲ့ အမ်ပိုလီအသင်း အိမ်ကွင်းမှာ ရမှတ်ပြည့်ရယူနိုင်မှာပါ။

**အင်တာနက်ခန့်မှန်း – အမ်ပိုလီ ၂ – ၁ ဆလာနီတာနာ**

**အတ္တလန်တာ Vs ဂျူဗင်တပ်**

**ကစားမည့်ရက်/အချိန် ၇-၅-၂၀၂၃ (ညနေ ၀၅း၀၀နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**ဂျူဗင်တပ် ၃ – ၃ အတ္တလန်တာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | – | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |
| ဂျူဗင်တပ် | – | ဝေး(ရှုံး) | ဝေး(သရေ) | အိမ်(နိုင်) |

နှစ်သင်းစလုံး ချန်ပီယံလိဂ်ဝင်ခွင့်သေချာဖို့ အကြိတ်အနယ်ယှဉ်ပြိုင်နေရပေမဲ့ အတ္တလန်တာအသင်းက အိမ်ကွင်းကစားပုံထက်မြက်ပြီး နောက်ဆုံးသုံးပွဲမှာ တိုက်စစ်က ရှစ်ဂိုးထိရခဲ့တာဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းကတော့ အဝေးကွင်းကစားပုံကျဆင်းနေတာကြောင့် အဝေးကွင်းသုံးပွဲဆက်နိုင်ပွဲမရဘဲ ခံစစ်က ပွဲတိုင်းပေးဂိုးရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် တိုက်စစ်ထက်မြက်တဲ့ အတ္တလန်တာပဲ နိုင်ပွဲရသွားမှာပါ။

**အင်တာနက်ခန့်မှန်း – အတ္တလန်တာ ၂ – ၀ ဂျူဗင်တပ်**

### အားကစားသတင်း အတိုအထွာများ

- တိုက်စစ်မှူး စီရော်နယ်ဒိုကိုခေါ်ယူမည့်အစား နေမာကိုသာ ခေါ်ယူရန်ဆုံးဖြတ်ထားကြောင်း နယူးကာဆယ်အသင်းက ထုတ်ပြန်ခဲ့သည်။
- ပီအက်စ်ဂျီအသင်းက ယူအီးအက်ဖ်အေ၏ FFP စည်းမျဉ်းနှင့် ကိုက်ညီမှုရှိစေရန်အတွက် ခံစစ်ကစားသမား ဟာကီမီကို လာမည့်အပြောင်းအရွှေ့တွင် ရောင်းချမည်ဟု ပြောကြားခဲ့သည်။

ML

## နာပိုလီအသင်းက ၃၃ နှစ်ကြာဝေးကွာခဲ့သည့် စီးရီးအေချန်ပီယံဆုဖလားဆွတ်ခူးရရှိ




**ရောမ မေ ၅**

စီးရီးအေ အမှတ်ပေးပွဲစဉ် (၃၃) အပြီးတွင် နာပိုလီအသင်းက အူဒီးနီးစ်အသင်းကို တစ်ဖက်တစ်ဂိုးစီဖြင့် သရေတစ်မှတ် ရရှိအောင် ကစားနိုင်ခဲ့သောကြောင့် နှစ်ပေါင်း ၃၃ နှစ်အကြာတွင် ပထမဆုံးအကြိမ် စီးရီးအေ ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နာပိုလီအသင်းသည် အမှတ်ပေးပွဲစဉ် (၃၃) အပြီးတွင် ရမှတ် ၈၀ ထိရရှိခဲ့ကာ ဒုတိယနေရာမှာ ရမှတ် ၆၄ မှတ်ရရှိထားသည့် လာဇီယိုအသင်းကို ၁၆ မှတ်ထိ ဖြတ်တောက် နိုင်ခဲ့သောကြောင့် လက်ကျန်ပွဲကစားရန် ငါးပွဲအလိုတွင် ချန်ပီယံဆုရရှိခဲ့ပြီး အသင်းသမိုင်းတစ်လျှောက်တွင် နှစ်ပေါင်း ၃၃ နှစ်ကြာ ဝေးကွာနေသည့် အမှတ်ပေးဖလားကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဘောလုံးရာသီတွင် နည်းပြစပယ်လက်တီ၏ နာပိုလီအသင်းသည် ပြိုင်ပွဲစုံတွင် ရလဒ်ကောင်းများ ပိုင်ဆိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အေစီမီလန်အသင်းကို ရှုံးနိမ့်၍ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် ရလဒ်ပိုင်းကျဆင်းခဲ့သော်လည်း အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယနေရာမှ အသင်းကို ရမှတ်ဖြတ်တောက်နိုင်ခဲ့သဖြင့် ပြီးခဲ့သည့် ဆလာနီတာအသင်းနှင့် ပွဲစဉ်ကတည်းကနိုင်ပွဲရရှိပါက ဆုဖလားရယူနိုင်မည့် အခွင့်အရေးရှိခဲ့ပြီး အဆိုပါပွဲစဉ်တွင် သုံးဂိုးစီသရေ ရလဒ်ထွက်ပေါ်ခဲ့သဖြင့် အူဒီးနီးအသင်းနှင့် ပွဲစဉ်ထိစောင့်ဆိုင်းခဲ့ရပြီးနောက် ယခုပွဲစဉ်တွင် အိုစီမန်၏ သွင်းဂိုးဖြင့် ရမှတ်တစ်မှတ် ရယူနိုင်ခဲ့သောကြောင့် ပွဲစဉ် ၃၃ အပြီးတွင် ရမှတ် ၈၀ ရရှိခဲ့ကာ ချန်ပီယံဆုဖလားကို သိမ်းပိုက်နိုင်ခဲ့သည်။

နာပိုလီအသင်းသည် ဂန္ထဝင်ကစားသမား မာရာဒိုနာကစားခဲ့စဉ်က ၁၉၈၆-၁၉၈၇ ဘောလုံးရာသီနှင့် ၁၉၈၉-၁၉၉၀ ဘောလုံးရာသီတို့တွင် စီးရီးအေ ချန်ပီယံဆုဖလားဆွတ်ခူးခဲ့ပြီးနောက်ပိုင်း ဆုဖလားနှင့်ဝေးကွာခဲ့ရပြီး ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံဆုဖလားပြန်လည်ရယူနိုင်ခဲ့သဖြင့် အသင်းသမိုင်းတွင် သုံးကြိမ်မြောက်ချန်ပီယံဆုဖလား ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ML

## အမှတ်ပေးဇယားအဆင့်(၉) အတွင်းရပ်တည်နေသည့်အသင်းများနှင့် အဝေးကွင်းတွေ့ဆုံမှုတွင် နိုင်ပွဲမရသည့် မှတ်တမ်းဆိုးတစ်ရပ် မန်ယူအသင်းရရှိ

**မန်ချက်စတာ မေ ၅**

မန်ယူအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ် (၃၄) အဖြစ်ကစားခဲ့သည့် ဘရိုက်တန်အသင်းနှင့် အဝေးကွင်းပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပရီးမီးယားလိဂ် အမှတ်ပေးဇယားအဆင့်(၉)အတွင်း ရပ်တည်နေသည့် အသင်းများနှင့် အဝေးကွင်းတွေ့ဆုံမှုတွင် နိုင်ပွဲမရခဲ့သည့် မှတ်တမ်းဆိုး တစ်ရပ်ကို ပိုင်ဆိုင်ခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ကစားခဲ့သည့် အဝေးကွင်းပွဲစဉ်များတွင် ဘရန့်ဖို့ဒ်အသင်းကို လေးဂိုး ဂိုးမရှိ၊ မန်စီးတီးအသင်းကို ခြောက်ဂိုး သုံးဂိုး၊ အေဗီလာအသင်းကို သုံးဂိုး တစ်ဂိုး၊ အာဆင်နယ်အသင်းကို သုံးဂိုး နှစ်ဂိုး၊ လီဗာပူးအသင်းကို ခုနစ်ဂိုး ဂိုးမရှိ၊ နယူးကာဆယ်အသင်းကို နှစ်ဂိုး ဂိုးမရှိ၊ စပါးအသင်းကို နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ယခု ဘရိုက်တန်အသင်းနှင့် ပွဲစဉ်တွင်လည်း တစ်ဂိုး ဂိုးမရှိဖြင့် ထပ်မံရှုံးနိမ့်ခဲ့သောကြောင့် ပရီးမီးယားလိဂ် အမှတ်ပေးဇယား အဆင့် (၉) အတွင်းမှအသင်းများကို အဝေးကွင်းတွင် ရှုံးနိမ့်ခဲ့သည့်မှတ်တမ်းဆိုးကို ရရှိခဲ့ခြင်းဖြစ်သည်။

အမှတ်ပေးဇယား အဆင့် (၄) တွင်ရပ်တည်နေသည့် မန်ယူအသင်းသည် အဆင့် (၇) တွင် ရပ်တည်နေသည့် ဘရိုက်တန်အသင်းနှင့် တွေ့ဆုံရာတွင် ပွဲစကတည်းက ဖိအားပေးကစားခဲ့ရာ ထိရောက်သည့်ဂိုးပေါက်ခြိမ်းခြောက်မှုများရှိခဲ့သော်လည်း ဘရိုက်တန်အသင်း ဂိုးသမားစတီးလ်က အပိုင်အခွင့်အရေးများကို ငါးကြိမ်ထိ ကာကွယ်နိုင်ခဲ့သဖြင့် ဦးဆောင်ဂိုးရရှိရန်ခက်ခဲခဲ့ပြီး တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ရှိခဲ့ရာ နာကျင် အချိန်ပို မိနစ် ၉၀ ကျော်တွင် ခံစစ်ကစားသမားလုခ်ရှော၏ လက်ထိဘောကြောင့် ဘရိုက်တန်အသင်းက ပင်နယ်တီရရှိခဲ့ရာ အယ်လစ်စတာက အမှားအယွင်းမရှိ ကန်သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ဘရိုက်တန်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ML

## Mutua Madrid Open ဖိုင်နယ်ပွဲသို့ စဝီယာတက်ခ်နှင့် ဆာဘာလင်ကာတို့ တက်ရောက်

**မက်ဒရစ် မေ ၅**

စပိန်နိုင်ငံ မက်ဒရစ်မြို့တော်တွင် ကျင်းပနေသည့် Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ကမ္ဘာ့အဆင့် (၁) နေရာတွင် ရပ်တည်နေသည့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်သည် ရုရှားတင်းနစ်မယ်ကူဒါမီတိုဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး စဝီယာတက်ခ်က (၆-၁၊ ၆-၁) ရလဒ်နှင့် အနိုင်ရရှိကာ ဖိုင်နယ်ပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း Tennis365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် နိုင်ခြေအဆင့် (၁) အဖြစ် သတ်မှတ်ခံထားရသည့် ပြိုင်ပွဲဝင်ဖြစ်သလို ဖိုင်စွဲရန် ရေပန်းစားနေသည့် ကစားသမား စာရင်းတွင်လည်း နံပါတ် (၁) နေရာ၌ ရပ်တည်နေသူဖြစ်သည်။

ကူဒါမီတိုဗာအား ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဖိုင်နယ်ပွဲစဉ်တွင် ကမ္ဘာ့အဆင့် (၂) နေရာတွင်ရပ်တည်နေသူ ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဆာဘာလင်ကာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ဂရိတင်းနစ်မယ် ဆက်ကာရီနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဆာဘာလင်ကာက (၆-၄၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ဖိုင်လ်ပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



စဝီယာတက်ခ်နှင့် ဆာဘာလင်ကာတို့သည် ယခုနှစ်အတွင်း ပုံစံကောင်းများ ပြသထားသည့် ကစားသမားများဖြစ်ကြပြီး ဖိုင်လ်ပွဲစဉ်မှာ ကမ္ဘာ့အဆင့် (၁) နေရာအတွက် အဆုံးအဖြတ်ဖြစ်လာနိုင်သည်။

စဝီယာတက်ခ် အနိုင်ရခဲ့ပါက ကမ္ဘာ့အဆင့်(၁)နေရာကို ဆက်ထိန်းသိမ်းနိုင်ဖြစ်သော်လည်း ဆာဘာလင်ကာ အနိုင်ရခဲ့မည်ဆိုပါက ဆာဘာလင်ကာက ကမ္ဘာ့အဆင့် (၁) နေရာကို စဝီယာတက်ခ်ထံမှ လွှဲပြောင်းရယူသွားနိုင်ဖွယ် ရှိနေကြောင်း သိရသည်။ AZL

# (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ဖနွမ်းပင် မေ ၅**

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(ဆီးဂိမ်း) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်ဆန်နှင့် အစိုးရအဖွဲ့ဝင်များ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်နိုင်ငံများမှ တာဝန်ရှိသူများ၊ အုပ်ချုပ်သူအဖွဲ့ဝင်များနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာအခမ်းအနား ပထမပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံမှ အနုပညာရှင်များက တေးသီချင်းများ၊ နိုင်ငံ၏ ယဉ်ကျေးမှုတေးသရုပ်ဖော်မှုများဖြင့် တင်ဆက်ခဲ့ကြပြီး အခမ်းအနားဒုတိယပိုင်းတွင် သက်ဆိုင်ရာ တာဝန်ရှိသူများ ကွင်းအတွင်းနေရာယူခဲ့ပြီးနောက် ကမ္ဘောဒီးယားနိုင်ငံအလံနှင့် အတူ ပြိုင်ပွဲအထိမ်းအမှတ်အလံနှင့်ပြိုင်ပွဲဝင်နိုင်ငံများမှ အလံများ လွှင့်ထူခဲ့ပြီးနောက် သက်ဆိုင်ရာပြိုင်ပွဲဝင်နိုင်ငံများမှ အုပ်ချုပ်သူများ၊ အားကစားသမားများကကွင်းအတွင်း ဝင်ရောက်ခဲ့ကြသည်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံ အိုလံပစ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြိုင်ပွဲနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ပြီးနောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က အမှာစကား ပြောကြားကြောင်း သိရသည်။

ထို့နောက်ပြိုင်ပွဲအထိမ်းအမှတ် မီးတိုင်ကို လက်ဆင့်ကမ်းမီးထွန်းညှိခဲ့ပြီးနောက် မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(၃၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကိုအားကစားနည်း ၅၈၄ မျိုး၊ ပြိုင်ပွဲဝင်အားကစားသမား ၆၂၁၀ ဦးဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမားအများဆုံးအဖြစ် အိမ်ရှင် ကမ္ဘောဒီးယားနိုင်ငံက ၈၉၆ ဦးထိ ပါဝင်ပြီး အနည်းဆုံးအဖြစ် ဘရူနိုင်းနိုင်ငံက ၆၅ ဦးသာ ပါဝင်ခဲ့ပြီး ပိတ်ပွဲအခမ်းအနားကို မေ ၁၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# Wells Fargo Championship

# ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို တွမ်မီဖလက်ဝုဒ် ဦးဆောင်

**ဝါရှင်တန် မေ ၅**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်တွင် ကျင်းပနေသည့် Wells Fargo Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား တွမ်မီဖလက်ဝုဒ်က သတ်မှတ်ရိုက်ချက်ထက်ခြောက်ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း The Globe and Mail သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ရှောင်ဖီလီအပါအဝင် ပြိုင်ပွဲဝင် ငါးဦးက သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ထို့ပြင် ကမ္ဘာ့အဆင့် (၃) ဂေါက်သီးရိုက် ကစားသမား မက်အီလ်ရွိုင်းသည် ပထမနေ့တွင် ရလဒ်ကောင်းခဲ့ပြီး သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်ထားနိုင်ခဲ့သည်။

မက်အီလ်ရွိုင်းက"ပထမနေ့မှာ အကောင်းဆုံးပုံစံမဟုတ်ရင်တောင် Masters ပြိုင်ပွဲမှာ ကစားခဲ့တဲ့ပုံစံထက် အများကြီးကောင်းခဲ့ပါတယ်။ ကြားထဲမှာ အနားယူထားတဲ့အတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာမှာလဲ အကောင်းဆုံးပုံစံမှာ ရှိနေပါတယ်။ Wells Fargo Championship ဂေါက်သီးရိုက်ပြိုင်ပွဲဟာ ကျွန်တော်နှစ်သက်တဲ့ဂေါက်သီးရိုက်ပြိုင်ပွဲတွေထဲမှာ ပါဝင်ပါတယ်" ဟု ပြောကြားခဲ့သည်။

မက်အီလ်ရွိုင်းသည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် Wells Fargo Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ၁၁ ကြိမ် ပါဝင်ကစားထားပြီး ၁၀ ကြိမ်ထိ အမှတ်ပေးဇယားအဆင့် (၁၀) အတွင်း ရပ်တည်နိုင်ခဲ့သကဲ့သို့ ချန်ပီယံဆုကိုလည်း သုံးကြိမ်တိုင်တိုင် ရရှိထားသူဖြစ်ကြောင်း သိရသည်။

AZL

# ဧပြီလအတွက် ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံးကစားသမားဆုနှင့် နည်းပြဆုအတွက် ဆန်ခါတင်စာရင်းထုတ်ပြန်




**လန်ဒန် မေ ၅**

ပရီးမီးယားလိဂ် ဘောလုံးအဖွဲ့ချုပ်က လစဉ်ပေးအပ်ချီးမြှင့်သည့် ဧပြီလအတွက် ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံး ကစားသမားဆုနှင့် တစ်လတာ အကောင်းဆုံး နည်းပြဆုတို့အတွက် ဆန်ခါတင်စာရင်းကို ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဧပြီလအတွက် ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင် ကစားသမားစာရင်းတွင် မန်စီးတီးအသင်းမှ ဒီဘရိုင်းနှင့် ဟာလန်း၊ ပဲလေ့စ်အသင်းမှ အက်ဇီ၊ နယူးကာဆယ်အသင်းမှ အစ်ဆက်နှင့် ဝယ်လ်ဆင်၊ လီဗာပူးအသင်းမှ ဂျိုတာ၊ ဘုန်းမောက်အသင်းမှ ဆိုလန်ကီ၊ အေဗီလာအသင်းမှ ဝက်ကင်းတို့ပါဝင်ခဲ့ကြပြီး တိုက်စစ်မှူး ဟာလန်းသည် ဧပြီလအတွင်း မန်စီးတီးအသင်းနှင့် အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ငါးပွဲပါဝင်ကစားခဲ့ကာ သွင်းဂိုးခုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့သကဲ့သို့ ဂိုးဖန်တီးမှု နှစ်ကြိမ်ထိပြုလုပ်နိုင်ခဲ့သည့်အတွက် ထိပ်ဆုံးမှရေပန်းစားလျက်ရှိနေသည်။

အလားတူ တစ်လတာ အကောင်းဆုံး နည်းပြဆုအတွက် ဆန်ခါတင် နည်းပြစာရင်းတွင် အေဗီလာအသင်းနည်းပြ အမ်မရီ၊ မန်စီးတီးအသင်း နည်းပြဂွါဒီယိုလာ၊ ပဲလေ့စ်အသင်း နည်းပြ ဟော့ဆန်၊ နယူးကာဆယ်အသင်း နည်းပြ ဟိုဝီနှင့် ဘုန်းမောက်အသင်းနည်းပြ အိုနေးလ်တို့ ပါဝင်လာခဲ့ကြပြီး နည်းပြဂွါဒီယိုလာသည် ဧပြီလအတွင်း မန်စီးတီးအသင်းကို ခုနစ်ပွဲလုံး အနိုင်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီးနောက် တစ်လတာ အကောင်းဆုံး နည်းပြဆုအတွက် ရေပန်းစား လျက်ရှိကြောင်း သိရသည်။

STA

# မန်ယူအသင်းက အင်တာမီလန်အသင်းမှ မာတီနက်ဇ်ကို ခေါ်ယူရန် မာရှယ်ကို အလိုက်ပေးကမ်းလှမ်းရန် ပြင်ဆင်

**မန်ချက်စတာ မေ ၅**

မန်ယူအသင်းက လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းတိုက်စစ်ပိုင်းကို အင်အားဖြည့်တင်းသည့် အနေဖြင့် အင်တာမီလန်အသင်းမှ တိုက်စစ်မှူး မာတီနက်ဇ်ကို ပြောင်းရွှေ့ကြေးအပြင် အသင်းမှ တိုက်စစ်မှူးမာရှယ်ကို အလိုက်ပေးပြီး ကမ်းလှမ်းသွားရန် ပြင်ဆင်နေသည်ဟု Calciomercato သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ် ဘောလုံးရာသီအသင်းတိုက်စစ်ပိုင်းတွင် ရက်ရှ်ဖို့တစ်ဦးတည်းကိုသာ အားထားနေရသည့်အတွက် လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ထိပ်တန်းကစားသမားတစ်ဦးကို ခေါ်ယူရန်ပြင်ဆင်နေပြီး ယခုအခါ အင်တာမီလန်အသင်းနှင့် ခြေစွမ်းပြသလျက်ရှိသည့် မာတီနက်ဇ်ကို ပြောင်းရွှေ့ကြေးယူရို သန်း ၅၀ အပြင် မာရှယ်ကိုပါအလိုက်ပေးပြီး ကမ်းလှမ်းသွားမည်ဖြစ်သည်။

အင်တာမီလန်အသင်းကလည်း လက်ရှိအချိန်တွင် အသင်းဘဏ္ဍာရေး အကျပ်အတည်းကြုံတွေ့နေရသည့်အတွက် အသင်းမှ ကစားသမားအချို့ကို ပြန်လည်ရောင်းချရန်ပြင်ဆင်နေပြီး မန်ယူအသင်းက ပြောင်းရွှေ့ကြေးအပြင် ကစားသမားတစ်ဦးပါအလိုက်ပေးမည်ဖြစ်သည့်အတွက် လက်ခံသွားဖွယ်ရှိနေသည်။

မာတီနက်ဇ်သည် ယခုနှစ်ဘောလုံးရာသီတွင် အင်တာမီလန်အသင်းနှင့် စီးရီးအေပြိုင်ပွဲတွင် ၃၃ ပွဲလုံး ပါဝင်ကစားခဲ့ပြီး ၁၉ ဂိုးထိသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

STA

# ပြင်သစ်လီဂူး ပွဲစဉ် (၃၄) ပွဲကြိုသုံးသပ်ချက်များ

**STA**

**အန်ဂါ Vs မိုနာကို**

**ကစားမည့်ရက်/အချိန် ၇-၅-၂၀၂၃ (ညနေ ၁၅:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မိုနာကို ၂ - ၀ ဘရက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အန်ဂါ** | – | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **မိုနာကို** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** |

နှစ်ပွဲဆက်ရှုံးနိမ့်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မရေရာတော့တဲ့ မိုနာကိုအသင်းဟာ အခုပွဲစဉ်မှာတော့နိုင်ပွဲပြန်လည်ရရှိအောင် ကြိုးစားလာမှာပါ။ အန်ဂါအသင်းက အမှတ်ပေးဇယားအောက်ဆုံးရောက်နေပြီး တန်းဆင်းရဖို့သေချာနေတဲ့အပြင် သုံးပွဲဆက်ရှုံးနိမ့်ထားတဲ့ထိ ရလဒ်ဆိုးရွားနေပါတယ်။ ဒါကြောင့် မိုနာကိုအသင်းပဲ နိုင်ပွဲပြန်လည်ရှာဖွေသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – အန်ဂါ ၀ – ၂ မိုနာကို**

**နန့်တက် Vs စထရာဘော့**

**ကစားမည့်ရက်/အချိန် ၇-၅-၂၀၂၃ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စထရာဘော့ ၁ – ၁ နန့်တက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **နန့်တက်** | – | **အိမ်(သရေ)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **စထရာဘော့** | – | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **အိမ်(ရှုံး)** |

နှစ်သင်းစလုံးတန်းဆင်းဇုန်ဖိအားရှိနေသလို ရမှတ်ကလည်းတူနေလို့ အခုပွဲစဉ်မှာ အနိုင်ရရှိမဲ့အသင်းက အခြေအနေကောင်းသွားမှာပါ။ စထရာဘော့အသင်းကလဲ အသင်းလိုက်ကစားပုံကောင်းမွန်တဲ့အသင်းတစ်သင်းဆိုပေမဲ့ အဝေးကွင်းဆိုရင်တော့ ခြေစွမ်းပိုင်းကတည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိလို့ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ နန့်တက်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – နန့်တက် ၂ – ၁ စထရာဘော့**

# တောင်တရုတ်ပင်လယ်ပြင်တွင် ပြိုင်ဆိုင်မှုပြင်းထန်လာသော အမေရိကန်နှင့်တရုတ်



အမေရိကန်ရေတပ်သည် ဖိလစ်ပိုင်နှင့်ပူးတွဲ စစ်ရေးလေ့ကျင့်မှု တစ်စိတ်တစ်ဒေသအနေဖြင့် ၂၀၂၃ ခုနှစ် မေ ၂၆ ရက်တွင် တောင်တရုတ်ပင်လယ်ပြင်ရှိ စစ်ရေယာဉ်ပုံစံတူတစ်စင်းကို နှစ်မြှုပ်ခဲ့သည်။ အဆိုပါသဏ္ဌာန်တူ စစ်ရေးလေ့ကျင့်မှုသည် တရုတ်(တိုင်ပေ)အရေးနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံနှင့် တင်းမာမှုမြင့်တက်စေရန် တုံ့ပြန်လုပ်ဆောင်ခြင်းမဟုတ်ကြောင်း အမေရိကန်နှင့်ဖိလစ်ပိုင် နှစ်နိုင်ငံစလုံးက အလေးထားပြောကြားခဲ့သည်။ သို့သော် တရုတ်သည် ၎င်းလုပ်ရပ်ကိုတုံ့ပြန်သည့်အနေဖြင့် တရုတ်(တိုင်ပေ) အနီးတွင် စစ်ရေယာဉ်နှင့် တိုက်လေယာဉ်များပါဝင်သော စစ်ရေးလေ့ကျင့်မှုတစ်ခု လုပ်ဆောင်ခဲ့သည်။

အမေရိကန်သမ္မတများအနေဖြင့် ၂၁ ရာစုတွင် ၎င်းတို့၏ဆန္ဒ ချိုးနှိမ်ရတော့မည်ဖြစ်ကြောင်းကို "နားကိုက်ပါးကိုက်"သည့် စစ်ရေးလေ့ကျင့်မှုများက လက်တွေ့ပြသလာပြီဖြစ်သည်။ သမ္မတသီအိုဒိုရုစဗဲ့သည် အမေရိကန်ကို ပစိဖိတ်ဒေသတွင် ပင်လယ်ရေကြောင်းအင်အားကြီးနိုင်ငံအဖြစ် တည်ဆောက်ခဲ့သော်လည်း လက်ရှိအချိန်တွင် ခြိမ်းခြောက်ခံနေရပြီဖြစ်သည်။ ၎င်း၏နေရာကို တရုတ်က အစားထိုးရယူရန်ကြိုးပမ်းလျက်ရှိသည်။ ပစိဖိတ်ဒေသတွင် လွှမ်းမိုးရေးအတွက် အမေရိကန်နှင့်တရုတ်တို့ကြား ပြိုင်ဆိုင်မှုကြီးထွားလာခြင်းသည် လာမည့် နှစ် ၅၀ အတွင်း အင်ဒို-ပစိဖိတ်ဒေသတွင် ပထဝီနိုင်ငံရေး သတ်မှတ်သွားမည့် အလားအလာရှိနေသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံနှင့်အာရှနိုင်ငံများကြား ပင်လယ်ရေကြောင်းဆိုင်ရာပိုင်ဆိုင်မှု အငြင်းပွားနေပြီဖြစ်သည်။ သာဓကအနေဖြင့် တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်ရှိ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် မလေးရှားတို့အပြင် အရှေ့တရုတ်ပင်လယ်ပြင်ရှိ ဂျပန်တို့၏ ပင်လယ်ရေကြောင်းဆိုင်ရာ အခွင့်အလမ်းများအပေါ် စိန်ခေါ်မှုများ လုပ်ဆောင်လာလျက်ရှိသည်ဟုဆိုသည်။

မည်သို့ပင်ဆိုစေ အငြင်းပွားရေပိုင်နက်များသည် အမေရိကန်အတွက်လည်း မဟာဗျူဟာကျကျ အရေးပါလျက်ရှိသည်။ တရုတ်နိုင်ငံသည် အမေရိကန်၏ မဟာမိတ်များကိုရင်ဆိုင်ရန်၊ အထူးသဖြင့် အမေရိကန်က အကာအကွယ်ပေးသွားမည်ဟု အခိုင်အမာ ကတိပြုထားသော တရုတ်(တိုင်ပေ)ကို ရင်ဆိုင်ရန်အတွက် တောင်တရုတ်ပင်လယ်ပြင်တွင် စစ်လက်ရုံးဆန့်တန်းမှုများ လုပ်ဆောင်လျက်ရှိသည်။ တရုတ်နှင့် အမေရိကန်ကြား တိုက်ပွဲဖြစ်ပွားလာမည်ဆိုလျှင် တောင်တရုတ်ပင်လယ်သည် အဓိကစစ်နယ်ဝန်းဖြစ်လာမည်ဖြစ်ပြီး တရုတ်(တိုင်ပေ)သည် မီးပွားအစဉ်ခံရကာ တရုတ်၏သိမ်းပိုက်မှု ခံရဖွယ်ရှိသည်။

**တောင်တရုတ်ပင်လယ်ပြင်တွင် ကြိုးပမ်းမှုများ**

လွန်ခဲ့သောရာစုနှစ်များစွာက တောင်တရုတ်ပင်လယ်ပြင်ရှိ ကျွန်းစုများ၊ သဲသောင်များ၊ သန္တာကျောက်တန်းများ၊ ကမ်းပါးများနှင့်ကျောက်ဆောင်များသည် ပင်လယ်ရေကြောင်းသွားလာရေးအတွက် အခက်အခဲဖြစ်ပေါ်စေခဲ့သည်။ သို့သော် ၁၉၇၀ ပြည့်လွန်နှစ်များတွင် ရေနံနှင့်ဓာတ်ငွေ့သိုက်များ ရှာဖွေတွေ့ရှိခဲ့ပြီး ဒေါ်လာဘီလီယံပေါင်းများစွာတန်သော ငါးဖမ်းလုပ်ငန်းများကြောင့် ယခင်က လျစ်လျူရှုခံထားရသော ပင်လယ်ပြင်သည်သက်ဆိုင်ရာနိုင်ငံများ၏ အာရုံစူးစိုက်မှု ခံလာရသည်။ ထို့နောက် ပင်လယ်ပြင်ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနိုင်ငံများကြား အငြင်းပွားမှုများ ဖြစ်ပေါ်လာခဲ့သည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်ပြင်ရှိ နေရာအများစုကိုပိုင်ဆိုင်ကြောင်း တရားဥပဒေကြောင်းအရ တောင်းဆိုလျက်ရှိပြီး ၁၉၈၂ ခုနှစ် ကုလသမဂ္ဂပင်လယ်ပြင် ဥပဒေ (UNCLOS) အရ သတ်မှတ်ထားသောနယ်မြေများကိုကျော်လွန်လျက်ရှိသည်ဟု ဆိုသည်။ လွန်ခဲ့သောဆယ်စုနှစ်အတွင်း တရုတ်နိုင်ငံသည် အငြင်းပွားရေပိုင်နက်များတွင် တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့များ တပ်ဖြန့်ချထားခြင်းနှင့် တရုတ်စစ်ဘက်ကလေ့ကျင့်ပေးထားသော အရပ်သားများပါဝင်သည့် ငါးဖမ်းသင်္ဘောများ စေလွှတ်ခြင်းစသည့် "စပ်ကြားနယ်မြေနည်းဗျူဟာများ"ဟုခေါ်ဆိုသော လှုပ်ရှားမှုများကို တစိုက်မတ်မတ် လုပ်ဆောင်လာခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် တောင်တရုတ်ပင်လယ်ပြင်တွင် ရေကြောင်းဆိုင်ရာအခွင့်အလမ်းများကို အခိုင်အမာတောင်းဆိုသွားရန်ပင်ဖြစ်သည်။

၂၀၁၃ ခုနှစ်ကတည်းက တရုတ်နိုင်ငံသည် သောင်ခုံကျောက်တန်းများနှင့် သောင်ဆွယ်များကို လူလုပ်ကျွန်းတုများတည်ဆောက်ခြင်း၊ လေယာဉ်ပြေးလမ်းပါဝင်သောစစ်အခြေစိုက်စခန်းများတည်ဆောက်ခြင်း၊ ရေဒါနည်းပညာနှင့် ဒုံးကျည်ပစ်ခတ်နိုင်သောစွမ်းဆောင်ရည်များ တပ်ဆင်ခြင်းတို့လုပ်ဆောင်လာခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် UNCLOS Annex VII အရ တရုတ်နိုင်ငံ၏ အမှတ်(၉)မျဉ်းပြိုင်တောင်းဆိုမှုများသည် တရားမဝင်ကြောင်းနှင့် ဖိလစ်ပိုင်၏တရားဝင်ရေပိုင်နက်အတွင်းသို့ ရောက်ရှိနေကြောင်း ပြောဆိုကာ တရုတ်၏အဆိုပါတောင်းဆိုမှုများကို ပယ်ချခဲ့သည်။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံသည် ကျွန်းတုများတွင် စစ်အင်အားဖြန့်ကြက်ခြင်း၊ ၎င်း၏စစ်ဘက်နှင့်ငါးဖမ်းလှေများကို လှုပ်ရှားဆောင်ရွက်ခြင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြတ်သန်းသွားလာလျက်ရှိသော အမေရိကန်ရေတပ်သင်္ဘောများကိုဖြန့်သန်းသွားလာခွင့် ဟန့်တားခြင်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

အမေရိကန်အစိုးရအဆက်ဆက်သည် တောင်တရုတ်ပင်လယ်ပြင်အတွင်း ဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် စိုးရိမ်ပူပန်မိကြောင်း တစိုက်မတ်မတ်ပြောဆိုလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုသည် တရုတ်နိုင်ငံ၏ပင်လယ်ရေကြောင်းဆိုင်ရာ တောင်းဆိုမှုများကိုပယ်ချခဲ့ပြီး တောင်တရုတ်ပင်လယ်ပြင်နှင့် စပ်လျဉ်း၍ အမေရိကန်၏ ရပ်တည်ချက်ကို ထုတ်ပြန်ခဲ့သည်။ ထို့နောက် ၂၀၂၁ ခုနှစ်တွင် အန်တိုနီဘလင်ကန်သည် တောင်တရုတ်ပင်လယ်ပြင်တွင် စည်းမျဉ်းစည်းကမ်းအခြေခံသော ပင်လယ်ရေကြောင်း အခင်းအကျင်းမရှိတော့ဘဲ ခြိမ်းခြောက်မှုများ မြင့်တက်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့သည်။ တောင်တရုတ်ပင်လယ်ပြင်အရေးသည် မည်သည့်အတွက်ကြောင့် အမေရိကန်နှင့်ဆက်နွှယ်နေသနည်း။ ထိုမေးခွန်းအတွက်အဖြေမှာ စီးပွားရေးနှင့် အာဏာနိုင်ငံရေးအပေါ် မူတည်လျက်ရှိသည်။

**ကုန်သွယ်မှုနှင့်သဘာဝအရင်းအမြစ်များ**

ကမ္ဘာ့ရေကြောင်းကုန်သွယ်မှု သုံးပုံတစ်ပုံခန့်သည် တောင်တရုတ်ပင်လယ်ပြင်မှ ဖြတ်သန်းသွားလာလျက်ရှိသည်။ ရော်ဘာမှသည် ကားများထိ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ထရီလီယံကျော်ခန့်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို အဆိုပါလမ်းကြောင်းမှ ပို့ဆောင်လျက်ရှိသည်။ ၎င်းပင်လယ်ပြင်သည်ပစိဖိတ်သမုဒ္ဒရာမှသည် အိန္ဒိယသမုဒ္ဒရာထိ ထိစပ်လျက်ရှိသောကြောင့် အရှေ့အာရှမှကုန်ပစ္စည်းများကို တောင်အာရှ၊ အရှေ့အလယ်ပိုင်း၊ အာဖရိကနှင့်ဥရောပဒေသမှ ဘီလီယံများစွာသော ပြည်သူများထံသို့ ကူးလူးယှက်နွယ်ကူးသန်းရောင်းဝယ်နိုင်စေသည်။ ထို့ပြင် အမေရိကန်၏ ပင်လယ်ရေကြောင်းကုန်သွယ်မှု ၁၄ ရာခိုင်နှုန်းခန့်မှာလည်း အဆိုပါပင်လယ်ပြင်မှဖြတ်သန်းသွားလာရလျက်ရှိသည်။ ထို့ကြောင့် တောင်တရုတ်ပင်လယ်ပြင်သည် အမေရိကန်ကုန်ပစ္စည်းများတင်ပို့ရန်နှင့် အမေရိကန်သို့ထုတ်ကုန်ပစ္စည်းများတင်သွင်းရန်အတွက် အရေးပါသောရေလမ်းကြောင်းပင်ဖြစ်သည်။

❖ တောင်တရုတ်ပင်လယ်ပြင်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပေါကြွယ်ဝလျက်ရှိသည်။ ကမ္ဘာ့ရေနံစိမ်း ၃၀ ရာခိုင်နှုန်းခန့်သည် တောင်တရုတ်ပင်လယ်ပြင်မှ ဖြတ်သန်းတင်ပို့လျက်ရှိသည်။ ထို့ပြင် တောင်တရုတ်ပင်လယ်ပြင်တွင် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံတန်ဖိုးရှိသော ရေနံများနှင့်သဘာဝဓာတ်ငွေ့ ၁၉၀ ထရီလီယံကုဗမီတာခန့်ရှိနေသည့်အပြင် ရှာဖွေရခြင်းမရှိသေးသော ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များလည်း တည်ရှိနေသည်။ ❖

ထို့ပြင် တောင်တရုတ်ပင်လယ်ပြင်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပေါကြွယ်ဝလျက်ရှိသည်။ ကမ္ဘာ့ရေနံစိမ်း ၃၀ ရာခိုင်နှုန်းခန့်သည် တောင်တရုတ်ပင်လယ်ပြင်မှဖြတ်သန်းတင်ပို့လျက်ရှိသည်။ ထို့ပြင် တောင်တရုတ်ပင်လယ်ပြင်တွင် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံတန်ဖိုးရှိ ရေနံများနှင့် သဘာဝဓာတ်ငွေ့ ၁၉၀ ထရီလီယံကုဗမီတာခန့်ရှိနေသည့်အပြင် ရှာဖွေရခြင်းမရှိသေးသော ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များလည်း တည်ရှိနေသည်။ အလားတူ ကမ္ဘာ့ငါးဖမ်းသင်္ဘောအရေအတွက်၏ ထက်ဝက်ခန့်သည် တောင်တရုတ်ပင်လယ်ပြင်တွင် ငါးဖမ်းလျက်ရှိကြသည်။

စီးပွားရေးအကြောင်းပြချက် တစ်ခုတည်းအရပင် အမေရိကန်နှင့် အခြားသောကမ္ဘာ့နိုင်ငံများသည် တောင်တရုတ်ပင်လယ်ပြင်တွင် ကုန်သွယ်မှုလမ်းကြောင်းနှင့် ပင်လယ်ရေလမ်းကြောင်းဖွင့်လှစ်ထားရန် လိုအပ်သည်။ ထို့ကြောင့် အဆိုပါ ကုန်သွယ်မှုလမ်းကြောင်းထိန်းချုပ်လာနိုင်သည့် တရုတ်နိုင်ငံကို ဟန့်တားကာကွယ်နိုင်ရေးသည် အမေရိကန်အတွက် စိုးရိမ်ပူပန်နေရသော မူဝါဒတစ်ရပ်ပင်ဖြစ်သည်။

**ပင်လယ်ပြင်ရှိ အာဏာနိုင်ငံရေး**

စီးပွားရေးသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသော်လည်း တောင်တရုတ်ပင်လယ်ပြင်တွင် တရုတ်နိုင်ငံ၏လှုပ်ရှားမှုများသည် လိုအပ်သည်ထက် ပိုမိုနေသည်ဟုဆိုသည်။ ဒေသတွင်း၌ နယ်မြေနှင့် ပင်လယ်ရေကြောင်းထိန်းချုပ်မှုသည် ၎င်း၏အမျိုးသားလုံခြုံရေးဖြစ်သည်ဟု တရုတ်ကရှုမြင်ထားသည်။ တောင်တရုတ်ပင်လယ်ပြင်တွင် အာဏာဖြန့်ကြက်ပြီး တရုတ်ပြည်မကြီးကိုကာကွယ်သွားရန် ကြိုးပမ်းလျက်ရှိသည်။ ထို့နောက် တရုတ်နိုင်ငံသည် အင်အားကြီးနိုင်ငံအဖြစ် အမေရိကန်နေရာတွင် ရယူသွားရန် ကြိုးပမ်းလျက်ရှိကြောင်း အမေရိကန်အစိုးရက ဝန်ခံထားရှိသည်။

အမှန်တော့ တောင်တရုတ်ပင်လယ်ပြင်တွင် အမေရိကန်နှင့် တရုတ်တို့ကြား ပြိုင်ဆိုင်မှုစတင်နေပြီဖြစ်သည်။ အမေရိကန် စစ်သင်္ဘောများနှင့် တရုတ်၏ပင်လယ်ရေကြောင်းဆိုင်ရာ ပြည်သူ့စစ်များအပြင် ရေတပ်ဖွဲ့တို့သည် ထိပ်တိုက်ရင်ဆိုင်မှုများ ပုံမှန်ဖြစ်ပေါ်လျက်ရှိသည်။ တောင်တရုတ်ပင်လယ်ပြင်ရှိ ကျွန်းတုများသည် တရုတ်နိုင်ငံကို ပြည်မကြီးမှကျော်လွန်ကာ စစ်ရေးစွမ်းဆောင်ရည်များ အထောက်အကူပြုပေးလျက်ရှိသည်။ အမေရိကန်၏ မဟာမိတ်များအား တုံ့ပြန်တိုက်ခိုက်ရာတွင် အဆိုပါရှေ့တန်းအခြေစိုက်စခန်းများကို အသုံးပြုသွားနိုင်မည်ဖြစ်သည်။

အမေရိကန်သည် တောင်တရုတ်ပင်လယ်ပြင်ပိုင်ဆိုင်မှုအငြင်းပွားသည့် နိုင်ငံများထဲတွင် ကိုယ်တိုင်ပါဝင်ခြင်းမရှိသော်လည်း အမေရိကန်၏ အမျိုးသားအကျိုးစီးပွား ထိပ်တန်းဦးစားပေးအဖြစ် ရပ်တည်လျက်ရှိသည်။ ထို့ကြောင့် အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များသည် တောင်တရုတ်ပင်လယ်ပြင်တွင် လွတ်လပ်စွာ ရေကြောင်းသွားလာခွင့် လုပ်ဆောင်လျက်ရှိသည့်အပြင် စစ်ရေးလေ့ကျင့်မှုများလည်း လုပ်ဆောင်လျက်ရှိသည်။ သာဓကအနေဖြင့် ဖေဖော်ဝါရီ ၂၃ ရက်တွင် ဖိလစ်ပိုင်နှင့်ပူးတွဲစစ်ရေးလေ့ကျင့်မှု လုပ်ဆောင်ခဲ့သည်။

အလားတူ တရုတ်နိုင်ငံကလည်း အမေရိကန်နှင့်၎င်း၏မဟာမိတ်များနှင့် မတူညီသော စည်းမျဉ်းစည်းကမ်းများဖြင့် တောင်တရုတ်ပင်လယ်ပြင်တွင် လှုပ်ရှားသွားလာလျက်ရှိသဖြင့် ပင်လယ်ပြင်တွင် ပွတ်တိုက်မှုဖြစ်ပွားနိုင်သည့် အန္တရာယ်မြင့်မားလာလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံကြား၌ပင်လျှင် ပဋိပက္ခဖြစ်ပွားလာစေနိုင်ပြီး အနာဂတ်တွင် တောင်တရုတ်ပင်လယ်ပြင်၌ စစ်သင်္ဘောများတွေ့ရှိခြင်းသည် စစ်ရေးလေ့ကျင့်လုပ်ဆောင်မှုသက်သက်တော့ မဟုတ်နိုင်တော့ကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

- US- China naval rivalry goes far beyond war games by Asia Times.

မောင်သောင်းဝင်း (တမန်ဟောင်း)

# Central Committee for Development of Border Areas and National Races holds work coordination meeting 1/2023; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address



Senior General Min Aung Hlaing addresses the work coordination meeting 1/2023 of the Central Committee for Development of Border Areas and National Races.

**Nay Pyi Taw May 5**

The Central Committee for Development of Border Areas and National Races held work coordination meeting 1/2023 at State Administration Council Chairman's Office here this afternoon addressed by Chairman of the Central Committee Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Vice Chairman of the Central Committee SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, SAC member deputy prime ministers Union Minister Admiral Tin Aung San and Union Minister Lt-Gen Soe Htut, Deputy PM Union Minister U Win Shein, SAC members Daw Dwe Bu, Poe Rei Aung Thein, Mahn Nyein Maung, Dr Hmu Htan, Dr Aung Kyaw Min, Dr Kyaw Tun, Khun San Lwin, U Shwe Kyein, U Yan Kyaw, union ministers, Lt-Gen Tun Tun Naung, U Min Naung, U Hla Moe, U Thaung Han, Dr Nyunt Pe, Dr Myo Thein Kyaw, Dr Thet Khaing Win, Jeng Pheng Naw Taung, Chief of General Staff (Army, Navy and Air) General Maung Maung Aye, senior military officers from Office of Commander-in-Chief, deputy ministers and officials. Region/state chief ministers attended the meeting through video conferencing.

The Senior General said it is the first central committee meeting held by SAC.

Over 130 nationalities had lived in unity throughout the history. Unity broke up when the nation fell under enslavement for over 100 years. Border areas lacked behind in development due to armed conflicts broke soon after the country restored independence. The State Law and Order Restoration Council first established the central committee with five members on 25 May 1989. Beginning that year, the central committee, work committees and subcommittees were formed for development of border areas. Ministry for Development of Border Areas and National Races was formed in 1992, and it became Ministry of Border Affairs in 2011. The Border Areas and National Races Development Law was enacted in 1993.

SAC reformed the central committee with 22 members, and work committee with 37 members to develop the border areas with added momentum. The central committee is implementing six tasks. **Peace and stability is the most important factor for development of border areas. The work of restoring peace and stability should be based on national unity.** Since the assumption of duties, SAC has been giving priority to national prosperity, food sufficiency, socio-economic development of the entire country, restoring perpetual peace in the entire country, transport facilitation and safety in the entire Union, socioeconomic infrastructures and human resources development programs for progress of education, health, transport, communication, farming and economy included in the border area development task, and counternarcotic programs.

Border area development and peace and stability have interrelations. Transport plays a vital role in developing mutual trust and love among national races. Rapid progress of education, health, farming sectors that underpin socio-economic development alongside transport development of border areas is required. Hence, instead of Border Affairs Ministry doing the work alone, all other ministries should lend a helping hand.

Education plays a pivotal role in national development. During the period from 1999 to 2014, 19,441,711 children enrolled at schools and 11,137,318 or 57.29% reached 5th standard. Hence there was 42.71% decrease. Of them, 7,787,412 or 40.06% reached 8th standard showing the 59.94% decline. The percentages of students who reached 5th standard and 8th standard in Kachin State were 76.81% and 58.11% respectively, Kayah State were 73.6% and 48.29% respectively, in Kayin State were 53.53% and 31.1% respectively, in Chin State were 57.93% and 37.45% respectively, in Min State were 59.5% and 37.8% respectively, in Rakhine State were 41.55% and 29.77% respectively, in Shan State 48.28% and 30.9% respectively, in Tanintharyi Region were 56.2% and 31.33% respectively. This figures call for greater efforts of education promotion of border areas. The government should pay attention to the education promotion of all national races to reach the minimum KG-9 target for all school age boys and girls.

Life expectancy of Union was 63.4 years for men and 72.2 years for women and average life expectancy 67.7 years in 2022. In Life



A video clip on activities of the Ministry of Education being shown at the meeting.

expectancy for men was 62.7 years, women 72.2years, and average life expectancy 67.4 years in Kachin State; life expectancy for men was 62.5 years, women 73years, and average life expectancy 67.6 years in Kayah State; life expectancy for men was 61.3 years, women 70.1years, and average life expectancy 65.6 years in Kayin State; life expectancy for men was 61 years, women 77.5years, and average life expectancy 64.2 years in Chin State; life expectancy for men was 61.8 years, women 72years, and average life expectancy 66.8 years in Mon State; life expectancy for men was 64.6 years, women 72.2years, and average life expectancy 68.3 years in Rakhine State; life expectancy for men was 63.7 years, women 72.3years, and average life expectancy 67.9 years in Shan State; life expectancy for men was 65.1 years, women 71.9years, and average life expectancy 68.4 years in Tanintharyi Region. Hence, healthcare undertakings should be carried with added momentum.


Farming is the nation's main business, and abundant food supply and local food sufficiency are the government's goals. Efforts should be made to ensure sufficiency of basic food items and to produce farming-based value-added goods to support regional progress. All should strive to improve quality and increase quantity of goods. As most border areas are mountainous regions with only a few plain parts and the majority of residents carry out hill-side cultivation, highland farming and orchard cultivation, measures must be taken for application of systematic cultivation methods and for improvement of double harvesting capacities. The elimination of shift cultivation can reduce environmental pollution dramatically. Similarly, it is necessary to help establish living stock breeding farms for chicken, pigs and cattle which are suitable for the region to increase the incomes of local residents. Therefore, efforts must be made to teach agriculture and livestock breeding techniques at agriculture and livestock breeding high schools to be launched in most districts energetically, to nurture technicians, to enable local residents to continue to study at institutes, colleges and universities to become intellectuals and to conduct agriculture and livestock breeding research which is suitable for respective regions effectively for the development of the sectors.

Transportation and communication play an important role in regional development. As improved communication can contribute to development of regional economy, health and education, measures must be taken to improve communication networks and to establish a communication network that covers the entire country. Further efforts must be made to implement small- and medium-size hydropower generation projects in respective regions that will contribute to socioeconomic development.

Successive governments in successive eras implemented strategies for development of border areas but it can be learnt that **there are still many sectors in which several further tasks must be carried out for socioeconomic development of border areas where our national brethren and the people reside.**

The government has placed special emphasis on human resources development tasks of national race youths under the leadership of the ministry.

*See Page 12*



Region/ State chief ministers attending the meeting through video conferencing.

*From Page 11*

In doing so, 47 training schools for development of border areas and national race youths have been opened and 33,007 youths have been trained in the basic education sector as of 2022-23 fiscal year while measures have been taken to enable them to continue to study higher and vocational education.

In the higher education sector, the University of Development of National Races of the Union have nurtured 14,058 students to study the M.Ed, M. Phil. Ed, B.Ed, teaching diploma, middle school teaching diploma, special primary school teaching diploma and primary school teaching diploma courses as of 2022-23 fiscal year.

Nationalities Youth Resource Development Degree Colleges in Yangon and Sagaing have nurtured 4,701 students to study for B.A, B.Sc, AGTI and B.Tech degree courses and they are performing their duties as government employees in 19 ministries, the Union Civil Service Board and state/region development affairs committees.

In the vocational education sector, nine technical training schools have nurtured 6,077 trainees in construction, mechanic, electric, welding, auto-mechanic, handphone repairing, aluminium installation, EFI engine courses as of 2022-23 fiscal year and jobs have been created for them. Moreover, 47 vocational training centres for women havetrained 95,022 trainees, who have joined the workforce in garment factories or set up their own businesses.

Development of border areas is a very important sector which is concerned with all citizens and the government. Expansion of development of border areas can improve mutual understanding and trust among national races and will contribute to stability, tranquility and the rule of law. More development tasks can be carried out when the rule of law and stability and tranquility have improved. Although development tasks are being carried out, it would amount to losses for the country if benefits cannot be enjoyed due to destructive acts and reconstruction tasks have to be implemented. Destruction of bridges by blowing them up, arson attacks against buildings, blows-up of communication towers and warmongering are hideous acts that should not exist completely. **It should be seriously noted that stability and tranquility of the entire country and national unity, which are indispensable for building a union based on democracy and a federal system desired by the entire national people, can be achieved by expansion of development tasks for border areas.**

During the assumption of its duties, the SAC designated the year 2022 as the peace year and invited EAOs to hold talks in person for ending internal armed conflicts and to restore sustainable peace. As a result, talks are being held with representatives of 10 EAOs including seven signatories and three non-signatories to the NCA so far and results that will enable the country to move forward in political stability and tranquility. It should be reiterated that **the government has always welcomed and opened the door to dialogue without any preconditions for EAOs, which have not turned up at peace dialogue.**

It can be seen that development tasks for border areas have been successful because of the noble aim of achieving equitable development in unity and solidarity in the entire union by narrowing the development gaps in the entire union including border areas.

As the SAC has firmly adopted the five future tasks and twelve objectives, effective and serious implementation of development tasks for border areas will contribute to the success of the tasks and objectives.

While measures are being taken for development in the education, health, transportation and economic sectors in border areas, efforts must be made to establish stability, tranquility and the rule of law in border areas. It should be borne in mind that development tasks can be effectively carried out when tranquility and stability and the rule of law can be maintained.

The central committee and work committees at different levels are urged to continue to carry out their tasks with added momentum in accordance with objectives of achieving constant development of socioeconomic life and infrastructures on national races in border areas and nurturing outstanding human resources among national race youths in border areas and to seriously implement tasks for stability and tranquility, the rule of law and strengthening of national unity.

Then, secretary of the central committee Union Minister for Border Affairs Lt-Gen Tun Tun Naung reported on formation of the central committee, tasks and policies, objectives, measures and implementation of development tasks for border areas and national races.

Afterwards, members of the central committee deputy prime ministers and union ministers and state/region chief ministers discussed implementation of development tasks for development of border areas and national races and future tasks for respective sectors.

Then, members of the SAC made suggestions on development of border areas and national races. Afterward, members of the central committee the Chief of General Staff (Army, Navy, Air) made a supplementary report on participation of the Tatmadaw in development tasks for border areas and national races.

Then, in the discussion, the Vice-Chairman of the Central Committee and Deputy Prime Minister exhorted members of the Central Committee, ministries concerned and chief ministers of regions and states to effectively take action, act to ensure development among the ethnic peoples without gap, carry out regional development tasks through ensuring development of MSMEs and actively and thoroughly act for development of human resources.

Regarding the reports, the Senior General said it is seen that education in border areas is weak. It is necessary to give priority to make education infrastructure better and to cooperate with the relevant ministry to fulfill the need of teaching aids and staff. As communications is important for border areas, it is compulsory to ensure that the areas will have access to communications. It is necessary to extend air and water transport routes to the areas having difficulties on the land route. It is necessary to train and nurture students from university and institutes of development of border areas and national races to systematically handle rural administration and regional development tasks. Doing so will ensure that the youths of national races could take part in administration and regional development fields of their regions.

The ministry concerned needs to take responsibility to widely conduct research work to ensure that agriculture and livestock farming businesses will meet natural conditions of regions. It is necessary to take educational measures on the use of modern technology in carrying out the businesses through forming rural cooperative societies. It is also necessary to make plans for building small hydroelectric power plants and generating power from solar energy in the rural areas. As improvement of education is primary for a nation, it is necessary to appoint qualified teachers to train and teach students so that they will become really educated. Ministries concerned need to cooperate and coordinate in nurturing youths in order that the youths will complete learning technology and vocational education and join MSMEs. Priority must be given to fully appoint nurses, deputy health assistants and health assistants in rural areas. It is necessary to provide doctors to at least township level places in remote areas.

This meeting is for the first time after changing the political system to in the multiparty democracy. It is unhappy to see that outlying areas of regions and states in our country including border areas lagged behind development due to various reasons. The nation is included in the four ASEAN countries lagging behind development. It is seen that mainly, there is low development because of no peace and stability. According to the analyses, our nation's poverty rate is high. Due to those points, we need to do much for the development of the nation. Therefore, it is necessary to successfully operate MSMEs and agriculture and livestock businesses as well as to ensure growth in manufacturing products. If the Central Committee achieves success in implementing tasks for development of border areas, will there be the nation's development. It is to work to ensure the nation's development based on the rural sector. The policy we have to implement could be made through reviewing the discussion at the meeting. Tasks for ensuring good transport and communications and peace and stability of regions must be taken. It is necessary for us to act in order that the youths of national races having full patriotism will emerge. We have to make efforts for the brighter future of the nation.

In his concluding remarks at the meeting, the Senior General said it is seen that suggestions on tasks being taken by the working committee and ministries concerned and regional working committees for development of border areas and matters on cooperation with international organizations were made at the meeting.

Discussions and suggestions will be much helpful to the tasks for development of border areas and national races in the country. The State has spent much on development of border areas and human resources of national races living in the areas with good attention. It is important to ensure improvement of living standard and socioeconomic life of all national races living in border areas as the State expects.

Development of border areas and peace and stability is interrelated. Development cannot be achieved in the regions having no peace and rule of law and it is to be aware that there will be no peace for long term without any development. Border areas are wide but their population density is low. Roads and communications were expanded much in those areas as they have difficulties in inter-relations with the mainland.

It is especially necessary to ensure peace and stability in the border areas to accelerate the tasks for border areas development. Despite being hard in implementing border areas development tasks depending on in restrictions on local situation, weather and road and communications, it is necessary for officials concerned to make efforts to timely finish with the tasks within the set financial year.

It is learnt that in cooperating with international organizations and countries for development of border areas, tasks for building infrastructure and ensuring human resources development in border areas are being effectively carried out with the foreign assisted funds including those from India and China.

I appreciate to see that the tasks with the assistance of partner countries will be of much help to the national races living in border areas. I would like to urge all to, with the leadership of the Central Committee, raise momentum in carrying out border areas development tasks to achieve goals on ensuring improvement of socioeconomic life and infrastructure in border areas and outstanding human resources in the youths of national races living in the areas. 100

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers address at the ceremony to mark 77th Anniversary of Myanmar Fire Brigade Day


Vice-Senior General Soe Win addresses 77th Myanmar Fire Brigade Day.

**Nay Pyi Taw May 5**

The 77th Anniversary of Myanmar Fire Brigade Day was marked at the Myanmar International Convention Centre-II in Nay Pyi Taw this morning with an address by Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present at the ceremony were SAC members Admiral Tin Aung San, Lt-Gen Soe Htut, Daw Dwe Bu, Mahn Nyein Maung, U Maung Ko, Dr Kyaw Tun, Khun San Lwin and U Shwe Kyein, Union ministers, the chairman of Nay Pyi Taw Council, Chief of the General Staff (Army, Navy and Air) General Maung Maung Aye, senior military officers from the Office of the Commander-in-Chief, deputy ministers, Nay Pyi Taw Council members, permanent secretaries, officers and service personnel of Myanmar Fire Brigade Headquarters, retired fire brigade officers, representatives of permanent, auxiliary and separate fire brigades from regions and states, award winning fire brigade members and guests.

First, the Vice-Senior General delivered a speech, saying that today is the 77th Anniversary of Myanmar Fire Brigade Day which has been standing tall with fine traditions and prestige in protecting life and property of ethnic people residing in the country against danger of fire and other dangers in successive eras.

First and foremost, the Vice-Senior General said he honoured all fire fighters steadfastly serving their duties on fire security of the people, prevention of natural disasters, search and rescue as well as public welfare tasks as public service at full capacity during the 77 years period.

In retrospect, warning sounds of gongs were beaten as part of fire preventive measures in the prosperous country in the reign of King Anawrahta who established the First Myanmar Empire in 1044 AD. A total of 663 firefighters were assigned in order to carry out firefighting measures. It can be seen that fire services were served systematically to prevent danger of fire for the country in Bagan, Pinya, Inwa, Nyaungyan and Konbaung eras. As a nature of fighting fire, anyone cannot do so individually but it can be done by groups. So, it can be seen that everybody knew that only then, could king, soldiers and people make concerted efforts in effectively fighting fire since the reign of Myanmar kings.

In the colonial era, British colonialists formed the municipal fire brigades to protect their interests. So, educated patriotic youths formed the volunteer fire brigades in their respective areas with the national spirit so as to protect their areas against danger of fire. From 1900, volunteer fire brigades were formed in townships across the nation. In so doing, missions of firefighters, moralities, rules for forming the volunteer fire brigades, duties and authority, designation of uniforms, duties in putting out the fire, firefighting training, and relief and transport of patients were done under the manuals of Fire Department as a fine tradition. So, the Fire Brigade can be dubbed as emergence of a public service organization for the State.

The First Volunteer Fire Brigade Conference was held with participation of 197 representatives from 19 districts at the Zeenat Islamic school for the girls in Kandawgale of Yangon on 5 May, Sunday, 1946.

In his address, General Aung San said that **duty of firefighters is very noble in important disciplines. Heroes emerged in armies. So also,** *See Page 14*


Vice-Senior General Soe Win presents honoray cash award to a retired MFS official.


Vice-Senior General Soe Win inspects firefighting equipment at the exhibition.



Vice-Senior General Soe Win hears report on firefighting equipment.

*From Page 13*

**heroes emerge in firefighting measures. Those hero firefighters are very noble as they make sacrifices without fighting others.** 5th May when the conference was held was designated as the Myanmar Fire Brigade Day which has been marked for 77 years.

The Myanmar Fire Brigade in line with the instructions of the Ministry of Home Affairs is implementing four objectives. In so doing, the brigade is strictly following three important sectors: management, fire safety and search and rescue works and review.

Fire breaks out in Myanmar yearly. During the 10 years period from 2013 to 2022, a total of 18,336 times of fire broke out in the country, losing more than Ks-155 billion worth of property, according to the records of the Department of Fire Services. More than 1,800 times of fire broke out in the entire nation on an average yearly and it lost some K15 billion per year. As climate changes and population increases as well as the country develops, number of outbreaks of fire may rise. It is necessary to raise public awareness for taking care of danger of fire and making fire preventive measures in order to reduce loss and damage in the outbreak of fire.

In accord with the saying which goes: "**Some People Run from Problem, Another Run to Again We Know Hero**" in initiating fire safety, searching and rescue works, it indicates firefighters. Firefighting measures need to make sacrifice of life and limbs. Those firefighters need to take training for having wonderful skills in order to minimize sacrifice in their duties. As skill is based on training, confidence on skill, braveness on confidence and victory on braveness, all ranks of firefighters need to have skills to handle modern fire extinguishers and machinery and take continuous training for having proficiency in relevant fields.

It is common knowledge that whenever there are incidents, dangers and natural disasters, firefighters work hard on search, rescue and evacuation with a full sense of duty, compassion and goodwill, regardless of race and religion. Valuing such good spirits, they must continue to try to live as good firefighters while following the prescribed laws, rules and disciplines to improve the quality of their lives.

Every fire brigade member needs to have politeness and mobilization skills when communicating and dealing with public members. When they have to make efforts to extinguish a fire, they need to make it clear for public understanding with patience. The fire brigade is a colourless organization when it comes to politics because they have been serving the best interests of the State and the people at risk of their lives since it was born. The State is also presenting them with titles and medals for their gallantry and achievements.

From 1952 to date, 356 firefighters have been awarded medals—one Union silver medalist, three Independence Mawgun members, 10 honorary certificate holders, one Thray Sithu title recipient, five Wunna Kyaw Htin title recipients, 10 industrial economic outstanding award winners, 23 management outstanding award winners, 36 social outstanding award winners, three Thiha Bala medalists, one Ye Thiha medalist, 16 Ye Thura medalists, 55 Ye Bala medalists, 72 Ye Thurein medalists, 75 Ye Kyaw Swa medalists and 45 Ye Kyaw Thu medalists.

The remaining other core and auxiliary firefighters are also praiseworthy for their sacrifices for the State and the people although they have not been awarded such medals and titles.

While we are trying to build up a peaceful, developed and modern nation, the fire brigade members are urged to work hard in their respective roles for the successful implementation of the five-point roadmap and 12 objectives adopted by the SAC.

Today, Myanmar is striving for the development of all sectors such as health, education, transport and communication, electric and energy, rural progress and media in accord with the democratic norms. With increasing hotels, motels, industrial structures, high-rise buildings and apartment blocks plus changing lifestyles, the people will surely face disasters including fires that will come together with such changes and development.

As such, it is the duty of firefighters to save the people from those dangers. Therefore, the role of the fire brigade will become higher in the urbanization sector.

Myanmar Fire Safety Code 2020 was approved and adopted on 30 December 2020 so as to reduce fires, loss and damage and other dangers that can emerge in fighting a fire.

Global climate change has caused more natural disasters every year in various global countries. Loss and damage is huge. According to its climatic and geographical conditions, Myanmar may face various natural disasters such as fires, floods, strong winds, quakes, Tsunamis, landslides and draughts as well as other dangers of chemicals, biochemicals and radioactivity wastes. That is why, firefighters are to try to improve their capacity in order to overcome challenges and catch up with their counterparts of the international community.

They also worked together with the Tatmadaw, the people and relevant organizations in fighting against the global Covid-19 pandemic. They participated in various tasks such as fumigation, education, face mask distribution, liquid oxygen distribution and other related tasks such as technical help in preventing fires and accidents and giving EMs services.

Provisions of hundreds of gallons of water in the first to third waves of the pandemic are memorable records for the fire brigade. According to such records, we have seen that today's fire brigade has reached a status where nothing is impossible.

Every action of the firefighters is invaluable for the State and the people from security to nation building. They will become those on whom the people can rely only if they are able to realize their four objectives: fire safety, disaster prevention, search and rescue and public welfare in line with the lifestyles, cultures and traditions of the regions they are assigned to. Then, they will see public cooperation. With public participation, the ultimate aim of the fire brigade to create a safe environment free from danger of fire can be realized, and their image will improve.

Therefore, it has become necessary to have the ability of the fire services department to mobilize the public and the power that the people can rely on and trust. Fire prevention and firefighting activities are not something that can only be done by firefighters, but that if the public cooperates and helps, it is necessary for the people to see and understand that they will be successful, and that it is necessary to have the ability to motivate and organize with all their abilities.

Today, the firefighters must have a high level of vision physically and intellectually because they are working with advanced technologies in every field and everywhere. They must fully understand the concepts of chemistry and physics, and calculation and verification capabilities of engineering and mathematics and try to respond quickly and solve them.

In addition, as it is necessary to study to gain expertise in firefighting and search and rescue in accordance with the modern system, we would like to instruct that the **"International Search and Rescue Advisory Group - INSERAG"** which will be able to deal with the new challenges of fire and natural disasters with advanced technology in the firefighting industry, should be prepared for regional group training.

We want the firefighters to continue to preserve the good historical tradition of the Myanmar Fire Services Department. As members of the fire services department, we want them to live and act in accordance with the ten ethics that they must act towards the public and fulfill the needs of the public on the one hand.

We want people to be protected from various disasters that may befall the public without delay. For the country's prosperity and food security, where the government is working tirelessly to develop people-centered development activities for the development of socio-economic life, it is necessary for the fire services department to participate in their respective roles. A good firefighter must have a firm spirit, the spirit of bravery and adventure and the need to serve the people with the spirit of trying to be rich in experience and technology.

It is necessary for them to constantly study and learn about the international firefighting industry, which is always changing and make an effort to be able to use it again for their own citizens.

It is necessary to realize that striving for high performance of individual is promoting the honor of the entire force. They need to be complacent and not needy to serve in fire safety work and search and rescue activities for their citizens. Firefighters, in particular, have to put their lives and bodies on the line to save everyone who is facing disaster and danger. On Fire Services Day, which falls today, those who have been injured while serving for all ages, while paying his respects to the glorious honor of the firefighters who gave their lives, he said that he wished them to overcome the challenges of fire and natural disasters that they may face in the future.

After that, a video clip was shown to commemorate the 77th anniversary of Myanmar Fire Services Day.

After that, famous singer U Tun Shwe performed the classic fire safety awareness song "Beware of Fire".

Next, the SAC Vice Chairman presented honors and awards to U Tun Shwe (aged 90), a famous singer who sang the song "Beware of Fire", Auxiliary fire brigade company commander U Wan Thaung (aged 94) and retired solider and firefighter Sergeant U Tun Kyi (aged 92) from Paungde Township auxiliary fire brigade who are volunteering firefighting activities in Bago Region.

Then, the Union Minister for Home Affairs presented a souvenir to the SAC Vice Chairman to commemorate the 77th Myanmar Fire Services Day.

After that, the Union Minister for Home Affairs presented awards and honorariums to the retired fire brigade officers and their family members who were awarded honorary titles by the SAC.

After that, the SAC Vice Chairman, along with the participants of the ceremony toured the display of the antique fire vehicles and modern fire vehicles/equipment, Myanmar Entrepreneurship and Micro, Small and Medium Enterprise (MSME) that manufacture fire safety equipment locally and fire equipment from import and distribution companies displayed in the Fire Services Department's gallery.

After that, the SAC Vice Chairman and members inspected the fire trucks of all ages displayed in front of the hall, and watched and congratulated the practical driving demonstration of a Daihatsu (Pyi Taw Tha) three-wheeled fire engine by U Wan Thaung, the 94-year-old auxiliary fire brigade company commander of the Paungde Township auxiliary fire brigade for Bago Region.

The Daihatsu three-wheeled fire engine was produced in Japan in 1954 and arrived in Myanmar in the same year. It is a fire truck that has been responsible for the big fires that occurred during the parliamentary democracy era. It is a fire truck that can enter narrow streets and lanes to put out fires where large fire trucks cannot enter. Auxiliary Fire Brigade Company Commander U Wan Thaung has been serving the duties of the Auxiliary Fire Brigade since he was 25 years old based on the hobby and spirit of charity through self-sacrifice, he is now 94 years old and has been serving his duties with full strength and health for 69 years.

In the evening, the 77th Myanmar Fire Services Day honor dinner was held at the Myanmar International Convention Center (MICC-II) with the SAC Vice Chairman and council members, Union Ministers, Chairman of Nay Pyi Taw Council, Chief of the General Staff (Army, Navy, Air), senior military officers from the Office of the Commander-in-Chief of Defense, Deputy Ministers, Members of the Nay Pyi Taw Council, Permanent Secretaries, Officers and other ranks from the Myanmar Fire Services Department Headquarters, retired fire brigade officers representatives of auxiliary fire brigades from various regions and states, award-winning firefighters and invitees attend.

Before and during the celebratory dinner, it has been reported that the fire brigade singers, famous singers and fire brigade dance group (Dancer) gave a full and perfect performance along with the music played by the Pyi Taw Aye Nyein drum circle from Myanmar Fire Services Department and modern music band. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နှုတ်မှုအမျိုးမျိုး၊ အကျိုးပေးအထွေထွေ

ကိုယဉ်ချစ် (မန္တလေး)

လူတိုင်းဟာ ကာယကံအလုပ်၊ ဝစီကံအလုပ်၊ မနောကံအလုပ်ဆိုတဲ့ အလုပ်သုံးပါးကို နေ့စဉ်အသုံးချရင်း ဘဝကိုတည်ဆောက်နေကြတယ်။ မနောကံက ကြံစည်တွေးတောတယ်၊ ဝစီကံက ပြောဆိုတယ်၊ ကာယကံက ကိုယ်နဲ့အလုပ်တွေကိုပြုလုပ်တယ်။ ဒီအလုပ်သုံးပါးနဲ့ကိုယ့်ပတ်ဝန်းကျင်ကို ထိတွေ့ဆက်ဆံရင်း လူမှုဘဝတွေကို တည်ဆောက်ဖြတ်သန်းနေကြပါတယ်။ ဘာလုပ်မယ်ဆိုတာ တွေးတောတဲ့အဆင့်နဲ့ အလုပ်လုပ်တဲ့ အဆင့်ကြားမှာ စကားပြောတဲ့အလုပ်ကို မဖြစ်မနေလုပ်နေကြတယ်။

စကားပြောတယ်ဆိုတာ အချင်းချင်းဆက်သွယ်ရေးမှာ အဓိကကျတယ်။ စကားပြောတာကို နှုတ်ကထွက်လာတဲ့အသံလို့ ယေဘုယျအားဖြင့် သတ်မှတ်နိုင်ပေမဲ့ နှုတ်အတွင်းရှိ လျှာအင်္ဂါရပ်ကြောင့် ပြောချင်တဲ့အကြောင်းအရာကို ပြောနိုင်တာဖြစ်တယ်။ လျှာမရှိရင် ပီပြင်တဲ့အသံမထွက်နိုင်ပါ။ ဒါကြောင့် အကျိုးမရှိတဲ့စကားတွေ များများပြောသူကို လျှာရှည်တယ်လို့ ပြောကြတယ်။

ရူပါရုံ- အဆင်းအရောင်ကိုသိတဲ့စိတ် (မျက်စိ)၊ သဒ္ဒါရုံ- အသံကိုသိတဲ့စိတ် (နား)၊ ဂန္ဓာရုံ- အနံ့ကိုသိတဲ့စိတ် (နှာ)၊ ရသာရုံ- အရသာကိုသိတဲ့စိတ် (လျှာ)၊ ဖောဋ္ဌဗ္ဗာရုံ- အတွေ့ကိုသိတဲ့စိတ် (ကိုယ်)၊ ဓမ္မာရုံ- ကြွင်းသောသိဖွယ်ဟူသမျှကိုသိတဲ့စိတ် (စိတ်) ဆိုတဲ့ အာရုံခြောက်ပါးမှာ လျှာအင်္ဂါဟာ အစားအစာရဲ့ အရသာကိုသိရုံအပြင် စကားပြောတဲ့အလုပ်ကိုပါ လုပ်နေပါတယ်။ နှုတ်ကပြောတဲ့စကားကို လျှာက အလုပ်လုပ်တဲ့သဘောနဲ့ပြောကြတယ်။

Tongue is three inches long, but it can kill a man six feet high . "သုံးလက်မသာရှည်သည့်လျှာသည် အရပ်ခြောက်ပေမြင့်သူတစ်ဦးကို သတ်နိုင်သည်"ဆိုတဲ့ ဂျပန်စကားပုံတစ်ခုရှိပါတယ်။ လျှာအင်္ဂါရဲ့အစွမ်းကို တင်စားတာဖြစ်တယ်။ မြန်မာမှုနယ်ပယ်မှာလဲ "နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ၊ တံတားအို မှောင်ကိုမလျှောက်နှင့်၊ စကားဆို တောင်လို မမောက်နှင့်၊ ကြမ်းကျွံလျှင် နုတ်၍ရသည်၊ စကားလွန်လျှင် နုတ်၍မရ၊ စကားနောက် တရားပါ။ စကားများ အမှားပါ၊ စကားလွန် ကျွန်ဖြစ်"ဆိုတဲ့ စကားတွေဟာ စကားပြောဆင်ခြင်နိုင်ဖို့၊ စကားတစ်ခွန်းရဲ့ ကောင်းကျိုးဆိုးကျိုးတွေကို သတိပေးတဲ့စကားပုံတွေဖြစ်ပါတယ်။

စကားပြောခြင်းဟာ နေ့စဉ်ဘဝတစ်ခုရဲ့ အဓိကလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ စကားပြောကြတဲ့အခါ စကားတစ်ခွန်းရဲ့နောက်မှာ ကောင်းကျိုးနဲ့ ဆိုးကျိုးဆိုတဲ့ အကျိုးဆက်တွေက ကပ်ပါလာတယ်။ စကားပြောကြတဲ့အခါမှာ တစ်ယောက်နဲ့ တစ်ယောက်ပြောတာမျိုးနဲ့ တစ်ယောက်နဲ့အများ ပြောဆိုကြတာမျိုးတွေရှိပါတယ်။ ဘယ်လိုပြောပြော စကားပြောအဆင်ပြေရင် ကောင်းကျိုးတွေရှိနိုင်ပေမဲ့ စကားတစ်ခွန်းမှားသွားရင် ဆိုးကျိုးတွေဖြစ်တတ်ပါတယ်။

တစ်ယောက်နဲ့တစ်ယောက် ပြောတယ်ဆိုတာ မိဘနဲ့သားသမီး၊ ဆရာနဲ့တပည့်တွေပြောဆိုကြတာမျိုးပါ။ အလုပ်ကိစ္စမှာ လုပ်ငန်းလုပ်ကြသူတွေအချင်းချင်း ပြောကြတာမျိုးတွေလဲရှိပါတယ်။ မိဘတို့၊ ဆရာတို့ဆိုတာ ကိုယ့်သားသမီးတပည့်တွေကို ကောင်းရာကိုပဲ ညွှန်ပြပြောဆိုကြတာဖြစ်လို့ ကောင်းကျိုးတွေကိုသာ ဦးတည်ပြောကြတယ်။ ဒါပေမဲ့ ဒေဝဒတ်ကို ဆရာမှားတင်ခဲ့တဲ့ အဇာတသတ်မင်းသားဟာ ဖခင်ဗိမ္ဗိသာရမင်းကြီးကို ပြန်သတ်တဲ့ဖြစ်ရပ်မျိုးလဲရှိခဲ့ဖူးပါတယ်။

တစ်ယောက်နဲ့အများ ပြောဆိုကြတာကတော့ သင်တန်းတွေ၊ ဟောပြောပွဲတွေ၊ သတင်းစာရှင်းလင်းပွဲတွေ၊ တရားပွဲတွေလိုမျိုး တစ်ယောက်က ဦးဆောင်ပြောပြီး ကျန်တဲ့ပရိသတ်ကနားထောင်ကြ။ မရှင်းတာတွေ၊ သိချင်တာတွေရှိရင် ပြန်မေးတာမျိုးပေါ့။ ဒီလိုတစ်ယောက်နဲ့အများ ပြောကြတဲ့ပွဲတွေမှာ ပြောတဲ့သူက သူ့ရည်ရွယ်ချက်တွေ ပရိသတ်ဆီကို ပြောလိုက်တာပါပဲ။ ပရိသတ်က လက်ခံသွားအောင် ပြောရတာပါပဲ။ အများစုက လက်ခံရင် အောင်မြင်တယ်လို့ ပြောရမှာပါ။ တချို့ကတော့ စကားပြောမကျွမ်းကျင်တော့ ဟိုရောက်ဒီရောက်နဲ့ ပရိသတ်ဆီကို သူ့လိုလားချက်ကိုရောက်အောင်မပို့နိုင်လို့ မအောင်မြင်ကြပါ။

ဟောပြောရာမှာ အောင်မြင်ကြသူ ဌာနအကြီးအကဲတွေ၊ သင်တန်းဆရာတွေ၊ စာရေးဆရာတွေကို ကြုံတွေ့ခဲ့ဖူးပါတယ်။ သူတို့အောင်မြင်ကြတာက ဟောပြောရမဲ့အကြောင်းအရာတွေအတွက် လေ့လာထားတဲ့ ဗဟုသုတဝမ်းစာပြည့်သူတွေဖြစ်ပါတယ်။ ပွဲမဝင်ခင် အပြင်ကကျင်းပဆိုသလို ပြောရမဲ့ရည်ရွယ်ချက် တိတိကျကျချမှတ်ထားတယ်။ ပရိသတ်နဲ့ ဆီလျော်မဲ့အချက်အလက်တွေကို ရွေးချယ်ပြောတယ်။

**❖ စကားပြောခြင်းဟာ နေ့စဉ်ဘဝတစ်ခုရဲ့ အဓိကလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ စကားပြောကြတဲ့အခါ စကားတစ်ခွန်းရဲ့နောက်မှာ ကောင်းကျိုးနဲ့ ဆိုးကျိုးဆိုတဲ့ အကျိုးဆက်တွေက ကပ်ပါလာတယ်။ စကားပြောကြတဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက်ပြောတာမျိုးနဲ့ တစ်ယောက်နဲ့အများ ပြောဆိုကြတာမျိုးတွေရှိပါတယ်။ ဘယ်လိုပြောပြော စကားပြောအဆင်ပြေရင် ကောင်းကျိုးတွေရှိနိုင်ပေမဲ့ စကားတစ်ခွန်းမှားသွားရင် ဆိုးကျိုးတွေဖြစ်တတ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ပြောတယ်ဆိုတာ မိဘနဲ့သားသမီး၊ ဆရာနဲ့တပည့်တွေ ပြောဆိုကြတာမျိုးပါ။ အလုပ်ကိစ္စမှာ လုပ်ငန်းလုပ်ကြသူတွေအချင်းချင်း ပြောကြတာမျိုးတွေလဲရှိပါတယ်။ ❖**

ပရိသတ်အာရုံစူးစိုက်မှုရနိုင်တဲ့နိဒါန်းကို အစချီပြီး ထိရောက်တဲ့နိဂုံးနဲ့အဆုံးသတ်နိုင်ကြတယ်။ ပြောမဲ့အကြောင်းအရာတွေကို အစီအစဉ်တကျဖြစ်အောင် စီစဉ်ထားတယ်။ လေသံနဲ့အမူအရာကို ကိုယ်ပိုင်အသံ၊ ကိုယ်ပိုင်ဟန်ကိုသာသုံးတယ်။ လိုအပ်ရင် ဆီလျော်တဲ့ သီချင်းဆိုတယ်။ ဟာသတွေကို ထည့်ပြောတယ်။ ပြောနေတဲ့ခေါင်းစဉ်နဲ့ လျော်ညီတဲ့ ဥပမာအချက်အလက်တွေကို ထည့်ပြောတယ်။ ဒီလိုအရည်အချင်းတွေကြောင့် သင်ကြားပို့ချတာ၊ ဆွေးနွေးတာ၊ ဟောပြောတာတွေ အောင်မြင်ကြတာပါပဲ။

ဘယ်လိုပုံစံတွေနဲ့ပြောပြော စကားပြောဆိုရာမှာ သတိပြုဆင်ခြင်စရာတွေရှိတယ်ဆိုတာကိုတော့ သိရှိထားရပါမယ်။ ကိုယ်ပြောတဲ့စကားကို မပြောခင်ပြောသင့်၊ မပြောသင့်စဉ်းစား၊ ပြောနေဆဲမှာလဲ အမှားမပါအောင်ဆင်ခြင်၊ ပြောပြီးရင်လဲ ကိုယ်ပြောလိုက်တဲ့စကားကို ပြန်သုံးသပ်၊ မှားသွားရင်ဝန်ခံပြီး ချက်ချင်းအမှားပြင်သင့်ပါတယ်။ အမှားနည်းအောင် သတိပြုရမဲ့အချက်တွေကို လေ့လာထားပြီး အလားတူမမှားရအောင် ဆင်ခြင်ပြောဆိုရပါမယ်။

**ရှင်းရှင်းလင်းလင်းတိတိကျကျပြော**

စကားပြောတဲ့အခါ ရှင်းရှင်းလင်းလင်းတိတိကျကျ ပြောတတ်ဖို့လိုကြောင်း မိမိဌာနအကြီးအကဲက အဖြစ်အပျက်တစ်ခုနဲ့ သွန်သင်ဆုံးမဖူးပါတယ်။ အမျိုးသမီးတစ်ယောက်ဟာ ခရီးသွားဖို့ ခရီးသည်တင်ကားပေါ်ရောက်တော့ သပြေကုန်းရွာကိုရောက်ရင် သူ့ကိုပြောပါလို့ စပယ်ယာကို ထပ်ခါထပ်ခါပြောတယ်။ စပယ်ယာက ကြာတော့ စိတ်မရှည်ဘဲ ရောက်ရင်ပြောမယ်၊ မရပ်လို့ကျော်သွားရင် ကားပြန်လှည့်ပြီးပို့ပေးမယ်လို့ ပြောထားတယ်။ ဖြစ်ချင်တော့ ရပ်ခိုင်းတဲ့နေရာကို နှစ်မိုင်လောက်ကျော်သွားလို့ စပယ်ယာက သူ့စကားနဲ့သူ ခရီးသည်တွေကို တောင်းပန်၊ ကားပြန်လှည့်ပြီး သပြေကုန်းရွာကို ပြန်မောင်းပေးတယ်။ သပြေကုန်းရွာရောက်တော့ ခရီးသည်အမျိုးသမီးက သူ့လက်ကိုင်အိတ်ထဲကဆေးကိုထုတ်သောက်ပြီး ကားပေါ်က မဆင်းဘူး။ ဒီတော့ ကားစပယ်ယာက သပြေကုန်းရွာရောက်ပြီ ဆင်းဖို့ပြောတော့ ခရီးသည်အမျိုးသမီးက ဆင်းဖို့မဟုတ်ဘူး။ သပြေကုန်းရွာရောက်ရင်ဆေးသောက်ဖို့ ငါ့သမီးက မှာလိုက်လို့ရပ်ခိုင်းတာလို့ ပြောလိုက်ပါတယ်။ ကားစစီးတဲ့နေရာက သပြေကုန်းရွာကို ၂ နာရီလောက်မောင်းရတယ်။ ကားက ၆ နာရီထွက်တော့ သပြေကုန်းရွာကို ၈ နာရီလောက်ရောက်မယ်မှန်းပြီး အဲဒီအချိန်ဆေးသောက်ဖို့မှာလိုက်တာ။ အမှန်က မနက်ဆေးကို ၈ နာရီမှာသောက်ရမယ်။ ဘေးကခရီးသည်ကိုအချိန်မေးပြီး ဆေးသောက်လို့ ပြောရင်ရပါလျက်နဲ့ သပြေကုန်းရွာရောက်ရင် ဆေးသောက်ဖို့မှာလိုက်တဲ့ သမီးရဲ့စကားက ရှင်းရှင်းလင်းလင်းမရှိတော့ ကျန်တဲ့ခရီးသည်တွေပါ အနှောင့်အယှက်ဖြစ်ခဲ့ရတယ်တဲ့။ စကားပြောတဲ့အခါ ရှင်းရှင်းလင်းလင်းတိတိကျကျပြောတတ်ဖို့လိုပါတယ်။

**သွေးကွဲစေမဲ့စကားကိုရှောင်**

အဖွဲ့အစည်းတစ်ခုမှာ အင်မတန်ရင်းနှီးကြတဲ့ လုပ်ဖော်ကိုင်ဖက်နှစ်ယောက်ဟာ ညီအစ်ကိုရင်းချာပမာချစ်ကြပြီး လုပ်ငန်းခွင်မှာ အတူအလုပ်လုပ်ကြတယ်။ သူတို့မိသားစုဝင်တွေပါ ဆွေမျိုးရင်းချာလို ခင်မင်ရင်းနှီးကြတယ်။ လက်တွဲအလုပ်လုပ်ကြတာ နှစ်ပေါင်း ၃၀ နီးပါးလောက်ကြာမှ လူတစ်ယောက်ကြောင့် သွေးကွဲကြတယ်။ တစ်ယောက်နဲ့တစ်ယောက် အမှားမခံတော့ဘူး။ သည်းမခံတော့ဘူး။ နောက်ပိုင်းဘေးက သွေးခွဲပေးတဲ့သူရဲ့ကွန်ရက်ထဲမှာ နှစ်ယောက်စလုံး ငြိသွားပြီး ရန်သူတွေလိုဖြစ်သွားကြတယ်။ လုပ်ငန်းခွင်ထဲမှာလဲ အဆင်မပြေတော့ဘဲ သူတို့ဘဝတွေကိုပါ ထိခိုက်နစ်နာခဲ့ကြတယ်။ ညီညွတ်ဖို့သာ ခက်ခဲပေမဲ့ ပြိုကွဲဖို့က အင်မတန်လွယ်ပါတယ်။ ဒါကြောင့် သွေးကွဲစေမဲ့စကားတွေကို ကိုယ်ပိုင်တွေးခေါ်နိုင်တဲ့စွမ်းအားနဲ့လက်မခံမိဖို့လိုသလို ကိုယ်တိုင်ကလဲ သူတစ်ပါးအကျိုးမဲ့စေတဲ့သွေးခွဲစကားမပြောမိစေဖို့၊ သွေးကွဲစေမဲ့အပြုအမူတွေကို ရှောင်ကြဉ်ကြဖို့လိုပါတယ်။

**ယဉ်ယဉ်ကျေးကျေးပြော**

ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်ကိုဆက်ဆံတဲ့အခါ သိမ်မွေ့ပျူငှာတဲ့လေသံကိုသာ နှစ်သက်ကြပါလိမ့်မယ်။ မောက်မာရင့်သီးတဲ့စကားလုံးတွေနဲ့ အပြောကို ဘယ်သူမှမနှစ်သက်ပါ။ လူမမည်သေးတဲ့ကလေးတောင် ငေါက်ငမ်းပြောဆိုတာထက် ချော့မော့ပြောတာကို ပိုပြီးလက်ခံကြပါတယ်။ ယဉ်ကျေးသိမ်မွေ့မှုဟာ ပြောသူရဲ့ဂုဏ်သိက္ခာကို ထင်ဟပ်ပါတယ်။ ပြောသူရဲ့ အဆင့်အတန်းကိုပါဖော်ပြပါတယ်။

**မရေရာတဲ့စကားတွေကိုရှောင်**

တိကျသေချာမှုမရှိတဲ့၊ မရေရာတဲ့စကားတွေ တစ်နည်းပြောရရင် ကောလာဟလစကားတွေကို ဂရုပြုကြဖို့လိုပါတယ်။ သူတစ်ပါးပြောတဲ့စကားကို ဆင်ခြင်ပြီးမှလက်ခံယုံကြည်သင့်သလို ကိုယ်တိုင်ကလဲ ကောလာဟလစကားတွေကို မယုံကြည်ဖို့၊ ထပ်ဆင့်ဖောက်သည်မချမိဖို့လိုပါတယ်။ တစ်ခါက လူတစ်ယောက်ကလမ်းသွားရင်း ခလုတ်တိုက်တာကို ခပ်လှမ်းလှမ်းကလူတွေက ဖားပြုပ်ကိုက်တယ်လို့ဖြစ်သွားတယ်။ နောက်တစ်နေရာကလူတွေက တရုတ်ရိုက်လို့တဲ့ဆိုပြီးဖြစ်သွားတယ်တဲ့။ ခလုတ်တိုက်တာကနေ၊ ဖားပြုပ်ကိုက်တာ၊ ဖားပြုပ်ကိုက်တာကနေ တရုတ်ရိုက်တာတွေဖြစ်ကုန်ကြကော။ ကိုယ့်နားထဲရောက်လာတဲ့စကားကိုဘေးအပြောနဲ့တင် အလွယ်တကူမယုံကြည်သင့်ပါဘူး။ ကိုယ်တိုင်ကလဲ မတိကျမရေရာတဲ့ကိစ္စတွေကိုမသေချာဘဲ မပြောတာ အကောင်းဆုံးပါပဲ။

စကားတစ်ခွန်းကြောင့် အမှန်မှအမှား၊ အမှားမှအမှန်၊ အကောင်းမှအဆိုး၊ အဆိုးမှအကောင်းတွေ အဖြစ်ပြောင်းလဲသွားတတ်ပါတယ်။ စကားတစ်ခွန်းကို "ဟိတ်- အကြောင်းရင်း ၊ဥပမာ ပုံပမာနှိုင်းယှဉ်ချက်၊ နိဂုံး- စကားအချုပ်၊နိဒါန်း စကားအချီးအကျုံး၊ သက်သေ၊ ဝတ္ထုသာဓကတင်ပြခြင်း၊ ပြယုဂ်မျက်မြင်ဒိဋ္ဌကိုယ်တိုင်လုပ်ပြခြင်းဆိုတဲ့ အင်္ဂါခြောက်ပါးနဲ့ညီညွတ်အောင် ပြောဆိုရပါတယ်။ သုတ္တနိပါတ်မှာတော့ စကားအရာအင်္ဂါလေးတန်ကို သုဘာသိတ- အကျိုးစီးပွားနှင့်ယှဉ်သည့်ကောင်းမြတ်သောစကား၊ ပိယဝါစာ- ချစ်ခင်နှစ်လိုဖွယ်ဆိုသောစကား၊ ဓမ္မဝါစာ- တရားတော်နှင့်ညီညွတ်သောစကား၊ သစ္စာဝါစာ- ဖြောင့်မှန်သောစကား"လို့ ဖော်ပြထားပါတယ်။

အဓိပ္ပာယ်နှစ်ခွထွက်တဲ့စကား၊မျက်ကွယ်မှာဆိုတဲ့စကား၊ သတင်းမှာထား၍ဆိုသောစကားနဲ့ အမျက်ထွက်၍ဆိုသောစကားတွေကိုလဲ မယုံအပ်သောစကားတွေအဖြစ် မှတ်သားဖူးပါတယ်။

နှုတ်မှုဆိုတာ လူ့လောက၊ လူ့ဘဝ၊ လူမှုဆက်ဆံရေးနယ်ပယ်မှာပဓာနကျလို့ ရှေးပညာရှိကြီးတွေက စကားပြောတာနဲ့ပတ်သက်ပြီး သိမှတ်လိုက်နာဖွယ်ရာတွေကို အမွေပေးခဲ့ကြပါတယ်။ ဒီအမွေတွေကိုဆက်ခံကျင့်သုံးကြရင် ကောင်းကျိုးတွေကို ခံစားကြရမှာပါ။

နှုတ်မှုအမျိုးမျိုးကြောင့် ချစ်ခြင်း၊ မုန်းခြင်းတွေနဲ့ ဖြတ်သန်းနေကြရတယ်။ ကောင်းကျိုးတွေကော ဆိုးကျိုးတွေပါ တွေ့ကြုံနေကြပါတယ်။ ဆိုးကျိုးတွေလျော့ပါးပြီး ကောင်းကျိုးတွေများဖို့ဆိုရင်တော့ နားထဲကို ဝင်လာတဲ့စကားတွေကို ကိုယ်ပိုင်အသိဉာဏ်ပညာကို အသုံးချပြီး ချင့်ချိန်လက်ခံ။ စကားပြောတဲ့အခါ မဟုတ်မမှန်တဲ့အရာကိုဟုတ်မှန်တဲ့အနေနဲ့ လိမ်ညာမပြောနဲ့၊ ချောပစ်ကုန်းတိုက်စကား၊ ရန်တိုက်ပေးတဲ့ စကားမပြောနဲ့၊ သင့်တင့်ညီညွတ်နေသူတွေကိုမသင့်မတင့်ဖြစ်အောင်၊ စိတ်ဝမ်းကွဲအောင်မပြောနဲ့၊ ကြမ်းကြမ်းတမ်းတမ်း ဆဲရေးတိုင်းထွာမပြောနဲ့၊ မိမိကော သူတစ်ပါးနှစ်ဦးနှစ်ဖက်လုံးဝအကျိုးမရှိတဲ့စကား ပြောဆိုခြင်းတွေကို ရှောင်ရှားပြောဆိုသင့်ပါကြောင်း ရေးသားလိုက်ရပါတယ်။










နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က ရှင်းလင်းတင်ပြစဉ်။



**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃)တွင် ဆွေးနွေးပြောကြားစဉ်။**

> နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများရှိ ကျောင်းများအဆောက်အအုံနှင့် ဥပစိရပ်ကောင်းမွန်ရေးဦးစားပေးဆောင်ရွက်ရန်၊ ကျေးလက်ကိုအခြေခံ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်၊ ဒို့တာဝန်အရေးသုံးပါးကို ခိုင်မာစွာထိန်းသိမ်းနိုင်သည့် မျိုးချစ်စိတ်ဓာတ်အပြည့်ရှိသည့် တိုင်းရင်းသားလူငယ်လူရွယ်များပေါ်ထွက်လာအောင်ဆောင်ရွက်ရန်လို၊ မိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ကူညီမှုဖြင့် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် နယ်စပ်ဒေသနေတိုင်းရင်းသားပြည်သူများအတွက် များစွာအထောက်အကူပြုစေနိုင်သည့်အတွက် ကျေးဇူးတင်ရှိ...

**စာမျက်နှာ ၁၇ မှအဆက်**

ပြည်ထောင်စုကြီး တစ်ခုလုံးတစည်းတလုံးတည်း မကွဲမပြားညီညီညွတ်ညွတ် ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် မွန်မြတ်သော ရည်မှန်းချက်ကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်မှုတိုးတက်မှုရရှိနေသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၁၂)ရပ်တို့ကို အခိုင်အမာချမှတ်ထားပြီးဖြစ်သည့်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် အလေးအနက်ထား အကောင်အထည်ဖော်ခြင်းအားဖြင့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ထိရောက်စွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း။

နယ်စပ်ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရင်း တစ်ဖက်မှလည်း နယ်စပ်ဒေသများ၏တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထူထောင်ပေးနိုင်ရေး ကြိုးပမ်းကြရန်လိုအပ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုခိုင်မာမှသာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မည်ဆိုသည်ကိုလည်း မျက်ခြည်မပြတ်ကြရန် လိုအပ်ပါကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီအဆင့်ဆင့်တို့အနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝနှင့် အခြေခံအဆောက်အအုံများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်၊နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များကို ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပေါ်လာစေရန်၊ရည်မှန်းချက်များနှင့်အညီ အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားကြရန်နှင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစေရေးတို့ကို အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့်တိုက်တွန်းမှာကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ၊ မူဝါဒ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည် ဖော်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက်ကောင်စီဝင်များက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အကြံပြုတင်ပြကြသည်။ ဆက်လက်၍ ဗဟိုကော်မတီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)က တပ်မတော်မှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေး တင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နယ်စပ်ဒေသဖွံ့ဖြိုးမှုတိုးတက်ရေးအတွက် ဗဟိုကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဖိဖိစီးစီးဖြင့် တွန်းအားပေးဆောင်ရွက်သွားရန်၊ တိုင်းရင်းသားဒေသအားလုံး အကြားအလပ်မရှိ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ပြီး မြန်မာဆိုသည့်စိတ်ဓာတ်ဖြစ်ပေါ်လာစေရေး ဦးဆောင်ဦးရွက်ပြုဆောင်ရွက်သွားကြရန်၊ စက်မှုလက်မှုလုပ်ငန်းများဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထဲထဲဝင်ဝင်တက်တက်ကြွကြွဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းဖြည့်စွက်ဆွေးနွေးသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က နယ်စပ်ဒေသများတွင် ပညာရေးကဏ္ဍအားနည်းသည်ကို တွေ့ရပါကြောင်း၊ **နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများရှိ ကျောင်းများ အဆောက်အအုံနှင့် ဥပစာရပ်ကောင်းမွန်ရေး ဦးစားပေးဆောင်ရွက်ရန်**နှင့် သင်ထောက်ကူပစ္စည်းများနှင့် ဝန်ထမ်းရေးရာပြည့်စုံရေးအတွက်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း၊ နယ်စပ်ဒေသများအတွက် ဆက်သွယ်ရေး (Communication)သည် အဓိကကျသောကြောင့် မပြတ်မနေဆက်သွယ်မှုရရှိနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်နိုင်ငံလုံး ဆက်သွယ်ရေးလွှမ်းခြုံမှုရအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ကုန်းလမ်းသွားလာရေး ခက်ခဲသည့်နေရာဒေသများသို့ လေကြောင်းလိုင်းနှင့် ရေကြောင်းလိုင်းများတိုးချဲ့ပြေးဆွဲ နိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုအပ်ပါကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် သင်တန်းကျောင်းမှ သင်တန်းသားများကို ကျေးလက်အုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်စေရေး လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါကြောင်း၊ သို့မှသာ တိုင်းရင်းသားလူငယ်များသည် မိမိဒေသအကျိုးအတွက် အုပ်ချုပ်ရေးပိုင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဒေသ၊ ရေမြေသဘာဝနှင့် ကိုက်ညီစေရေးအတွက် သုတေသနပြုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးသွားရန်လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျေးလက်သမဝါယမအသင်းများဖွဲ့စည်း၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေး အသိပညာပေးဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ကျေးလက်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ထုတ်ယူရရှိရေးနှင့်ဆိုလာစနစ်ဖြင့် လျှပ်စစ်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ပေးသွားရန်လိုအပ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံအတွက် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့်အတွက် အခြေခံပညာကျောင်းများတွင် အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများကိုခန့်ထားပေးပြီး ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် ပညာတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါကြောင်း၊ နည်းပညာနှင့်သက်မွေးပညာတတ်မြောက်ပြီး လူငယ်များအနေဖြင့် ဒေသတွင်း အသေးစား၊ အလတ်စား၊ အငယ်စား စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးဆောင်နိုင်သည်အထိ ပြုစုပျိုးထောင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျေးလက်ဒေသများတွင် သူနာပြု၊ လက်ထောက်ကျန်းမာရေးမှူးနှင့် ကျန်းမာရေးမှူးများ ပြည့်စုံစွာခန့်ထားနိုင်ရေး ဦးစားပေးဆောင်ရွက်ရန်နှင့် ဝေးလံခေါင်းပါးသည့်နေရာများတွင် အနည်းဆုံး မြို့နယ်အဆင့်အထိ ဆရာဝန်များဖြည့်ဆည်းနိုင်ရေး အဆင့်ဆင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ပါတီစုံဒီမိုကရေစီခေတ်သို့ ပြောင်းလဲပြီးနောက်ပိုင်းတွင် ပထမဆုံးအစည်းအဝေးဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်သည် နယ်စပ်ဒေသအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစွန်အဖျားများ၌ အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေသည်ကို စိတ်မကောင်းဖွယ် တွေ့မြင်ရကြောင်း၊ အာဆီယံတွင်လည်း ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့်နိုင်ငံ လေးနိုင်ငံတွင်ပါဝင်နေကြောင်း၊ အဓိကအားဖြင့် တည်ငြိမ်အေးချမ်းမှုမရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ နည်းပါးသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံ၏ ဆင်းရဲမှုနှုန်းမှာမြင့်မားနေသည်ကို ဆန်းစစ်ချက်များအရတွေ့ရကြောင်း၊ အဆိုပါ အချက်များကြောင့် မိမိတို့နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ ဆောင်ရွက်ရန်လိုနေသေးကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထွက်ကုန်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်လျက်ရှိကြောင်း၊ မိမိတို့ဗဟိုကော်မတီအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ **ကျေးလက်ကိုအခြေခံ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ အစည်းအဝေးတွင် ဆွေးနွေးချက်များကို ပြန်လည်သုံးသပ်၍ မိမိတို့ဆောင်ရွက်ရမည့် မူဝါဒကိုချမှတ်နိုင်မည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုများကောင်းမွန်စေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊မိမိတို့အနေဖြင့် **ဒိုတာဝန် အရေးသုံးပါးကို ခိုင်မာစွာထိန်းသိမ်းနိုင်သည့် မျိုးချစ်စိတ်ဓာတ်အပြည့်ရှိသည့် တိုင်းရင်းသားလူငယ်လူရွယ်များ ပေါ်ထွက်လာအောင် ဆောင်ရွက်ရန်လို**ကြောင်း၊ နိုင်ငံအနာဂတ်ကောင်းမွန်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာ၌ အစည်းအဝေးတွင် လုပ်ငန်းကော်မတီနှင့်သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများက ဆောင်ရွက်နေသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြသည်ကို တွေ့ရပါကြောင်း။

ဆွေးနွေးချက်များနှင့် အကြံပြုချက်များသည် မိမိတို့နိုင်ငံ၏ နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ငန်းများဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် များစွာ အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်ကမွန်မြတ်သည့် စေတနာနှင့် ငွေကြေးမြောက်မြားစွာ အကုန်အကျခံ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊နိုင်ငံတော်၏စေတနာနှင့်မျှော်မှန်းထားသည့်အတိုင်း နယ်စပ်ဒေသများတွင်ရှိသည့် တိုင်းရင်းသားလူမျိုးအားလုံး၏လူနေမှုအဆင့်အတန်းနှင့် လူမှုစီးပွားဘဝများ မြင့်မားလာစေရန် အရေးကြီးပါကြောင်း။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် အပြန်အလှန်ဆက်စပ်နေပါကြောင်း၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးမရှိသည့် ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည် မဟုတ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုမရှိပါကလည်း ငြိမ်းချမ်းရေးသည် ရေရှည်တည်တံ့ခိုင်မြဲမည် မဟုတ်သည်ကို သတိပြုစေလိုပါကြောင်း၊ နယ်စပ်ဒေသများသည် နယ်မြေဧရိယာကျယ်ပြန့်သလောက် လူဦးရေသိပ်သည်းဆနည်းပါးပါကြောင်း၊ ပြည်မနှင့်ကူးလူးဆက်ဆံရန် ခက်ခဲသည့်အတွက် အခြေခံကျသော လမ်းပန်းဆက်သွယ်မှုများကိုလည်း များစွာတိုးချဲ့ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ လိုအပ်သည့်ဒေသများတွင် ဆက်လက် လုပ်ဆောင်ပေးကြရမည်ဖြစ်ပါကြောင်း။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ပေးနိုင်ရန်အတွက် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းစေရန်လည်း အထူးလိုအပ်ပါကြောင်း၊ နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ နယ်မြေအခြေအနေကန့်သတ်ချက်၊ ရာသီဥတုအခြေအနေကန့်သတ်ချက်နှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများအပေါ် မူတည်၍ ခက်ခက်ခဲခဲ ဆောင်ရွက်နေရခြင်းများရှိနေသော်လည်း သတ်မှတ်ဘဏ္ဍာနှစ်ကာလအတွင်း လုပ်ငန်းများအချိန်မီပြီးစီးရေး တာဝန်ရှိသူများအနေဖြင့် တွန်းအားပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် အိန္ဒိယသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ အပါအဝင် အကူအညီပေးအပ်ထားသည့် ရန်ပုံငွေများနှင့် နယ်စပ်ဒေသအခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည်ကိုလည်း တွေ့ရှိရပါကြောင်း။

ထိုသို့ **မိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ကူညီမှုဖြင့် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများအတွက် များစွာ အထောက်အကူပြုစေနိုင်သည့်အတွက် ကျေးဇူးတင်ရှိ**ပါကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ ဦးဆောင်မှုနှင့်နယ်စပ်ဒေသရှိ လူမှုစီးပွားဘဝ အခြေခံအဆောက်အအုံများ အမြန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာစေရေး ရည်မှန်းချက်များ အောင်မြင်စေရန်အတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် အပြန်အလှန်ဆက်စပ်နေ၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးမရှိသည့်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်မဟုတ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုမရှိပါကလည်း ငြိမ်းချမ်းရေးသည် ရေရှည်တည်တံ့ခိုင်မြဲမည်မဟုတ်သည်ကို သတိပြုစေလို၊ နယ်စပ်ဒေသများသည် နယ်မြေဧရိယာကျယ်ပြန့်သလောက် လူဦးရေသိပ်သည်းဆနည်းပါး၊ ပြည်မနှင့်ကူးလူးဆက်ဆံရန်ခက်ခဲသည့်အတွက် အခြေခံကျသောလမ်းပန်းဆက်သွယ်မှုများကိုလည်း များစွာတိုးချဲ့ဆောင်ရွက်ပေးခဲ့၊ လိုအပ်သည့်ဒေသများတွင် ဆက်လက်လုပ်ဆောင်ပေးကြရမည်. . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အမှတ်တရလက်ဆောင် ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက စစ်မှုထမ်း(ငြိမ်း)၊ မီးသတ်ဝန်ထမ်း(ငြိမ်း) တပ်ကြပ်ကြီးဦးထွန်းကြည်ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများချီးမြှင့်စဉ်။

☆ ကျောဖုံးမှအဆက်

မန်းငြိမ်းမောင်၊ ဦးမောင်ကို၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များ၊ အငြိမ်းစား မီးသတ်တပ်ဖွဲ့ဝင် အရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သန္ဓေ၊ အရန်၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၏ ကိုယ်စားလှယ်များ၊ ထူးချွန်ဆုရရှိကြသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် အမိမြန်မာနိုင်ငံတော်ကြီးအတွင်းမှာ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား လုပ်သားပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာပစ္စည်းများကို မီးဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်အမျိုးမျိုးမှ ခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်ခဲ့ပြီး သမိုင်းဂုဏ်ဒြပ်အစဉ်အလာကြီးမားစွာ ရပ်တည်လာခဲ့သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ (၇၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ပင်ဖြစ်ပါကြောင်း။

၇၇ နှစ်အတွင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် ပြည်သူလူထုအတွင်း မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့် ရည်မှန်းချက်တာဝန်များကို ဦးလည်မသုန်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ခေတ်အဆက်ဆက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် မီးသတ်လုပ်ငန်းဆိုင်ရာများကို စွမ်းအားပြည့် တာဝန်ထမ်းဆောင်နေကြသည့် မီးသတ်တပ်ဖွဲ့ဝင်အားလုံးကို ဂုဏ်ပြုပါကြောင်းကို ဦးစွာပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံ၏သမိုင်းကို ပြန်ကြည့်ပါက ခရစ်နှစ် ၁၀၄၄ ခုနှစ်တွင် ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းစောလက်ထက် စည်ပင်ဝပြောသာယာခဲ့သည့် နိုင်ငံတော်ကို မီးဘေးမသင့်စေရေး မီးသတိပေးမောင်းသံများနှင့် စတင်ခဲ့ပြီး မီးသတ်လုပ်ငန်းဆိုင်ရာများကို အကောင်အထည်ဖော်နိုင်ရေး **"သောသောည်ပုဂံမီးဆော်မောင်း"** ဟူသည့် ဂဏန်းအမှတ်အသားသံခိပ် (လင်္ကာ)အရ **"မီးကပ်သား" တစ်နည်းအားဖြင့် မီးသတ်သမား** ၆၆၃ ဦးကို သတ်သတ်မှတ်မှတ် စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ ၎င်းနောက် ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်ထိ ခေတ်အဆက်ဆက်တွင်လည်း နိုင်ငံတော်ကို မီးဘေးမသင့်စေရေး မီးသတ်လုပ်ငန်းကို စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်ကို ဂုဏ်ယူစွာတွေ့ရှိရမည်ဖြစ်ပါကြောင်း၊ မီးသတ်လုပ်ငန်း၏ သဘောသဘာဝအရ တစ်ဦးတစ်ယောက်တည်း လုပ်ဆောင်၍မရဘဲ လူအများက ပေါင်းစပ်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည့်အတွက် အုပ်ချုပ်သူဘုရင်၊ ရဲမက်များ၊ ပြည်သူများ၏ စုပေါင်းစွမ်းအားဖြင့်သာ မီးဘေးအန္တရာယ်ကို ထိထိရောက်ရောက် ကာကွယ်နိုင်ကြောင်းကို ရှေးမြန်မာမင်းများလက်ထက်ကပင် သိရှိနားလည်ခဲ့ကြသည်ကို တွေ့ရပါကြောင်း။

ကိုလိုနီခေတ် မြန်မာနိုင်ငံတွင် အင်္ဂလိပ်နယ်ချဲ့တို့သည် ၎င်းတို့၏ကိုယ်ကျိုးစီးပွားကိုသာ ကာကွယ်နိုင်ရေး မြို့နီစီပယ်မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ခေတ်ပညာတတ် မျိုးချစ်လူငယ်များသည် မိမိတို့ရပ်ရွာ၊ မိမိတို့၏ဒေသကို မီးဘေးကာကွယ်နိုင်ရေး အပျော်တမ်းမီးသတ်အဖွဲ့များကို အမျိုးသားရေးစိတ်ဓာတ်နှင့် ဖွဲ့စည်းပြီး ကာကွယ်စောင့်ရှောက်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ ၁၉၀၀ ပြည့်နှစ်နှောင်းပိုင်းမှစတင်ပြီး စေတနာ့ဝန်ထမ်းအပျော်တမ်း မီးသတ်တပ်ဖွဲ့များကို တစ်နိုင်ငံလုံး မြို့နယ်အလိုက် ဖွဲ့စည်းတည်ထောင်လာခဲ့ကြပါကြောင်း၊ ဖွဲ့စည်းဆောင်ရွက်ရာတွင်လည်း မီးသတ်တပ်ဖွဲ့ဝင်များ၏ ရည်ရွယ်ချက်၊ ကိုယ်ကျင့်တရားများ၊ အပျော်တမ်းမီးသတ်အဖွဲ့များ ဖွဲ့စည်းရန် စည်းမျဉ်းဥပဒေသများ၊ အလုပ်တာဝန်ဝတ္တရားနှင့် အခွင့်အာဏာများ၊ ဝတ်စားဆင်ယင်မှုသတ်မှတ်ချက်များ၊ မီးလောင်ရာတွင် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားသတ်မှတ်ချက်များ၊ မီးသတ်စက် လေ့ကျင့်ခန်း၊ ကယ်ဆယ်ရေးနှင့် သူနာသယ်ယူပို့ဆောင်နည်းများအပါအဝင် မီးသတ်ကြိုးချည်နည်းအဆုံး စနစ်တကျပြုစုထားသည့် မီးသတ်ဌာန လက်စွဲအတိုင်း စနစ်တကျ ပြုစုလုပ်ကိုင်ခဲ့ကြသောကြောင့် အစဉ်အလာကြီးမားသည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်သည်မှာ ထင်ရှားလှပါကြောင်း၊ ထို့ကြောင့် မီးသတ်တပ်ဖွဲ့ဟူ၍ စတင်သန္ဓေတည် ပေါက်ဖွားလာခဲ့ခြင်းသည် နိုင်ငံတော်အတွက် လိုအပ်နေသည့် ပြည်သူ့အကျိုးပြု အဖွဲ့အစည်းတစ်ရပ်အဖြစ် ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်ဟု မှတ်ယူရမည် ဖြစ်ပါကြောင်း။

၁၉၄၆ ခုနှစ် မေ ၅ရက် တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ ကန်တော်ကလေးရှိ **"မိနုတ်အစ္စလာမ်"** မိန်းကလေးကျောင်းတွင် မြန်မာတစ်ပြည်လုံးတွင်ရှိသည့် မီးသတ်အဖွဲ့အစည်းများသည် ပထမအကြိမ် စေတနာ့ဝန်ထမ်းမီးသတ်အစည်းအရုံးကြီး ညီလာခံကို ကျင်းပနိုင်ခဲ့ပြီး ခရိုင် ၁၉ ခုမှ ကိုယ်စားလှယ်ပေါင်း ၁၉၇ ဦး တက်ရောက်ခဲ့ကြပါကြောင်း။

ယင်းညီလာခံကို ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်ချီးမြှင့် မိန့်ခွန်းပြောကြားခဲ့ရာ၌ **"မီးသတ်အဖွဲ့သားများ၏ တာဝန်မှာ စည်းကမ်းအရေးကြီး၍ အထူးမြင့်မြတ်သော ဝန်ထမ်းအလုပ်ကြီးဖြစ်ကြောင်း၊ စစ်တပ်များတွင် သူရဲကောင်းများ ပေါ်ပေါက်သကဲ့သို့ မီးသတ်လုပ်ငန်းတွင်လည်း သူရဲကောင်းများ ပေါ်ပေါက်ကြသည့်အနက် မီးသတ်သူရဲကောင်းမှာ သူတစ်ပါးကို တိုက်ခိုက်ရခြင်းမဟုတ်ဘဲ စွန့်စားသူများအနေဖြင့် အထူးမြင့်မြတ်သောသူရဲကောင်းများ ဖြစ်ကြောင်း"** ဖြင့် ထည့်သွင်းပြောကြား သွားခဲ့ပါကြောင်း။ အဆိုပါ မြန်မာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးညီလာခံ ကျင်းပခဲ့သည့် မေ ၅ ရက် တစ်နည်းအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ စည်းလုံးညီညွတ်စွာ ပေါင်းစည်းနိုင်ခဲ့သည့်နေ့ကို အစွဲပြုပြီး မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အဖြစ် ကျင်းပလာခဲ့သည်မှာ ယနေ့ဆိုပါက ၇၇ နှစ် တိုင်ခဲ့ပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုများနှင့်အညီ ရည်မှန်းချက်တာဝန် လေးရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ၌ မဟာဗျူဟာကျသည့်၊ အရေးကြီးကဏ္ဍများဖြစ်သည့် ကြိုတင်စီမံမှုကဏ္ဍ၊ မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်မှုကဏ္ဍ၊ ပြန်လည်သုံးသပ်မှုကဏ္ဍဟူသည့် အရေးကြီးသည့် ကဏ္ဍ သုံးခုကို တိတိကျကျ အလေးထားလိုက်နာဆောင်ရွက်ကြရခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် နှစ်စဉ်မီးလောင်မှုများ ဖြစ်ပွားလျက်ရှိရာ၌ ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ ၁၀ နှစ်တာကာလအတွင်း မီးလောင်မှုပေါင်း ၁၈၃၃၆ ကြိမ် ဖြစ်ပွားခဲ့ပြီး ငွေကျပ် ၁၅၅ ဘီလီယံကျော်ခန့် ဆုံးရှုံးခဲ့ရကြောင်းကို မီးသတ်ဦးစီးဌာန၏ မှတ်တမ်းများအရ သိရပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံး နှစ်စဉ်မီးလောင်မှု အကြိမ်ရေ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် အကြိမ်ရေ ၁၈၀၀ ကျော်ခန့် ဖြစ်ပွားပြီး ဆုံးရှုံးမှုအနေဖြင့် နှစ်စဉ် ငွေကျပ် ၁၅ ဘီလီယံခန့် ဆုံးရှုံးလျက်ရှိနေသည်ကို တွေ့ရပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် လူဦးရေတိုးပွားလာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာတာနှင့်အမျှ မီးလောင်မှုအကြိမ်သည်လည်း တိုးလာနိုင်သည်ဖြစ်သဖြင့် မီးလောင်မှုအကြိမ်ရေနှင့် မီးဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုတန်ဖိုးများ လျော့ကျစေရေးအတွက် ပြည်သူလူထုအတွင်း မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာများ စိမ့်ဝင်ပျံ့နှံ့နေအောင် လုပ်ကြရမည်ဖြစ်ပါကြောင်း။

**မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကဏ္ဍတွင် "Some People Run from Problem, Another Run to Again We Know Hero"** ဟူသည့်အတိုင်း **"လူတချို့ဟာ ပြဿနာနဲ့ဝေးရာကို ပြေးကြပြီး ပြဿနာကို ထွက်မပြေးဘဲ ရင်ဆိုင်တိုးဝင်သူကိုတော့ သူရဲကောင်းလို့ ခေါ်ကြကြောင်း"** ဟူသည့်စကားသည် မီးသတ်သမားများကို ပြောခြင်းပင်ဖြစ်ပါကြောင်း၊ မီးသတ်လုပ်ငန်းသည် စွန့်လွှတ်မှုများ၊ စွန့်စားမှုများနှင့် အသက်နှင့်ခန္ဓာကို ပေးဆပ်ပြီး လုပ်ရသည့်လုပ်ငန်းဖြစ်ကြောင်း၊ ပေးဆပ်မှုအနည်းဆုံးဖြစ်ရေး မိမိအလုပ်ကိုကျွမ်းကျင်မှုရှိရန်လိုပြီး ကျွမ်းကျင်အောင်လည်း အကြိမ်ကြိမ်လေ့ကျင့်နေရန် လိုမည်ဖြစ်ကြောင်း၊ လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲဆင်နိုင်မည်ဖြစ်သဖြင့် မီးသတ်တပ်ဖွဲ့ဝင်အဆင့်အတန်းအားလုံးအနေဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသည့် ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ် စက်ပစ္စည်းကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရေးနှင့် သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်ရေးအတွက် လေ့ကျင့်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်း။

ပြည်သူလူထုအတွင်း မတော်တဆထိခိုက်ဒဏ်ရာရရှိမှုများ၊ ဒေသအလိုက်ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရသည့်အခါ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် လူမျိုး၊ ဘာသာ အယုတ်အလတ် အမြတ် မရွေး ခွဲခြားမှုမရှိဘဲ မွန်မြတ်သည့်လူမှုရေးအသိစိတ်၊ ကရုဏာ မေတ္တာစေတနာအရင်းခံသည့် ပရဟိတစိတ်ဓာတ်များနှင့် ကူညီကယ်ဆယ်ခြင်း၊ ကူညီရွှေ့ပြောင်းခြင်းနှင့် သဘာဝဘေးကြောင့် ပိတ်ဆို့နေခြင်းများကိုပါ ရှင်းလင်းဖယ်ရှားခြင်းများအပေါ် စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ မွန်မြတ်သည့်စိတ်ထားနှင့် တာဝန်ထမ်းဆောင်နေကြသည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ဘဝကို ကိုယ်တိုင်တန်ဖိုးထားဂုဏ်ယူပြီး မီးသတ်သမားကောင်းများပီသစွာ နေထိုင်ကျင့်ကြံသွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရေး၊ စိတ်ဓာတ် စည်းကမ်း ကောင်းမွန်မှုများနှင့် မိမိတို့၏ဘဝကို ကြိုးစားမြှင့်တင်သွားကြရန်လိုအပ်ကြောင်းကို တိုက်တွန်းမှာကြားလိုပါကြောင်း။ စာမျက်နှာ ၂၀ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း Daihatsu(ပြည်တော်သာ) သုံးဘီးမီးသတ်ဆိုင်ကယ်တစ်စီးကို မီးသတ်လုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းတာဝန်ထမ်းဆောင်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အရန်မီးသတ်တပ်ရင်းမှ အသက် ၆၄ နှစ်အရွယ်ရှိ အရန်မီးသတ်တပ်ခွဲမှူး ဦးဝမ်သောင်းက လက်တွေ့မောင်းနှင်ပြသမှုကို ကြည့်ရှုအားပေးဂုဏ်ပြုစဉ်။

စာမျက်နှာ ၁၉ မှအဆက်

မီးသတ်တပ်ဖွဲ့ဝင်တိုင်းသည် မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခြင်းနှင့် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံသည့်အခါများ၌ ယဉ်ကျေးပျူငှာစွာ စည်းရုံးပြောဆိုရန် အထူးပင်လိုအပ်ပါကြောင်း၊ မီးငြှိမ်းသတ်သည့်အချိန်များတွင်လည်း ပြည်သူလူထု၏ အထင်အမြင်လွဲမှားမှုများကို စိတ်ရှည်သည်းခံပြီး အမှန်အတိုင်းသိအောင် ဝယနကာ ရှင်းပြပြောဆိုရန် လိုအပ်ပါကြောင်း၊ မီးသတ်တပ်ဖွဲ့အဖြစ် ပေါ်ပေါက်လာသည့် အချိန်မှစ၍ ယနေ့အချိန်ထိ နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးကို အစဉ်ရှေးရှုဆောင်ရွက်ပြီး မည်သည့်အခြေအနေမျိုးတွင်မဆို နိုင်ငံရေးအရောင်အသွေးမရှိဘဲ သမိုင်းအစဉ်အလာကောင်းများနှင့် ပြည်သူ့အကျိုးပြုတပ်ဖွဲ့တစ်ခုအဖြစ် ရပ်တည်လာခဲ့သည့်အတွက် မီးသတ်တပ်ဖွဲ့သည် နိုင်ငံရေးအရောင်အသွေးကင်းမဲ့သော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်းလည်း ပြောကြားလိုပါကြောင်း။

ခေတ်အဆက်ဆက်တွင် မီးသတ်တပ်ဖွဲ့အနေဖြင့် မီးငြှိမ်းသတ်ရေးနှင့် ရာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် စွန့်လွှတ်စွန့်စားစွာနှင့် စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်ခဲ့ကြသည့်ဖြစ်စဉ်သာဓကများစွာရှိခဲ့ပြီး နိုင်ငံတော်က စွမ်းရည်သတ္တိဆိုင်ရာနှင့် စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးအပ်လျက်ရှိကြောင်း။

မီးသတ်တပ်ဖွဲ့ဝင်များကို နိုင်ငံတော်က စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ တံဆိပ်များနှင့် ဂုဏ်ထူးဆောင်ဘွဲ့များ နှစ်အလိုက် ချီးမြှင့်ပေးခဲ့ရာ ၁၉၅၂ ခုနှစ်မှ ယနေ့ထိ ပြည်ထောင်စုငွေတံဆိပ်တစ်ဦး၊ လွတ်လပ်ရေးမော်ကွန်းဝင် သုံးဦး၊ ဂုဏ်ထူးဆောင်လက်မှတ် ၁၀ ဦး၊ သရေစည်သူဘွဲ့ တစ်ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ငါးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် ၁၀ ဦး၊ စီမံထူးချွန်တံဆိပ် ၂၄ ဦး၊ လူမှုထူးချွန်တံဆိပ် ၃၆ ဦး၊ သီဟဗလတံဆိပ် သုံးဦး၊ ရဲသီဟတံဆိပ် တစ်ဦး၊ ရဲသူရတံဆိပ် ၁၆ ဦး၊ ရဲဗလတံဆိပ် ၅၅ ဦး၊ ရဲသူရဲန်တံဆိပ် ၇၂ ဦး၊ ရဲကျော်စွာတံဆိပ် ၇၅ ဦး၊ ရဲကျော်သူတံဆိပ် ၄၅ ဦး စုစုပေါင်းဆုတံဆိပ် ၃၅၆ ဦး ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း။

ထိုကဲ့သို့ စွမ်းရည်သတ္တိဆိုင်ရာ ဘွဲ့၊ တံဆိပ်နှင့် လက်မှတ်များမရရှိခဲ့သော်လည်း ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် စွန့်လွှတ်မှုပေါင်းများစွာနှင့် ဆောင်ရွက်ခဲ့ကြသည့် သန္ဓေ၊ အရန်နှင့် သီးသန့်တပ်ဖွဲ့ဝင်များကိုလည်း တန်ဖိုးထား ချီးကျူးဂုဏ်ပြုပါကြောင်းကို ထည့်သွင်းပြောကြားလိုကြောင်း။

မိမိတို့အနေဖြင့် ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်တစ်ရပ်အဖြစ်ကို ရောက်ရှိအောင် တည်ဆောက်နေသည့် အချိန်အခါတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၁၂)ရပ်ကို အပြည့်အဝအောင်မြင်ရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဦးလည်မသုန် အလေးအနက်ထားပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ယနေ့မြန်မာနိုင်ငံသည် ပညာရေး၊ ကျန်းမာရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မီဒီယာစသည့် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်အောင် ဒီမိုကရေစီစံနှုန်းများနှင့်အညီ စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့မြန်မာနိုင်ငံတွင် ဟိုတယ်၊ မိုတယ်၊ စက်မှုလုပ်ငန်း အဆောက်အအုံများ၊ အထပ်မြင့်အဆောက်အအုံများ၊ စုပေါင်းပိုင်အိမ်ရာများလည်း တစ်နေ့တခြား တိုးတက်များပြားလာပြီး လူနေမှုပုံစံများ ပြောင်းလဲလာသည့်အတွက် ပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာမည့် မီးဘေးအန္တရာယ်အပါအဝင် အခြားသောဘေးအန္တရာယ်များကို မလွဲမသွေရင်ဆိုင်တွေ့ကြုံရမည်ဖြစ်ကြောင်း။

ပြည်သူတို့ တွေ့ကြုံရမည့် ဘေးအန္တရာယ် ကြီးမားကျယ်ပြန့်လာမှုသည် ပြည်သူကိုကူညီကယ်ဆယ်မည့် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ရင်ဆိုင်ဖြေရှင်းလုပ်ဆောင်ကြရမည့် တာဝန်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့်မီးသတ်တပ်ဖွဲ့၏ အခန်းကဏ္ဍသည်လည်း မြို့ပြနယ်ပယ်တွင် မြင့်မားလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက် အဟန့်အတားဖြစ်စေသည့် မီးလောင်မှုများနှင့် ပျက်စီးဆုံးရှုံးမှုများကို လျှော့နည်းကျဆင်းစေရန် မီးသတ်တပ်ဖွဲ့ဝင်များအတွက် မီးငြိမ်းသတ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့ရနိုင်သည့် ဘေးအန္တရာယ်ကို လျှော့ချနိုင်ရေးအတွက် မီးဘေးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့် ဘေးကင်းလုံခြုံစေရေး Myanmar Fire Safety Code 2020 ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၀ ရက်တွင် အတည်ပြုထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ်များ နှစ်စဉ်ပိုမိုဖြစ်ပွားကြုံတွေ့ရလျက်ရှိပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုပမာဏလည်း ပိုမိုများပြားလာကြောင်း။ မြန်မာနိုင်ငံ၏ရာသီဥတုနှင့် ပထဝီဝင်အနေအထားအရ ဒေသအလိုက် မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ ဆူနာမိဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး အစရှိသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့နိုင်သည့်အပြင် အခြားသောဓာတု၊ ဇီဝ၊ ရေဒီယိုသတ္တိကြွပစ္စည်းများ၏ အန္တရာယ်များလည်း ဖြစ်ပွားလာသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့်လည်း တိုးတက်ဖြစ်ပေါ်ပြောင်းလဲလာသည့် ဘေးအန္တရာယ်များ၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်နှင့် နိုင်ငံတကာ မီးသတ်တပ်ဖွဲ့များနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန်အတွက် မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားခံစားနေရသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် မီးသတ်တပ်ဖွဲ့အနေဖြင့် တပ်မတော်၊ ပြည်သူလူထု၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် စုပေါင်းလက်တွဲ ညီညီညွတ်ညွတ် ပါဝင်လုပ်ဆောင်ခဲ့သည်ကို တွေ့ရကြောင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာတိုင်းတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်း၊ ပညာပေးလှုံ့ဆော်ခြင်း၊ Mask ပေးဝေခြင်း၊ ဆေးရုံကြီးများနှင့် Liquid Oxygen သိုလှောင်ဖြန့်ဝေပေးခြင်း စသည့်ဆက်စပ်လုပ်ငန်းများတွင် မတော်တဆမှုများ မဖြစ်ပွားစေရန်နှင့် မီးဘေးအန္တရာယ် ကင်းဝေးစေရန် နည်းပညာရပ်ဆိုင်ရာ အထောက်အကူပေးခြင်း၊ ကိုဗစ်-၁၉ ကူးစက်ခံရသည့်လူနာများ၊ နာမကျန်းဖြစ်သူ ပြည်သူများကို သူနာတင်ယာဉ်ဝန်ဆောင်မှု(EMS) အခမဲ့ပေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း။

ထို့ပြင် Quarantine Center များတွင် ရေလိုအပ်မှုများကို မီးသတ်ရေသယ်ယာဉ်များနှင့် နေ့စဉ်အခမဲ့ရေဂါလန်ပေါင်းများစွာ ပေးလှူခဲ့သည့်အတွက် ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းကာလများတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ ပြည်သူ့အကျိုးပြု ဆောင်ရွက်မှုအနေဖြင့် မေ့မရနိုင်သည့်မှတ်တမ်းများဖြစ်ကြောင်း၊ ထို့ကြောင့်ယနေ့မီးသတ်တပ်ဖွဲ့သည် တကယ်လုပ် အဟုတ်ဖြစ်ရမည် ဆိုသည့် အနေအထားကို ရောက်ရှိနေပြီဆိုသည်ကို မှတ်တမ်းများအရ မျက်ဝါးထင်ထင်တွေ့မြင်နေရပြီဖြစ်ကြောင်း။

မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်မှုတိုင်းသည် ပြည်သူများ၏ နေထိုင်မှုဘဝလုံခြုံရေးမှစ၍ နိုင်ငံတော်တည်ဆောက်ရေးထိ အကျိုးဝင်သည့်အတွက် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် များစွာအကျိုးရှိပြီး တန်ဖိုးလည်း ကြီးမားလှကြောင်း။ ယင်းတန်ဖိုး၏ အနှစ်သာရသည် မီးသတ်တပ်ဖွဲ့အတွက် ထူးကဲသည့်ရည်မှန်းချက် တာဝန်(၄)ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့်လုပ်ငန်းစဉ်များအပေါ် မိမိတို့တာဝန်ကျရာဒေသ၏ လူနေမှုပုံစံ၊ ရိုးရာဓလေ့စရိုက်၊ ယဉ်ကျေးမှုတို့နှင့် လိုက်လျောညီထွေဖြစ်အောင် တီထွင်ကြံဆလုပ်ဆောင်နိုင်ပါမှ ပြည်သူလူထုကအားကိုးယုံကြည်လာမည်ဖြစ်ကြောင်း၊ အားကိုးယုံကြည်မှ တပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူအများက ပါဝင်ပူးပေါင်း လိုက်ပါလုပ်ဆောင်လာကြမည်ဖြစ်ကြောင်း၊ ပြည်သူအားလုံးလိုက်ပါလုပ်ဆောင်မှ မီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် မီးဘေးအန္တရာယ်ကင်းဝေးပြီး ဘေးကင်းလုံခြုံမှုရှိသည့် လူနေမှုဘဝပတ်ဝန်းကျင်ကို ရရှိနိုင်မည်ဖြစ်သကဲ့သို့ မီးသတ်တပ်ဖွဲ့၏ ဂုဏ်ကိုလည်း မြင့်မားဝင့်ထည်စေမည်ဖြစ်ကြောင်း။

ထို့ကြောင့် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူကို စည်းရုံးနိုင်မှုစွမ်းရည်၊ ပြည်သူက အားကိုးယုံကြည်လာစေနိုင်သည့်စွမ်းပကားရှိနေရန်လည်း လိုအပ်လာပြီဖြစ်ကြောင်း၊ စာမျက်နှာ ၂၁ သို့

**မီးသတ်တပ်ဖွဲ့အဖြစ် ပေါ်ပေါက်လာသည့်အချိန်မှစ၍ ယနေ့အချိန်ထိ နိုင်ငံတော်၏ အကျိုး၊ တိုင်းရင်းသားပြည်သူများ၏အကျိုးကို အစဉ်ရှေးရှုဆောင်ရွက်ပြီး ဘယ်လိုအခြေအနေမျိုးတွင်မဆို နိုင်ငံရေးအရောင်အသွေးမရှိဘဲ သမိုင်းအစဉ်အလာကောင်းများနှင့် ပြည်သူ့အကျိုးပြု တပ်ဖွဲ့တစ်ခုအဖြစ် ရပ်တည်လာခဲ့သည့်အတွက် မီးသတ်တပ်ဖွဲ့သည် နိုင်ငံရေးအရောင်အသွေးကင်းမဲ့သော အဖွဲ့အစည်းတစ်ခုဖြစ် . . .**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မီးသတ်ဦးစီးဌာနပြခန်း၌ ခင်းကျင်းပြသထားသည့် ရှေးဟောင်းမီးသတ်ယာဉ်များနှင့် ခေတ်မီမီးသတ်ယာဉ်၊ စက်ပစ္စည်းကိရိယာများနှင့် မီးသတ်လုပ်ငန်းဆိုင်ရာ ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ပြည်တော်အေးငြိမ်းမင်္ဂလာဆိုင်းနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့၏ တီးခတ်မှုနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင် အကအဖွဲ့(ယိမ်း/Dancer)များ၏ အကအလှများဖြင့် စည်ကားစုံလင်စွာ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး စသည့်လုပ်ငန်းများသည် မီးသတ်သမားများသာ လုပ်ဆောင်၍ ရနိုင်ခြင်းမျိုးမဟုတ်ဘဲ ပြည်သူများပူးပေါင်းပါဝင်ကူညီမည်ဆိုပါက အောင်မြင်သည်ကို ပြည်သူများ သိမြင်နားလည်စေရန်အတွက် မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ စေ့ဆော်စည်းရုံးနိုင်မှု အတတ်ပညာပါရှိလာရန် လိုအပ်လာပြီဖြစ်ကြောင်းကို မှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နေရာတိုင်း၊ နယ်ပယ်တိုင်း၌ အဆင့်မြင့်နည်းပညာများနှင့် ဆောင်ရွက်နေကြပြီဖြစ်ခြင်းကြောင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ကာယ၊ ဉာဏ ပိုင်းတွင် အဆင့်မြင့်အမြင်ကျယ်ရမည်ဖြစ်ကြောင်း၊ ဓာတုဗေဒနှင့် ရူပဗေဒ၏ သဘောတရား၊ အင်ဂျင်နီယာနှင့် သင်္ချာပညာအရ တွက်ချက်စိစစ်နိုင်မှုများကို အပြည့်အဝသိရှိနားလည်ပြီး အလျင်အမြန်တုံ့ပြန်ဖြေရှင်းနိုင်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ခေတ်စနစ်နှင့်အညီ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရန် ကြိုးပမ်းလေ့လာ ဆောင်ရွက်ထားကြရန်လိုအပ်သကဲ့သို့ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရန် မီးသတ်လုပ်ငန်းတွင် အဆင့်မြင့်နည်းပညာပိုင်းများနှင့် ဆောင်ရွက်နိုင်မည့် နိုင်ငံတကာနည်းတူ **"အပြည်ပြည်ဆိုင်ရာ မြို့ပြရှာဖွေကယ်ဆယ်ရေးအကြံပေးအဖွဲ့"** (International Search and Rescue Advisory Group-INSERAG) များကို ဒေသအလိုက် စုဖွဲ့လေ့ကျင့်ရေးကို အသင့်ဆောင်ရွက် ထားသင့်သည်ကို မှာကြားလိုကြောင်း။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ သမိုင်းအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းကြစေလိုကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ ပါးနှင့်အညီ နေထိုင်ကျင့်ကြံပြီး ပြည်သူလူထု၏လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းဆောင်ရွက်ပေးကြစေလိုကြောင်း။

ပြည်သူများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်မဆိုင်းဘဲ ကာကွယ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက အားသွန်ခွန်စိုက် ဆောင်ရွက်သည့်နေရာတွင် မီးသတ်တပ်ဖွဲ့ဝင်များသည်လည်း ကျရာနေရာအခန်းကဏ္ဍက ပါဝင်ကူညီဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ မီးသတ်သမားကောင်းတစ်ယောက်တွင်ရှိရမည့် ခိုင်မာတည်ကြည်သည့်စိတ်ဓာတ်၊ ရဲဝံ့စွန့်စားသည့်စိတ်ဓာတ်၊ အတွေ့အကြုံရင့်ကျက်ပြီး နည်းပညာကြွယ်ဝမှုရှိရန် ကြိုးစားသွားမည်ဆိုသည့် စိတ်ဓာတ်များနှင့် ပြည်သူကိုအလုပ်အကျွေးပြုကြရန်လိုအပ်ကြောင်း။

နိုင်ငံတကာတွင် ပြောင်းလဲတိုးတက်နေသည့် မီးသတ်လုပ်ငန်းဆိုင်ရာများကို မျက်ခြည်မပြတ် လေ့လာဆည်းပူးပြီး မိမိနိုင်ငံသားတို့အတွက် ပြန်လည်အသုံးချနိုင်ရန် အားထုတ်ကြရန်လိုအပ်ကြောင်း။

တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်မြင့်မားအောင် ကြိုးပမ်းနေခြင်းသည် တပ်ဖွဲ့တစ်ခုလုံး၏ဂုဏ်ကို မြှင့်တင်နေခြင်းဖြစ်သည်ဟု ခံယူထားရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံသားများကို မီးဘေးလုံခြုံရေးဆိုင်ရာလုပ်ငန်း၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများနှင့် အလုပ်အကျွေးပြုရာတွင် ရောင့်ရဲတင်းတိမ်စိတ်မထားဘဲလိုအပ်ချက်မရှိအောင် စွမ်းဆောင်ကြရန်လိုအပ်ကြောင်း၊ အထူးသဖြင့်မီးသတ်သမားများသည် ဘေးဒုက္ခအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေသူတိုင်းကို မိမိတို့အသက်နှင့် ခန္ဓာကိုယ်ကို အရင်းတည်ပြီး ကူညီကယ်တင် ဆောင်ရွက်ရခြင်းကြောင့် ယနေ့ကျရောက်သည့် မီးသတ်တပ်ဖွဲ့နေ့တွင် ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ရင်း ထိခိုက်ဒဏ်ရာရရှိသူ၊ အသက်ပေးသွားသူ တပ်ဖွဲ့ဝင်များ၏ ခမ်းနားလှသည့်ဂုဏ်ဒြပ်ကို အလေးပြုဦးညွှတ်ရင်း အနာဂတ်တွင် ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုများကို အနိုင်ယူသွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip ကို ပြသသည်။

ယင်းနောက် နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက မီးဘေးလုံခြုံရေးအသိပညာပေးရေးဆိုင်ရာ ဂန္ထဝင်သီချင်းဖြစ်သည့် "မီးသတ်ပြု" သီချင်းကို ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က "မီးသတ်ပြု" သီချင်း သီဆိုခဲ့သော နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေ အသက် ၉၀ နှစ်၊ မီးသတ်လုပ်ငန်းများကို စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အရန်မီးသတ်တပ်ရင်းမှ အရန်မီးသတ်တပ်ခွဲမှူး ဦးဝမ်သောင်း အသက် ၉၄ နှစ်နှင့် စစ်မှုထမ်း(ငြိမ်း) မီးသတ်ဝန်ထမ်း(ငြိမ်း) တပ်ကြပ်ကြီး ဦးထွန်းကြည် အသက် ၉၂ နှစ်တို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ထံသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် အမှတ်တရလက်ဆောင် ပေးအပ်သည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ပေးအပ်ချီးမြှင့်ခြင်းခံရသည့် အငြိမ်းစားမီးသတ်တပ်ဖွဲ့ဝင် အရာရှိကြီးများနှင့် တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ အခမ်းအနားတက်ရောက်လာကြသူများသည် မီးသတ်ဦးစီးဌာနပြခန်းတွင် ခင်းကျင်းပြသထားသည့် ရှေးဟောင်းမီးသတ်ယာဉ်များနှင့် ခေတ်မီ မီးသတ်ယာဉ်၊ စက်ပစ္စည်းကိရိယာများ၊ ပြည်တွင်းမှ မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများ ထုတ်လုပ်သည့် အသေးစားနှင့် အလတ်စား လုပ်ငန်းများ(MSME)၊ ပြည်ပမှ တင်သွင်း၊ ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီတို့မှ မီးသတ်လုပ်ငန်းဆိုင်ရာပစ္စည်းကိရိယာများ ခင်းကျင်းပြသထားမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ခန်းမအရှေ့တွင် ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် မီးသတ်ယာဉ်များကို ကြည့်ရှုစစ်ဆေးခဲ့ပြီး Daihatsu(ပြည်တော်သာ)သုံးဘီးမီးသတ်ဆိုင်ကယ်တစ်စီးကို မီးသတ်လုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းတာဝန်ထမ်းဆောင်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အရန်မီးသတ်တပ်ရင်းမှ အသက် ၉၄ နှစ်အရွယ်ရှိ အရန်မီးသတ်တပ်ခွဲမှူး ဦးဝမ်သောင်းက လက်တွေ့မောင်းနှင်ပြသမှုကို ကြည့်ရှုအားပေး ဂုဏ်ပြုခဲ့သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုညစာစားပွဲတွင် ဖျော်ဖြေတင်ဆက်ကြသူများကို ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

အဆိုပါ Daihatsu(ပြည်တော်သာ) သုံးဘီးမီးသတ်ဆိုင်ကယ်ကို ၁၉၅၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ယင်းနှစ်၌ပင် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ကာ ပါလီမန်ဒီမိုကရေစီခေတ်အတွင်း၌ ဖြစ်ပွားခဲ့သော မီးလောင်မှုကြီးများတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သော မီးသတ်ယာဉ်ဖြစ်သည်။ မီးသတ်ယာဉ်ကြီးများ မဝင်ရောက်နိုင်သည့် လမ်းသွယ်၊ လမ်းကျဉ်းများအတွင်းသို့ဝင်ရောက်ပြီး မီးငြိမ်းသတ်နိုင်သည့် မီးသတ်ယာဉ်တစ်စီးဖြစ်သည်။ အရန်မီးသတ်တပ်ခွဲမှူး ဦးဝမ်သောင်းသည် အရန်မီးသတ် တပ်ဖွဲ့တာဝန်များကို အသက် ၂၅ နှစ်အရွယ်ကတည်းကစ၍ စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် ပရဟိတစိတ်ကိုအခြေခံကာ ယခုအသက် ၉၄ နှစ်အရွယ်ထိ ၆၉ နှစ်တိုင်တိုင် စွမ်းစွမ်းတမံ ကျန်းမာစွာဖြင့် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

ညနေပိုင်းတွင် (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုညစာစားပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-II)၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များ၊ အငြိမ်းစား မီးသတ်တပ်ဖွဲ့ဝင် အရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သန္ဓေ၊ အရန်၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၏ ကိုယ်စားလှယ်များ၊ ထူးချွန်ဆုရရှိကြသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ပြည်တော်အေးငြိမ်းမင်္ဂလာဆိုင်းနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့၏ တီးခတ်မှုနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင် အဆိုရှင်များနှင့် နိုင်ငံကျော်တေးသံရှင်များက တေးသံသာများ၊ မီးသတ်တပ်ဖွဲ့ဝင် အကအဖွဲ့ (ယိမ်း/Dancer)များ၏ အကအလှများဖြင့် စည်ကားစုံလင်စွာ ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများကို ပဲခူးမြို့မှ ပင့်ဖိတ်ထားသော ဆရာတော်ကြီးများ လေ့လာဖူးမြော်ကြည်ညို



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများကို ပဲခူးမြို့မှ ပင့်ဖိတ်ထားသော ဆရာတော်ကြီးများ လေ့လာဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် မေ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော် အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပဲခူးမြို့ ဥသာသီရိစာသင်တိုက် နန်းတော်ရာရပ်မှ နိုင်ငံတော်သံဃမဟာနာယက ဆရာတော် ဘဒ္ဒန္တသူရိယ ဦးဆောင်လျက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော် စုစုပေါင်း ၉၆ ပါးတို့က ယနေ့နံနက်ပိုင်းတွင် လာရောက်လေ့လာ ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်ကြီးများအား ရှင်းလင်းဆောင်ရွက် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့်တူးဖော်ခြင်းနှင့် ကျောက်တုံးတော်ကြီးများအား ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁/ ၂/ ၃/ ၄)တို့အား ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင်ဝန်ချီစက်တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေများ၊ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အအုံ စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိကအဆောက်အအုံများဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှု အခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်ကြီးများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော် တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှု အခြေအနေများကိုလည်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်ကြီးများအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်ကြီးများ၏ ပရိတ်တရားတော်များကို နာယူခဲ့ကြကြောင်း သတင်းရရှိသည်။

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုများကို စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အောသိဒေါ့ ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သောအဖွဲ့ လေ့လာဖူးမြော်ကြည်ညို

**နေပြည်တော် မေ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော် အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အောသိဒေါ့ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV တို့ပါဝင်သောအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် လာရောက်လေ့လာ ဖူးမြော်ကြည်ညိုကြသည်။

ထိုသို့ လေ့လာဖူးမြော်ကြည်ညိုကြသည့် အဖွဲ့များကို တာဝန်ရှိသူတစ်ဦးက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့်တူးဖော်ခြင်းနှင့် ကျောက်တုံးတော်ကြီး အစိတ်အပိုင်းများကို ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းတို့ဖြင့် ပင့်ဆောင်ခဲ့ရမှုအခြေအနေများ၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁/၂/၃/၄)တို့အား ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက်တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ဆောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှု အခြေအနေများ၊ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အအုံ စိမ်းလန်းစိုပြည်သာယာလှပစေရေး သစ်ပင်ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှုအခြေအနေများ၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧည့်သည်တော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အောသိဒေါ့ ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သောအဖွဲ့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက် နေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုများကို စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အောသိဒေါ့ ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သောအဖွဲ့ လေ့လာဖူးမြော်ကြည်ညိုပြီး အမှတ်တရ ဓာတ်ပုံရိုက်စဉ်။

# မေ ၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀၈ ဦးတွေ့ရှိ

**နေပြည်တော် မေ ၅**

မေ ၄ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၀၉၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၀၈ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၅၆၆၀ ဦး |
| သေဆုံးသူ | ၁၉၄၉၂ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၅၀၄၆ ဦး |

# မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၅-၅-၂၀၁၂

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ညှော်မထ | ဧည့် | ပဲဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပွဲခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၀၀၀ | ၃၂၀၀ | ၁၈၀၀ | ၁၃၈၀၀ | ၁၅၈၀၀ | ၁၈၀၀-၁၉၀၀ | ၄၈၀၀-၆၀၀၀ | ၂၃၀၀ | ၈၅၀၀ | ၁၆၀၀၀-၁၇၇၀၀ | ၉၅၀၀ | ၁၅၀၀၀-၁၉၀၀၀ | ၂၅၀ | ၃၀၀ |
| ၂ | ရန်ကုန် | ၄၀၀၀ | ၂၅၀၀ | ၂၀၀၀ | ၁၂၀၀-၁၃၀၀၀ | ၁၀၀၀၀-၁၅၀၀၀ | ၁၂၅၀-၁၈၀၀ | ၅၀၀၀-၆၀၀၀ | ၂၅၀၀-၂၈၀၀ | ၁၂၀၀၀ | ၁၀၀၀၀-၁၃၀၀၀ | ၈၀၀၀-၉၅၀၀ | ၂၂၀၀၀-၂၃၀၀၀ | ၂၀၀-၂၅၀ | ၂၅၀-၃၀၀ |
| ၃ | မန္တလေး | ၅၀၀၀ | ၃၀၀၀ | - | ၁၃၅၀၀ | ၁၄၀၀၀ | ၁၈၀၀-၂၀၀၀ | ၅၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | - | ၁၁၀၀၀-၁၃၀၀၀ | ၂၇၀ | ၃၂၀ |
| ၄ | လားရှိုး | ၄၈၀၀ | ၂၄၀၀ | ၂၅၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၂၂၀၀-၂၅၀၀ | ၄၅၀၀-၅၀၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၅၀ | ၃၂၀ |
| ၅ | မော်လမြိုင် | ၄၃၀၀ | ၂၆၀၀ | ၂၅၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၁၆၀၀-၁၇၀၀ | ၅၅၀၀-၅၈၀၀ | ၂၅၀၀-၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၈၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၂၅၀-၃၀၀ | ၃၅၀-၄၀၀ |
| ၆ | တောင်ငူ | ၄၀၀၀ | ၂၂၅၀ | ၂၀၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၂၁၀၀၀-၂၃၅၀၀ | ၁၂၀၀-၁၄၀၀ | ၄၀၀၀-၄၅၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၈၀၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၂၅၀ | ၃၀၀ |
| ၇ | ကျိုင်းတုံ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၁၂၀၀-၁၄၀၀၀ | ၁၅၀၀၀-၁၈၀၀၀ | ၃၅၀၀-၄၅၀၀ | ၄၀၀၀-၅၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | - | ၁၈၀၀၀-၂၀၀၀၀ | ၂၅၀ | ၃၅၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅-၅-၂၀၁၂

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၄၁၅၁၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၄၀၃၃၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၅၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၄၀ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၈၀၅ ကျပ် | ၁၈၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၈၈၅ ကျပ် | ၁၉၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၇၅ ကျပ် | ၁၉၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၄၅ ကျပ် | ၁၉၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၁၅ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၈၅ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၂ . ၂၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၄ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၃ . ၂၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၃ . ၈၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၉၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)




## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်( ၁၇/၂၀၁၂ )**
၁၃၇၅ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၂ ရက်
( ၂၀၁၂ ခုနှစ်၊ မေလ ၅ ရက် )

လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) [LISU NATIONAL DEVELOPMENT PARTY (L.N.D.P)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် အမှတ်(၂၃/၁၁၈)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)** [LISU NATIONAL DEVELOPMENT PARTY (L.N.D.P)]ကို ၂၀၁၂ ခုနှစ် မေ ၅ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)** [LISU NATIONAL DEVELOPMENT PARTY (L.N.D.P)]၏ မှတ်ပုံတင်အမှတ်မှာ (၁၂)ဖြစ်ပါသည်။

(ပုံ) **သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်( ၁၈/၂၀၁၂ )**
၁၃၇၅ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၂ ရက်
( ၂၀၁၂ ခုနှစ်၊ မေလ ၅ ရက် )

ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရခိုင်ပြည်နယ် စစ်တွေမြို့ အကွက်(၁) ဆင်ကူးလမ်း အမှတ်(၁၁၄)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**ကို ၂၀၁၂ ခုနှစ် မေ ၅ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ(၁၃)ဖြစ်ပါသည်။

(ပုံ) **သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ သပ္ပေညုစေတီတော်သို့ သွားရောက်ဖူးမြော်



တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ သပ္ပေညုစေတီတော်သို့ သွားရောက်ဖူးမြော်စဉ်။

**နေပြည်တော် မေ ၅**

တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၃ ရက် နံနက်ပိုင်းက နေပြည်တော်မှ ပုဂံမြို့သို့ ထွက်ခွာခဲ့ကြရာ ညောင်ဦး လေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ မန္တလေး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်မင်းနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ယင်းနောက် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄ နာရီ မိနစ် ၅၀ တွင် ပုဂံမြို့ ရွှေစည်းခုံစေတီရှိ ချူအင် လိုင်းတန်ဆောင်း၌ ရန်ကုန်မြို့ တရုတ် သံရုံးမှ လူငယ်များနှင့် တွေ့ဆုံခဲ့ကြသည်။

ထို့နောက် တရုတ်နိုင်ငံ နိုင်ငံတော် ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ည ၇ နာရီတွင် တရုတ်နိုင်ငံအစိုးရ၏ အကူအညီဖြင့် ပြုပြင်မွမ်းမံနေသည့် သဗ္ဗေညုစေတီတော်သို့ သွားရောက်ဖူး မြော်လေ့လာကြည့်ရှုခဲ့ကြပြီး ပုဂံဘုရား များအား မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် တရုတ်နိုင်ငံ နိုင်ငံတော် ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၄ ရက် ည ၉ နာရီမိနစ် ၅၀ တွင် ညောင်ဦးမြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်မင်းနှင့် တာဝန်ရှိသူများက ညောင်ဦးလေဆိပ်၌ လိုက်ပါပို့ဆောင် နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ (Shanghai Cooperation Organisation - SCO) ၏ ဆွေးနွေးဖက်နိုင်ငံအဖြစ် ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Shanghai Cooperation Organisation - SCO) ၏ ဆွေးနွေးဖက်နိုင်ငံအဖြစ် ခွင့်ပြုကြောင်း စာချွန်လွှာကို အိန္ဒိယနိုင်ငံ ဂိုအာမြို့၌ ၂၀၂၃ ခုနှစ် မေ ၄ ရက်မှ ၅ ရက်ထိ ကျင်းပလျက်ရှိသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ နိုင်ငံခြားရေးဝန်ကြီး များအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးကာလအတွင်း အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံမတ်ကြီး ဦးမိုးကျော်အောင်နှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ၏ အထွေထွေအတွင်းရေးမှူးချုပ် Mr.Zhang Ming တို့မှ ၅-၅-၂၀၂၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် အတူ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ၏ ဆွေးနွေးဖက်နိုင်ငံများဖြစ် လာသည့် အာရပ်စော်ဘွားများပြည်ထောင်စု၊ ကူဝိတ်နှင့် မော်လ်ဒိုက်နိုင်ငံတို့မှ ကိုယ်စားလှယ်များလည်း တက်ရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) သည် အစိုးရအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၂၀၀၁ ခုနှစ် ဇွန် ၁၅ ရက်က တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ယခုအခါ (SCO) ၏ တင်းပြည့် အဖွဲ့ဝင်များမှာ တရုတ်၊ အိန္ဒိယ၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ပါကစ္စတန်၊ ရုရှား တာဂျစ်ကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့ဖြစ်ကြသည်။ (SCO) သည် အဖွဲ့ဝင် နိုင်ငံများအကြား နိုင်ငံရေး၊ ကုန်သွယ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ စွမ်းအင်၊ ပို့ဆောင်ဆက်သွယ်ရေး စသည့်နယ်ပယ်များတွင် အဓိက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်။**
**ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်**

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၅**

ကျောင်းသား၊ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီကျောင်း ပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန် နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေ ရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့် သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံ လေကြောင်းလူငယ်သင်တန်း (အကြိုးတန်းအဆင့်)နှင့် အခြေခံလေ ကြောင်းလူငယ်သင်တန်း (အငယ်တန်း အဆင့်)ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေး လျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်း လူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ ကို ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ ရေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား၊သင်တန်းသူ စုစုပေါင်း ၉၇ ဦး၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်း သူစုစုပေါင်း ၇၁ ဦး၊ တနင်္သာရီတိုင်းဒေသ ကြီး ဟိန်းဇဲမြို့ရှိ ရေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်း သူစုစုပေါင်း ဦးရေ ၆၀ တို့ကို သက်ဆိုင် ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြ များက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော် (ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြား ပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က အခြေခံ လေကြောင်းလူငယ်သင်တန်း (အကြိုးတန်း အဆင့်)နှင့် အခြေခံလေကြောင်းလူငယ် သင်တန်း (အငယ်တန်းအဆင့်)များကို မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ လေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၄၀၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံ မြို့ရှိ လေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၄၀၊ မကွေးတိုင်းဒေသကြီး မကွေး မြို့ရှိ လေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၄၀၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ မြို့ရှိ လေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၄၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ လေကြောင်းလူငယ်သင်တန်း စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၄၀၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့ရှိ လေကြောင်း လူငယ်သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၄၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန် ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေး လျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော်(လေ) လေကြောင်းလူငယ် သင်တန်းစခန်း ၁၇ ခု၌ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၆၈၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများကို သင်တန်းနည်းပြများက လေ့ကျင့်သင်ကြားပေးစဉ်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်း လူငယ်သင်တန်း (အကြိုးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းများ လေ့ကျင့်သင်ကြား ပို့ချနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန် ရှိသူများက သွားရောက်ကြည့်ရှုအားပေး ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများ နှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စု များက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မိုင်းခွဲ၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားများ ကျင်းပပြုလုပ်



ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင် ခင်းကျင်းပြသ ထားသည့် မီးသတ် ပစ္စည်းကိရိယာများကို ကြည့်ရှုစဉ်။

**နေပြည်တော် မေ ၅**

၂၀၂၃ ခုနှစ် မေ ၅ ရက် ယနေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် မြန်မာ နိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားများ ကို ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနား မြို့ ရောရပ်ကွက်ရှိ အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း အားကစား ကွင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး မြို့ရှိ လားရှိုးခရိုင် မီးသတ်ဦးစီးမှူးရုံး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ် မီးသတ်ဦးစီးဌာနမှူးရုံး၊ ရန်ကုန်တိုင်း ဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာ နိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် စစ်ရေးပြကွင်း နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ ခိုင်သဇင် ပန်းခြံရှိ မြို့တော်ခန်းမတို့၌ ပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် များအလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာန ချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန္ဓေအရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ် များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား မိန့်ခွန်းများ အသီးသီးပြောကြားကြသည်။ ထို့နောက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုရရှိကြသည့် မီးသတ် တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေများ၊ ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့် ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ပြခန်းများတွင် ခင်းကျင်းပြသထားသည့် မီးသတ်ပစ္စည်း ကိရိယာများအား လှည့်လည်ကြည့်ရှုကြပြီး မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ် ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသ မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ

**နေပြည်တော် မေ ၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌လည်းကောင်း၊ ဧရာဝတီ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်း အဝေးခန်းမ၌လည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမတို့၌လည်းကောင်း အသီးသီးပြုလုပ် ကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ် ဌာနချုပ်များမှ တိုင်းမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက သဘာဝ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ အမှာစကား များ အသီးသီးပြောကြားကြသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ



မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ပါက ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင် ရေးနှင့် တည်ဆောက်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေ များနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍ အလိုက် အသီးသီးဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီး ချုပ်များနှင့် တိုင်းမှူးများက လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း နေရောင်ပြအင်းရှိ ငါးမွေးမြူရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၅**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသ တွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ ၏စားသောက်ရေးကို အထောက်အကူဖြစ် စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊တပ်ဖွဲ့များ၌ စိုက်ပျိုး၊မွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန် ရှိသူများသည် တိုင်းစစ်ဌာနချုပ်ရှိ နေရောင် ပြအင်း ငါးမွေးမြူရေးဆောင်ရွက်ထားရှိမှု နှင့် ဘဲမွေးမြူရေးဆောင်ရွက်ထားရှိမှု၊ စံပြဘက်စုံ စိုက်ပျိုး၊မွေးမြူရေးခြံရှိ Evap Type ဥစားကြက် မွေးမြူရေးလုပ်ငန်း၊ DYL ဝက်မွေးမြူရေးလုပ်ငန်း၊ နို့စားနွား မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိ မှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ် လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက် နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက် ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက် ဆေးကုသမှု ခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် မေ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသ ကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ဧရာဝတီ တိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံ ဆေးတပ်ရင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော သာသနာ့နွယ်ဝင်သီလရှင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များ က သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထား မှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေ များကို ရင်းရင်းနှီးနှီးမေးမြန်း အားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေ များ ပေးအပ်ကြသည်။


ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

**သဇင်(FM) အသံလွှင့်အစီအစဉ်**

၆-၅-၂၀၂၃ (စနေနေ့)

| | | |
|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၁း၀၀ | စစ်သည်ကဏ္ဍ |
| ၃။ | ၁၄း၃၀ | လေ့လာမှတ်သား ရိုးရာစကားပုံများ |
| ၄။ | ၁၆း၀၀ | ကမ္ဘာကျော်တို့ အနုပညာခရီး |
| ၅။ | ၁၈း၂၀ | Thazin Request Song |

# ပုသိမ်ကြီးမြို့နယ် “အောင်သပြေ”ရွှေဆိုင်နှင့် ပြည်ကြီးတံခွန်မြို့နယ် “ထိပ်တန်း”ရွှေဆိုင်တို့ကို ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သည့် တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိ




**နေပြည်တော် မေ ၅**

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နာရီစင်အနီးရှိ “အောင်သပြေ” ရွှေဆိုင်သို့ စီစစ်ဆဲ ကျား လေးဦးက ဆိုင်ကယ် နှစ်စီးဖြင့် ရောက်ရှိလာပြီး ပစ္စတိုတစ်ချက် မိုးပေါ်သို့ပစ်ဖောက်ပြီး ရွှေဆိုင်အတွင်းဝင်ရောက်ကာ ဆိုင်ဝန်ထမ်းများကို လက်နက်ဖြင့် ခြိမ်းခြောက်၍ ရွှေလက်ကောက် ၁၀ ကွင်း၊ ရွှေဆွဲကြိုး မျိုးစုံအကုံး ၈၀၊ ရွှေလက်စွပ်မျိုးစုံ အကွင်း ၂၀၀နှင့် ဟမ်းချိန်းအကွင်း ၆၀ စုစုပေါင်း ကာလတန်ဖိုးငွေကျပ်သိန်း ၁၅၀၀ ခန့်ကို ဓားပြတိုက်လုယက်ယူဆောင်သွားခဲ့သည်။

အလားတူ ၂၀၂၃ ခုနှစ် ဧပြီ ၁၉ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် (ဇ)ရပ်ကွက် စက်မှုဈေးအနီးရှိ “ထိပ်တန်း”ရွှေဆိုင်သို့ စီစစ်ဆဲ ကျား လေးဦးသည် ပစ္စတိုနှစ်လက် ကိုင်ဆောင်၍ ရောက်ရှိလာပြီး ဆိုင်ဝန်ထမ်းများကို လက်နက်ဖြင့် ခြိမ်းခြောက်၍ ရွှေလက်ကောက် ၃၀ ကျပ်သား၊ ရွှေဆွဲကြိုး ၇၀ ကျပ်သား၊ ရွှေနားကပ်အရန် ၅၀၊ ရွှေကလစ် ၁၀ ခု စုစုပေါင်း ကာလတန်ဖိုးငွေကျပ်သိန်း ၂၇၀၀ ခန့်ကို ဓားပြတိုက်လုယက်ယူဆောင်သွားခဲ့သည်။

သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော အကြမ်းဖက်ဓားပြတိုက်လုယက်မှုများကို မလိုလားသည့် ဒေသခံပြည်သူလူထုက မဟာအောင်မြေမြို့နယ် ကမ်းနားလမ်း ၄၀-၄၁ လမ်းကြား ရတနာပုံသဘော်ကျင်းအနီးတွင် နေထိုင်သူ **မျိုးနိုင်ဝင်း(ခ)နိုင်ဝင်း**သည် အလုပ်အကိုင်အတည်တကျမရှိဘဲ ငွေကြေးများ အလွန်အကျွံ သုံးစွဲနေခြင်း၊အဖိုးတန်အသုံးအဆောင်ပစ္စည်းများ ဝယ်ယူဝတ်ဆင်နေခြင်းများပြုလုပ်လျက်ရှိကြောင်း လျှို့ဝှက်သတင်းပေးပို့ခဲ့သဖြင့် မေ ၂ ရက် နေ့လယ်ပိုင်းတွင် တရားခံ **မျိုးနိုင်ဝင်း(ခ)နိုင်ဝင်း**ကို “အောင်သပြေ”ရွှေဆိုင်မှ ဓားပြတိုက်လုယက်ယူဆောင်ခဲ့သည့် **ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေနားကပ် တစ်ရန်၊ ရွှေလက်စွပ်တစ်ကွင်း စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၁၈ သိန်းခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့**သည်။



**၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ပုသိမ်ကြီးမြို့နယ် နာရီစင်အနီးရှိ “အောင်သပြေ”ရွှေဆိုင်ကို ဓားပြတိုက်ခံရသည့် မှတ်တမ်းဓာတ်ပုံ။**




**“အောင်သပြေ”ရွှေဆိုင်၌ ဓားပြတိုက်လုယက်ခံရသည့် CCTV မှတ်တမ်းဓာတ်ပုံ။**

ဖမ်းဆီးရမိတရားခံ **မျိုးနိုင်ဝင်း(ခ)နိုင်ဝင်း**၏ ထွက်ဆိုချက်အရ မေ ၃ ရက် နေ့လယ်ပိုင်းတွင် ဓားပြတိုက်လုယက်ရာတွင် ခေါင်းဆောင်ခဲ့သူ **ပိုင်လင်းခန့်(ခ)ကိုပိုင်**ကို ဝမ်းတွင်းမြို့နယ် အမှတ်(၂) ရပ်ကွက် မြို့ဝင်ဘီးခွန်ကောက်ခံသော နေရာတွင်လည်းကောင်း၊ ဓားပြတိုက်လုယက်မှုများကျူးလွန်ရာတွင်ပါဝင်ခဲ့သည့် **ဇော်မင်းထက်(ခ)အပု**နှင့် **ခန့်ညီညီ(ခ)ခန့်ညားလွင်**တို့ကို မဟာအောင်မြေမြို့နယ် ရဲမှန်တောင်ရပ်ကွက် မြို့ပတ်လမ်း ၃၇-၃၈ လမ်းကြားရှိ R1 KTV အနီး၌ “အောင်သပြေ” ရွှေဆိုင်မှ ဓားပြတိုက်လုယက်ယူဆောင်ခဲ့သည့် **ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေနားကပ် လေးရန်၊ ရွှေလက်စွပ်နှစ်ကွင်း၊ငွေကျပ်သိန်း ၆၀ တို့နှင့်လည်းကောင်း** အသီးသီး ထပ်မံ**ဖမ်းဆီးရမိခဲ့**သည်။

ဖမ်းဆီးရမိ တရားခံ **ပိုင်လင်းခန့်(ခ)ကိုပိုင်**၏ ထွက်ဆိုချက်အရ ဓားပြတိုက်လုယက်ယူဆောင်ခဲ့သည့် ရွှေထည်ပစ္စည်းနှင့် ငွေကြေးများကို ၎င်း၏ မိခင် တင့်တင့်ထွေးထံတွင် အပ်နှံထားကြောင်း ဖော်ထုတ်သိရှိရသဖြင့် မေ ၄ ရက်တွင် မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်ရှိ တရားခံ **ပိုင်လင်းခန့်(ခ)ကိုပိုင်**၏ နေအိမ်ကိုသွားရောက်ရှာဖွေခဲ့ရာ **တင့်တင့်ထွေး**နှင့် **ပိုင်လင်းခန့်(ခ)ကိုပိုင်**နှင့် တရားမဝင်ပေါင်းသင်းနေထိုင်သူ **မေရီ**တို့ကို ဓားပြတိုက်လုယက်ရာတွင် အသုံးပြုခဲ့သည့် ပစ္စတိုနှစ်လက်၊ ကျည်အိမ်နှစ်ခု၊ ပွိုင့်-၃၈၀ ကျည်နှစ်တောင့်၊ ငွေကျပ်သိန်း ၂၀၀၊ ရွှေထည်ပစ္စည်းမျိုးစုံ ၁၆ ခု (ကာလတန်ဖိုး ငွေကျပ် ၆၁ သိန်း ကိုးသောင်း)တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **တင့်တင့်ထွေး**၏ ထွက်ဆိုချက်အရ ဓားပြတိုက်လုယက်ယူဆောင်ခဲ့သည့် ရွှေထည်ပစ္စည်းများကို “စိန်မြင့်မိုရ်”ရွှေဆိုင်နှင့် “မန္တလာရွှေစင်” ရွှေသန့်စင်ဆိုင်များသို့ သွားရောက်ရောင်းချခဲ့ကြောင်းဖော်ထုတ်သိရှိရသဖြင့် မေ ၄ ရက် နေ့လယ်ပိုင်းတွင် “စိန်မြင့်မိုရ်” ရွှေဆိုင်ပိုင်ရှင် **ချစ်ဦး**နှင့် “မန္တလာရွှေစင်” ရွှေသန့်စင်ဆိုင်ပိုင်ရှင် **ထွန်းဝင်း**တို့ကို “ထိပ်တန်း” ရွှေဆိုင်မှ ဓားပြတိုက်လုယက်ယူဆောင်သွားသော ရွှေထည်ပစ္စည်းများအား ပုံစံဖျက်ထားသည့် ရွှေအလေးချိန် ၁၈ ကျပ်သားခန့်(ကာလတန်ဖိုးငွေကျပ် ၅၃၂ သိန်းခန့်)တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဖမ်းဆီးရမိတရားခံ **ခန့်ညီညီ(ခ)ခန့်ညားလွင်**၏ ထွက်ဆိုချက်အရ ဓားပြတိုက်လုယက်ယူဆောင်ခဲ့သည့် ရွှေထည်ပစ္စည်းများကို “ဝင့်ထည်ဝါ” ရွှေကောက်လုပ်ငန်း၊ “စိန်ရွှေမြ” ရွှေကောက်လုပ်ငန်းနှင့် “အောင်ပြည့်ဖြိုး” ရွှေကောက်လုပ်ငန်းများထံ သွားရောက်ရောင်းချခဲ့ကြောင်းဖော်ထုတ်သိရှိရသဖြင့် မေ ၄ ရက် ညနေပိုင်းတွင် “ဝင့်ထည်ဝါ” ရွှေကောက်လုပ်ငန်းပိုင်ရှင် **အောင်ရဲနိုင်ဝင်း**၊ “စိန်ရွှေမြ” ရွှေကောက်လုပ်ငန်းပိုင်ရှင် **မြသဥ္စာ**နှင့် “အောင်ပြည့်ဖြိုး” ရွှေကောက်လုပ်ငန်းပိုင်ရှင် **ဝင်းနိုင်(ခ)ရနိုင်ကြီး**တို့ကို ငွေကျပ်သိန်း ၅၀ နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **ပိုင်လင်းခန့်(ခ)ကိုပိုင်**၊ **တင့်တင့်ထွေး**နှင့် **မေရီ**တို့သည် မန္တလေးမြို့အတွင်း ဓားပြတိုက်လုယက်မှုများ ဆောင်ရွက်ရန်အတွက် ပစ္စတိုတစ်လက်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် မြစ်ကြီးနားမြို့သို့ သွားရောက်၍ KIA အဖွဲ့ဝင် အမျိုးသား စီစစ်ဆဲ တစ်ဦးထံမှ ငွေကျပ်သိန်း ၅၀ ကျပ်ဖြင့်လည်းကောင်း၊ ဧပြီ ၉ ရက်တွင် ပစ္စတိုတစ်လက်ကို မူဆယ်မြို့သို့သွားရောက်၍ ဖမ်းဆီးရန်ကျန်တရားခံ **ခိုင်ကွမ်းဇေး**ထံမှ ပစ္စတို တစ်လက်နှင့် ခဲယမ်းများကို



**ဧပြီ ၁၉ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် (ဇ)ရပ်ကွက် စက်မှုဈေးအနီးရှိ “ထိပ်တန်း”ရွှေဆိုင်ကိုဓားပြတိုက်ခံရသည့် မှတ်တမ်းဓာတ်ပုံ။**




**“ထိပ်တန်း”ရွှေဆိုင်၌ ဓားပြတိုက်မှုဖြစ်ပွားခဲ့သည့် CCTV မှတ်တမ်းဓာတ်ပုံ။**

**စာမျက်နှာ ၂၇ သို့**





စားပြတိုက်ရာတွင် ပါဝင်ခဲ့သည့် တရားခံများနှင့် သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်း၊ ငွေကြေးနှင့် ရွှေထည်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၆ မှအဆက်**

ငွေကျပ်သိန်း ၁၀၀ ဖြင့်လည်းကောင်း ဝယ်ယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **ပိုင်လင်းခန့်(ခ)ကိုပိုင်**သည် မန္တလေးမြို့ပေါ်တွင် သေနတ်ဖြင့် ခြိမ်းခြောက်၍ ရွှေဆိုင်များကို စားပြတိုက်လုယက်ရန်အတွက် **ခန့်ညီညီ(ခ)ခန့်ညားလွင်၊ မျိုးနိုင်ဝင်း(ခ)နိုင်ဝင်း**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ကိုသက်**တို့ကို စည်းရုံးပြောဆိုခဲ့ပြီး ရွှေဆိုင်များအား လိုက်လံကြည့်ရှုခဲ့ကြောင်း၊ ပုသိမ်ကြီးမြို့နယ် နာရီစင်အနီးရှိ "အောင်သပြေ"ရွှေဆိုင်တွင် အမျိုးသမီးဝန်ထမ်းများသာ ခန့်ထားသည်ကို တွေ့ရှိသဖြင့် စားပြတိုက်လုယက်ရန် ကြိုတင်သတ်မှတ်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၂ ရက်နေ့လယ်ပိုင်းတွင် တရားခံ **ပိုင်လင်းခန့်(ခ)ကိုပိုင်**က ဦးဆောင်၍ **ခန့်ညီညီ(ခ)ခန့်ညားလွင်၊ မျိုးနိုင်ဝင်း(ခ)နိုင်ဝင်း**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ကိုသက်**တို့သည် ပစ္စတို တစ်လက်ကို ကိုင်ဆောင်ကာ ဆိုင်ကယ်နှစ်စီးဖြင့် "အောင်သပြေ"ရွှေဆိုင်သို့ သွားရောက်ခဲ့ပြီး ရွှေလက်ကောက် ၁၀ ကွင်း၊ ရွှေဆွဲကြိုးမျိုးစုံအကုံး ၈၀၊ ရွှေလက်စွပ်မျိုးစုံအကွင်း ၂၀၀ နှင့် ဟမ်းချိန်းအကွင်း ၆၀ စုစုပေါင်း ကာလတန်ဖိုးငွေကျပ်သိန်း ၁၅၀၀ ခန့်ကို စားပြတိုက် လုယက်ယူဆောင်ခဲ့ကြောင်း၊ ရရှိခဲ့သည့် ရွှေထည်ပစ္စည်းများကို ငါးပုံခွဲကာ **ပိုင်လင်းခန့်(ခ)ကိုပိုင်**က နှစ်ပုံ၊ **ခန့်ညီညီ(ခ)ခန့်ညားလွင်၊ မျိုးနိုင်ဝင်း(ခ)နိုင်ဝင်း**နှင့်ဖမ်းဆီးရန်ကျန်တရားခံ **ကိုသက်**တို့က တစ်ပုံစီခွဲဝေယူခဲ့ကြောင်း၊ တရားခံ **ခန့်ညီညီ(ခ)ခန့်ညားလွင်**က ၎င်းရရှိသည့် ရွှေထည်ပစ္စည်းများကို "ဝင့်ထည်ဝါ" ရွှေကောက်လုပ်ငန်းပိုင်ရှင် **အောင်ရဲနိုင်ဝင်း၊** "စိန်ရွှေမြ" ရွှေကောက်လုပ်ငန်းပိုင်ရှင် **မြသဉ္စာ**နှင့် "အောင်ပြည့်ဖြိုး"ရွှေကောက်လုပ်ငန်းပိုင်ရှင် **ဝင်းနိုင်(ခ)ရဲနိုင်ကြီး**တို့ထံ ငွေကျပ်သိန်း ၁၅၀ ဖြင့် ရောင်းချခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အလားတူ ဧပြီ ၁၇ ရက် နေ့လယ်ပိုင်းတွင် တရားခံ **ပိုင်လင်းခန့်(ခ)ကိုပိုင်**သည် "ထိပ်တန်း"ရွှေဆိုင်ကို သွားရောက်အခြေအနေကြည့်ခဲ့ရာ ဆိုင်ဝန်ထမ်းအနည်းငယ်သာရှိပြီး အမျိုးသမီးများသာဖြစ်သဖြင့် စားပြတိုက်လုယက်ရန် ကြိုတင်သတ်မှတ်ခဲ့ကြောင်း၊ ထို့နောက် ဧပြီ ၁၉ ရက်တွင် **ပိုင်လင်းခန့်(ခ)ကိုပိုင်၊ မျိုးနိုင်ဝင်း(ခ)နိုင်ဝင်း၊ ဇော်မင်းထက်(ခ)အပု**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **မျိုးဇင်ဟိန်း**တို့သည် ပစ္စတိုနှစ်လက်နှင့်ဓားများကိုင်ဆောင်၍ "ထိပ်တန်း"ရွှေဆိုင်သို့ သွားရောက်၍ ရွှေလက်ကောက် ၃၀ ကျပ်သား၊ ရွှေဆွဲကြိုး ၇၀ ကျပ်သား၊ ရွှေနားကပ်အရံ ၅၀၊ ရွှေကလစ် ၁၀ ခု စုစုပေါင်း ကာလတန်ဖိုး ငွေကျပ်သိန်း ၂၇၀၀ ခန့်ကို စားပြတိုက် လုယက်ယူဆောင်ခဲ့ကြောင်း၊ စားပြတိုက် လုယက်ရရှိခဲ့သည့် ရွှေထည်ပစ္စည်းများကို **ပိုင်လင်းခန့်(ခ)ကိုပိုင်**၏မိခင်**တင့်တင့်ထွေး**က "စိန်မြင့်မိုရ်"ရွှေဆိုင်ပိုင်ရှင် **ချစ်ဦး**နှင့် "မန္တလာရွှေစင်"ရွှေသန့်စင်ဆိုင် ပိုင်ရှင် **ထွန်းဝင်း**တို့ထံ ငွေကျပ် ၅၁၂ သိန်းဖြင့် ရောင်းချခဲ့ပြီး **မျိုးနိုင်ဝင်း(ခ)နိုင်ဝင်း၊ ဇော်မင်းထက်(ခ)အပု**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **မျိုးဇင်ဟိန်း**တို့ကို ငွေကျပ်သိန်း ၁၀၀ စီခွဲဝေပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ဖြစ်စဉ်တွင် စားပြတိုက်လုယက်မှုကျူးလွန်ခဲ့သည့်တရားခံကျား ရှစ်ဦး၊ မ သုံးဦး စုစုပေါင်း ၁၁ ဦးတို့ကို ပစ္စတို နှစ်လက်၊ ကျည်အိမ်နှစ်ခုနှင့်-၃၈ဝကျည်နှစ်တောင့်၊ စားပြတိုက်လုယက်ယူဆောင်ခဲ့သည့် ရွှေထည်ပစ္စည်းမျိုးစုံ (ကာလတန်ဖိုးငွေကျပ် ၆၄၅၉၀၉၀၀)၊ ငွေကျပ်သိန်း ၂၆၀ ရရ ပေါင်းငွေကျပ် ၉၀၅၉၀၉၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး** သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အချိန်နှင့်တစ်ပြေးညီ မဆုတ်မနစ်ကြိုးပမ်းဖော်ထုတ်ခြင်း၊ တာဝန်သိ ပြည်သူအချို့ကလည်း အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ပူးပေါင်းပါဝင်ခြင်းများကြောင့် စားပြတိုက်လုယက်ခဲ့သည့်ဖြစ်စဉ်ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စားပြတိုက်လုယက်ယူဆောင်သွားသည့် ရွှေထည်ပစ္စည်းများကို ထုခွဲရောင်းချရာ၌ တရားမဝင်လက်ခံဝယ်ယူခဲ့သည့် "စိန်မြင့်မိုရ်"ရွှေဆိုင်၊ "မန္တလာရွှေစင်" ရွှေသန့်စင်ဆိုင်၊ "ဝင့်ထည်ဝါ" ရွှေကောက်လုပ်ငန်း၊ "စိန်ရွှေမြ" ရွှေကောက်လုပ်ငန်းနှင့် "အောင်ပြည့်ဖြိုး" ရွှေကောက်လုပ်ငန်းတို့ကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စားပြတိုက်လုယက်မှုတွင် ပါဝင်ကျူးလွန်ခဲ့သည့် တရားခံပြေးနှစ်ဦးကိုလည်း ဆက်လက်ဖော်ထုတ်၍ အမြန်ဆုံးဖမ်းဆီးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့် အဆိုပါတရားခံပြေးများကို တွေ့မြင်သိရှိရပါက လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့်ဖမ်းဆီးပေးသူများကို ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများ တားဆီး ဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေးတို့အတွက် နေ့ညမပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။





သိမ်းဆည်းရမိ ငွေကြေးနှင့် ရွှေထည်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



စားပြတိုက်လုယက်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။





သိမ်းဆည်းရမိ ငွေကြေးနှင့် ရွှေထည်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ကြောက်ရွံ့၍ဖြစ်စေလိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင်ပြစ်မှုနှင့် သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ဥက္ကာခန့်လှိုင်(ခ) လူပေါ်သည် ၎င်းအသုံးပြုသည့် "Oak kar" Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ရွှေဇင်ယော်ရပ်ကွက်နေ ဣန္ဒြာခင်ခင်(ခ)မီးငယ်သည် ၎င်းအသုံးပြုသည့် "Eaindra Khin Khin" Facebook အကောင့်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာနေ စည်သူဖြိုး(ခ)စည်သူသည် ၎င်းအသုံးပြုသည့် "SithuPhyo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် အမှတ်(၉၄) ရပ်ကွက်နေ ကျော်မင်းနိုင်(ခ)ကျော်မင်းသည် ၎င်းအသုံးပြုသည့် "Kyaw Minn" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

# ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းက မုန်တိုင်းတစ်ခုဖြစ်လာနိုင်သဖြင့် အိန္ဒိယနိုင်ငံ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေ



**နယူးဒေလီ မေ ၅**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင်ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းသည် မကြာမီ ဆိုင်ကလုန်းမုန်တိုင်း တစ်ခုအဖြစ် ပြောင်းလဲနိုင်သောကြောင့် အိန္ဒိယနိုင်ငံအနေဖြင့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေကြောင်း ZEE News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းသည် မေ ၈ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်ပြောင်းလဲပြီး မြောက်ဘက် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းသို့ ရွေ့လျားနိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ခန့်မှန်းထားကြောင်း သိရသည်။

"ဘင်္ဂလားပင်လယ်အော်မှာဖြစ်ပေါ်နေတဲ့ လေဖိအားနည်းရပ်ဝန်းဟာ ဆိုင်ကလုန်းမုန်တိုင်းဖြစ်လာမယ်ဆိုရင် ဘယ်ဘက်ကိုဆက်လက်ရွေ့လျားမလဲဆိုတာကွဲလွဲမှုများစွာရှိနေပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့နှစ်တွေက ဘင်္ဂလားပင်လယ်အော်မှာ ဖြစ်ပေါ်ခဲ့တဲ့ မုန်တိုင်းတွေဟာ အနောက် ဘင်္ဂလားပြည်နယ်ကို ဝင်ရောက်လေ့ရှိတဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်နေပါတယ်"ဟု ကိုးလ်ကတ္တားဒေသဆိုင်ရာမိုးလေဝသစင်တာမှ မိုးလေဝသဒါရိုက်တာ KG Das က ပြောကြားခဲ့သည်။

မုန်တိုင်းအန္တရာယ်ကာကွယ်ရေးအတွက် မေ ၂ ရက်က ပြည်နယ်အတွင်းဝန် H K Dwivedi က ပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့၊ အမျိုးသားသဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့၊ ကမ်းခြေစောင့်ရဲတပ်ဖွဲ့တို့နှင့် တွေ့ဆုံကာ ကြိုတင်ပြင်ဆင်မှုစီမံချက်တစ်ရပ်ကိုရေးဆွဲခဲ့ကြောင်း၊ ပြည်နယ် ဝန်ကြီးချုပ်အနေဖြင့်လည်း မုန်တိုင်းနှင့်ပတ်သက်၍ အထူးကယ်ဆယ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာအားလုံးပူးပေါင်းဆောင်ရွက်သွားရန် ညွှန်ကြားထားကြောင်း သိရသည်။ AZH

# ရာသီဥတုဖောက်ပြန်မှုကြောင့် ဘရာဇီးနိုင်ငံသား သုံးသန်းခန့် အငတ်ဘေးဖြင့်ရင်ဆိုင်ရဖွယ်ရှိ

**ဘရာစီးလီးယား မေ ၅**

ဘရာဇီးနိုင်ငံသည် ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်တက်သည့်နိုင်ငံများစာရင်းတွင် ပါဝင်နေပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်ရာတွင် အားနည်းနေသည့်အတွက် ၂၀၃၀ ပြည့်နှစ်မတိုင်မီ ရာသီဥတုဖောက်ပြန်မှုကြောင့် အငတ်ဘေးဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် ဘရာဇီးနိုင်ငံသား သုံးသန်းခန့်ထိမြင့်တက်လာနိုင်ကြောင်း အမေရိကန်အခြေစိုက် ကမ္ဘာ့ဘဏ်မှ သုတေသီများက ထုတ်ပြန်ခဲ့ သည်ဟု US News သတင်းဌာန က မေ ၄ ရက်တွင် ရေးသားဖော် ပြခဲ့သည်။

ဘရာဇီးနိုင်ငံသည် တောင်အမေရိကနိုင်ငံများအနက် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍ အဖွံ့ဖြိုးဆုံးသော နိုင်ငံဖြစ်သော်လည်း ပိုင်ဆိုင်ထားသော သဘာဝအရင်းအမြစ်ပမာဏနှင့်ယှဉ်လျှင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်ရာတွင် အားနည်းနေဆဲဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က သုံးသပ်ခဲ့သည်။

"ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကူးပြောင်းရေးအတွက် ဘရာဇီးနိုင်ငံမှာ သဘာဝအရင်းအမြစ်လုံလုံလောက်လောက်ရှိပါတယ်။ ဒါကိုအပြည့်အဝအသုံးချပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို တိုးတက်အောင် ဆောင်ရွက်သွားသင့်တယ်။ ဘရာဇီးနိုင်ငံအနေနဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှာ အခုကစပြီး ၂၀၅၀ ပြည့်နှစ်အတွင်း နှစ်စဉ် GDP ရဲ့ သုညဒသမ ၅ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရင် အငတ်ဘေးဒုက္ခသည်ဦးရေမြင့်တက်လာမဲ့အရေးကို ကာကွယ်နိုင်မှာဖြစ်ပါတယ်"ဟု ဘရာဇီးနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်ဒါရိုက်တာ ဂျိုဟန်နက်စ်က ပြောကြားခဲ့သည်။

၂၀၃၀ ပြည့်နှစ်အတွင်း တောင်အမေရိကတိုက်တွင် ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်မားလာနိုင်ပြီး ဖွံ့ဖြိုးဆဲ တောင်အမေရိကနိုင်ငံများ၌ သဘာဝဘေးအန္တရာယ်များဖြစ်သည့် မိုးခေါင်မှုပြဿနာ၊ ရေကြီးရေလျှံမှုပြဿနာ၊ တောမီးလောင်ကျွမ်းမှုပြဿနာများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေပြီး သဘာဝဘေးအန္တရာယ်များကြောင့် ကုန်ဈေးနှုန်းမြင့်တက်မှုအပြင် လုပ်ငန်းများ၌ လုပ်သားအင်အား လျော့ချမှုတို့ကြောင့် အငတ်ဘေးဒုက္ခသည် အမြောက်အမြားရှိလာနိုင်ကြောင်း ကမ္ဘာ့ဘဏ်က သုံးသပ်ခဲ့သည်။ **နိုင်းဆက်**



# ဖူဂိုမီးတောင်ပေါက်ကွဲမှုကြောင့် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန်ညွှန်ကြား

**ဂွါတီမာလာစီးတီး မေ ၅**

ဂွါတီမာလာနိုင်ငံ အန်တီဂွာမြို့အနီးရှိ ဖူဂိုမီးတောင်သည် မေ ၄ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးတောင်အနီးပတ်ဝန်းကျင်တွင် နေထိုင်သော ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ဂွါတီမာလာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း Barrons သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဖူဂိုမီးတောင်သည် အမေရိကတိုက်အလယ်ပိုင်းတွင် သက်ဝင်လှုပ်ရှားမှုနှုန်း အမြင့်မားဆုံးသော မီးတောင်ဖြစ်သလို ပေါက်ကွဲမှုဖြစ်စဉ်လည်း မကြာခဏဖြစ်ပွားသည့် မီးတောင်ဖြစ်ကြောင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အတွင်းမှ ချော်ရည်ငွေ့များ နေရာအနှံ့ပျံ့နှံ့လျက်ရှိပြီး အနီးပတ်ဝန်းကျင်ဒေသများတွင်လည်း လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေကြောင်း သိရသည်။

"ဖူဂိုမီးတောင်ဟာ မေ ၄ ရက်မှာ ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားခဲ့ပါတယ်။ မီးတောင်ပေါက်ကွဲမှုအခြေအနေပေါ်မူတည်ပြီး အန္တရာယ်ဇုန်တွေကိုလဲ အဆင့်လိုက်သတ်မှတ်ပေးထားပါတယ်။ မီးတောင်အနီးဖြတ်သန်းသွားလာနိုင်တဲ့လမ်းတွေကိုလဲ ယာယီပိတ်ထားပါတယ်။ သတ်မှတ်ထားတဲ့ အန္တရာယ်ဇုန်အတွင်း ဖြတ်သန်းသွားလာခြင်းမပြုဖို့လဲ တားမြစ်ချက်တွေထုတ်ပြန်ထားပါတယ်။ လောလောဆယ် မီးတောင် ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိသေးပါဘူး"ဟု မြို့ပြကာကွယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂါစီယာက ပြောကြားခဲ့သည်။

မီးတောင်ပေါက်ကွဲမှုကြောင့် အန္တရာယ်ဇုန်အဖြစ် သတ်မှတ်ထားသည့်ဧရိယာတွင် နေထိုင်သော ဒေသခံ ၃၅၀ ကျော်မှာ မေ ၄ ရက်၌ ဘေးလွတ်ရာသို့အရေးပေါ် ရွှေ့ပြောင်းခဲ့ရပြီး မီးတောင်ပေါက်ကွဲမှုအခြေအနေပေါ်မူတည်၍ အခြားသော ဒေသခံများကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားသွားမည်ဖြစ်ကြောင်း ဂါစီယာက ပြောကြားခဲ့သည်။

**နိုင်းဆက်**

# အယ်ဘတ်တာပြည်နယ်မြောက်ပိုင်းတောမီးကြောင့် လူထောင်ပေါင်းများစွာအိုးအိမ်စွန့်ခွာထွက်ပြေး

**အော့တဝါ မေ ၅**

ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်မြောက်ပိုင်းတွင် လောင်ကျွမ်းလျက်ရှိသော တောမီးသည် ထိန်းချုပ်မရသောအခြေအနေသို့ ရောက်ရှိနေသဖြင့် ဒေသခံထောင်ပေါင်းများစွာ နေအိမ်စွန့်ခွာထွက်ပြေးလျက်ရှိကြောင်း အယ်ဘတ်တာပြည်နယ်မီးသတ်တပ်ဖွဲ့က ထုတ်ပြန်သောသတင်းများကို ကိုးကား၍ CBC သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အယ်ဘတ်တာပြည်နယ် Fox Lake ဒေသတွင် လောင်ကျွမ်းလျက်ရှိသောတောမီးသည် သစ်တောမြေဧက ၄၄၀၀ ကို လောင်ကျွမ်းလျက်ရှိရာ ထိန်းချုပ်ရန်ခက်ခဲသော အခြေအနေသို့ ရောက်ရှိနေသဖြင့် ဒေသခံ ၃၇၀၀ ခန့်သည် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေကြရကြောင်း သိရသည်။

တောမီး လောင်ကျွမ်းမှုမှာ သိသိသာသာကြီးထွားလာနေပြီး အနောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိကာ ဒေသခံများဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရပုံကို အယ်ဘတ်တာပြည်နယ် Little Red River Cree Nation လူမှုအသိုင်းအဝိုင်း၏ အကြီးအကဲဖြစ်သူ Conroy Sewepagaham က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြခဲ့သည်။

တောမီးကြောင့် မေ ၄ရက်တွင် အိမ်ခြေအလုံး ၂၀၊ ရဲစခန်းနှင့်စတိုးဆိုင်များ မီးလောင်ကျွမ်းခဲ့ကြောင်း၊ ယနေ့တွင် တောမီးလောင်ကျွမ်းမှုကို မီးသတ်သမား ၃၄ ဦး၊ အပေါ့စားရဟတ်ယာဉ်လေးစင်း၊ အကြီးစားရဟတ်ယာဉ်နှစ်စင်း၊ တောမီးငြိမ်းသတ်ရေး အခြားအကြီးစားစက်ကိရိယာများကို အသုံးပြု၍ ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

တောမီးကြောင့်နေအိမ်စွန့်ခွာခဲ့ရသူများ၏ စိတ်ဖိစီးမှုကို အသိအမှတ်ပြုကြောင်း၊ ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် အဆင်ပြေစေရန် အတတ်နိုင်ဆုံး လုပ်ဆောင်ပေးလျက်ရှိကြောင်း အယ်ဘတ်တာ မြို့တော်ဝန် Cryatal McAteer က ပြောကြားခဲ့သည်။

အယ်ဘတ်တာပြည်နယ် မီးသတ်တပ်ဖွဲ့က ပြည်နယ်အတွင်း တောမီးလောင်ကျွမ်းမှုဖြစ်စဉ် ၇၂ ခု ရှိကြောင်းနှင့် စိတ်မချရသော နယ်မြေများမှဒေသခံများကို နေရာရွှေ့ပြောင်းနိုင်ရေး သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။ AZH

# အီတလီနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူနှစ်ဦးသေဆုံး

**ရောမ မေ ၅**

အီတလီနိုင်ငံမြောက်ဘက်ပိုင်း အမ်မလီယာရိုမန်နာနယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံနှစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း အီတလီ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ITV သတင်းဌာနက မေ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမ်မလီယာရိုမန်နာနယ်မြေတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူနှစ်ဦးမှာ ကျန်းမာရေးအရ စက်ဘီးစီးနင်းသည့် သက်ကြီးရွယ်အို အမျိုးသားများဖြစ်ကြောင်း၊ ရေကြီးရေလျှံမှု ဖြစ်ပွားသည့် ဧရိယာတွင် စက်ဘီးစီးနင်းစဉ် မတော်တဆမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အီတလီကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မြောက်ဘက်ပိုင်းဒေသတွေမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပွားနေပါတယ်။ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် အင်အားသုံးဆောင်ရွက်သွားဖို့ ညွှန်ကြားထားပါတယ်။ နယ်မြေခံအာဏာပိုင်အဖွဲ့အစည်းတွေနဲ့ တောက်လျှောက်အဆက်အသွယ်ပြုလုပ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု အီတလီဝန်ကြီးချုပ် မယ်လိုနီက ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုသည် အမ်မလီယာရိုမန်နာ နယ်မြေအပြင် ဘိုလော့နာဒေသတွင်လည်း ဖြစ်ပွားနေပြီး အမ်မလီယာရိုမန်နာနယ်မြေအတွင်းရှိ ရာဝန်နာမြို့တွင် ဆိုးရွားသည့်ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း၊ ကယ်ဆယ်ရေးဝန်ထမ်းအင်အား ၄၀၀ ကျော်ထိအသုံးပြုထားပြီး ဒေသခံအမြောက်အမြား ဘေးလွတ်ရာရွှေ့ပြောင်းနေရကြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

လမ်းမကြီးတချို့ကိုလည်း ယာယီပိတ်ထားရသည့်အတွက် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများအတွက် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများရှိနေသဖြင့် ကယ်ဆယ်ရေး ဝန်ထမ်းများက ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ပြည်သူများကိုကူညီပေးနေကြောင်း အီတလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **နိုင်းဆက်**

# လှိုင်မြို့နယ် ရွှေပြည်တော်ငါးဈေးသို့ နေ့စဉ် ငါး၊ ပုစွန်ပိဿာချိန် သုံးသိန်းကျော် ဝင်ရောက်လျက်ရှိ



**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ရွှေပြည်တော်ငါးဈေးသို့ နေ့စဉ် ငါး၊ ပုစွန်ပိဿာချိန် သုံးသိန်းကျော် ဝင်ရောက်လျက်ရှိကြောင်း ရွှေပြည်တော်ငါးဈေးကြီး ဈေးတာဝန်ခံအရာရှိ ဦးဝေလင်းက ပြောပြ၍ သိရသည်။

ရွှေပြည်တော်ငါးဈေးသို့ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ရေငန်ငါး၊ ပုစွန်များ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကလည်း ရေချိုငါး၊ ပုစွန်များ နေ့စဉ် ဝင်ရောက်လျက်ရှိရာ နေ့စဉ် ငါး၊ ပုစွန်ပိဿာချိန် သုံးသိန်းကျော် ရှိကြောင်း သိရသည်။

"ပြန်လည် ဖြန့်ဖြူးပေးနေတဲ့အပိုင်းကတော့ မြန်မာနိုင်ငံအထက်ပိုင်းဆိုရင် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်ထိ တင်ပို့ပေးလျက်ရှိပါတယ်။ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးဘက်ကို ပြန်ပြီးတော့ ရေငန်ငါး၊ ပုစွန်တွေ ပြန်ဆင်းတာလဲရှိပါတယ်။ ပြည်ပပို့အတွက်လဲ ကျွန်တော့်ဆီကနေ သွားနေတာတွေရှိပါတယ်။ အဓိက ကတော့ ရခိုင်ပြည်နယ်ဘက်ကနေ ဘင်္ဂလားဒေ့ရှ်ကို ပို့တာဖြစ်ပါတယ်။ နောက်တစ်ခါ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်ကနေ တရုတ်နိုင်ငံကို ပို့တာလဲရှိပါတယ်။ တရုတ်နိုင်ငံကတော့ ငါးသလောက်ကို အဓိကယူပါတယ်။ ဘင်္ဂလားဒေ့ရှ်ကတော့ ငါးမြစ်ချင်း၊ ငါးကြင်း အဓိက ယူပါတယ်။ တစ်နိုင်ငံလုံး ငါးဈေးကွက်လိုအပ်ချက်ရဲ့ ၇၀ ရာခိုင်နှုန်းကို ကျွန်တော်တို့ဆီက ဖြန့်ဖြူးပေးနေတာ ဖြစ်ပါတယ်"ဟု ဦးဝေလင်းက ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ရွှေပြည်တော်ငါးဈေးကြီးတွင် ဈေးရုံပေါင်း ကိုးရုံနှင့်ဆိုင်ခန်းပေါင်း ၄၀၀ ကျော်ရှိပြီး ယခင်က နေ့စဉ် ရေချို၊ ရေငန် ငါး၊ ပုစွန်ပိဿာချိန် လေးသိန်းကျော်ထိ ဝင်ရောက်ခဲ့ပြီး လက်ရှိကာလတွင် ရေချို၊ ရေငန် ငါး၊ ပုစွန်ပိဿာချိန် သုံးသိန်းကျော် နေ့စဉ်ဝင်ရောက်ကာ တစ်နိုင်ငံလုံး ငါးဈေးကွက်လိုအပ်ချက်၏ ၇၀ ရာခိုင်နှုန်းကို ဖြန့်ဖြူးပေးနေကြောင်း သိရသည်။

ASH

# ဆော့လော်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဆော့လော် မေ ၅**

ကချင်ပြည်နယ် ချီဖွေခရိုင် ဆော့လော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆော့လော်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆော့လော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသူ၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက လခမ်၊ မန်ကျီ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားမှုနှင့် စာရင်းဇယားများမှန်ကန်စွာ ရေးသွင်းထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာကျေးရွာရှိ စီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံ၍ မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်း၊ အတိုး ပြန်လည်ပေးဆပ်ရေးကာလတွင် စီမံကိန်းလည်ပတ်ရန်ပုံငွေများကို သေချာစွာ စိစစ်ကောက်ခံရန်၊ ကြွေးကျန် မဖြစ်ပေါ်စေရန်နှင့် စာရင်းဇယားများ မှန်ကန်စွာရေးသွင်းထားရှိရန် ဆွေးနွေးပြောကြားသည်။

ဆော့လော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများ၊ ချေးငွေများပံ့ပိုးကာ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပြီး လက်ရှိတွင် လခမ်ကျေးရွာ၌ စီမံကိန်း အသင်းသား၊ အသင်းသူ ၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၅၅ သန်းကိုလည်းကောင်း၊ မန်ကျီကျေးရွာ၌ စီမံကိန်း အသင်းသား၊ အသင်းသူ ၂၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၄ သန်းကိုလည်းကောင်း ထုတ်ချေးပေးထားကြောင်း ဆော့လော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသူက ပြောပြ၍ သိရသည်။

အေးသူ

# ရခိုင်ပြည်နယ် မာန်အောင်ကျွန်းရှိ မြေနီတောင်နှင့်ဒီရေတောတို့တွင် ငှက်မျိုးစိတ်များ မျိုးမသုဉ်းစေရေးအတွက် ငှက်အိမ်များချိတ်ဆွဲပေးသွားမည်

**စစ်တွေ မေ ၅**

ရခိုင်ပြည်နယ် မာန်အောင်ကျွန်းရှိ ကမားဝရွာနှင့် ကမားကြားရှိ ကမားတောင်တန်း မြေနီတောင်နှင့် ဒီရေတောတို့တွင် ငှက်မျိုးစိတ်များ မျိုးမသုဉ်းစေရေးအတွက် ငှက်အိမ်များချိတ်ဆွဲပေးသွားမည်ဖြစ်ကြောင်း ရခိုင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရန်နောင်စိုးက ပြောပြ၍ သိရသည်။

ရခိုင်ပြည်နယ်ရှိ တောတောင်များနှင့် ဒီရေတောများတွင် ကျက်စားနေသည့် ငှက်မျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှု အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရေးအတွက် မာန်အောင်ကျွန်းတွင် ငှက်အိမ်များ ချိတ်ဆွဲပေးခြင်းကိုဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်း လေးတောင်မြို့အနီးရှိ ဒီရေတောများနှင့် တောတောင်များတွင် ငှက်အိမ်အလုံး ၁၂၀၀ ကို ချိတ်ဆွဲပေးပြီးဖြစ်ကာ ဆက်လက်၍ ရခိုင်ပြည်နယ် မာန်အောင်ကျွန်းရှိ ကမားဝရွာနှင့် ကမားတောင်တန်း၊ မြေနီတောင်နှင့် ဒီရေတောတို့တွင် ငှက်မျိုးစိတ်များ မျိုးမသုဉ်းစေရေးအတွက် ယခုလအတွင်း ငှက်အိမ်အလုံး ၁၀၀၀ ကို ထပ်မံချိတ်ဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။



"အခုချိတ်ဆွဲမဲ့ ငှက်အိမ်တွေမှာ ဘယ်လိုငှက်မျိုးတွေလာနေမယ်ဆိုတာထက် သစ်ပင်ကြီးတစ်ပင်မှာ ငှက်အိမ်တွေဆွဲထားခြင်းအားဖြင့် လူတွေကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့နဲ့ ကျေးငှက်တိရစ္ဆာန်တွေ မျိုးသုဉ်းပျောက်ကွယ်မှုက ကာကွယ်စောင့်ရှောက်ဖို့ အသိပညာပေးတဲ့ သဘောပါ။ ရမ်းဗြဲကျွန်းက ကျောင်းတောင်၊ တန်းဖိုခါးတောင်၊ ဝက္ကတိုးတောင်၊ ပခုံးတော်ဓာတ်စေတီအနီး၊ မြေနီတောင်တောရ ဘေးမဲ့တော၊ ကိုယ်ရံတော်တောင်နှင့် မောင်းကျအိုင်အနီး ဒီရေတောတွေမှာ ငှက်အိမ် အလုံး ၁၂၀၀ ချိတ်ဆွဲပြီးပါပြီ"ဟု ရခိုင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရန်နောင်စိုးက ပြောပြ၍ သိရသည်။

ASH

# မြင်းခြံမြို့နယ်၌ VDP စီမံကိန်းကျေးရွာများ ရွေးချယ်ပွဲကျင်းပ

**မြင်းခြံ မေ ၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကျေးရွာများ ရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ မြင်းခြံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းစိန်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကြောင်းအရာများ၊ ကျေးရွာများ ရွေးချယ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ကျေးရွာရွေးချယ်ရေး စံသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်ရန် ကျေးရွာရွေးချယ်ရေးစံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ရွာစည်ကျေးရွာ၊ ကွမ်းစိုက်ကျေးရွာ၊ သဘော်တင်ကျေးရွာ၊ ဆားခါးကျေးရွာနှင့်ကူရွာကျေးရွာ စုစုပေါင်း ကျေးရွာ ငါးရွာကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ရှိုသန်းညွန့်

# ပေါင်းတည်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်

**ပေါင်းတည် မေ ၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲကို မေ ၅ ရက်က ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပေါင်းတည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်က သင်တန်းသားများအနေဖြင့် သင်တန်းတွင်သင်ကြားမည့် သင်ခန်းစာများကို ကြိုးစား၍ လေ့လာသင်ယူစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ပေါင်းတည်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ပန်းရန်ပညာရပ်များကို သင်တန်းနည်းပြ ဆရာက မေ ၄ ရက်မှ မေ ၂၃ ရက်ထိ ၂၀ ရက်ကြာစာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။


သုတ

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# တနင်္ဂနွေနေ့ညမှာကစားမဲ့ ဥရောပပြိုင်ပွဲတွေထဲက အသင်းလိုက်စုဖွဲ့မှုကောင်းနေတဲ့ နယူးကာဆယ်၊ ဒေါ့မွန်၊ မွန်ဇာအသင်းတို့ကို ရွေးချယ်ရမှာပါ



တနင်္ဂနွေနေ့ညမှာတော့ ဥရောပထိပ်သီးကလပ်ငါးခုမှာ ပရီးမီးယားလိဂ်၊ ပြင်သစ်၊ အီတလီ၊ ဂျာမန်ကလပ်အသင်းတွေရဲ့ပြိုင်ပွဲတွေပဲ ယှဉ်ပြိုင်မှာဖြစ်ပြီး စပိန်လာလီဂါကတော့ ဒီတစ်ပတ်မှာ ပွဲစဉ်ရပ်နားသွားမှာဖြစ်ပါတယ်။ အဲဒီထိပ်သီးကလပ်တွေထဲက အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေမရှိပေမဲ့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်ချက်ရှိနေတဲ့အသင်းတွေတွေ့ဆုံနေတာကြောင့် သတိထားချဉ်းကပ်ရမှာဖြစ်သလို ကြားရက်က အမှတ်ပေးပွဲစဉ်တွေကစားခဲ့ရတဲ့အသင်းတွေအနေနဲ့ ပွဲပန်းမှုဒဏ်ခံစားနေရမှာကိုလဲ သတိပြုရမှာပါ။ လာမဲ့တနင်္ဂနွေနေ့ညမှာတော့ အိမ်ကွင်းနိုင်ပွဲဆက်နေတဲ့အသင်းတွေနဲ့ အသင်းလိုက်စုဖွဲ့မှုကောင်းတဲ့ အသင်းတွေကိုပဲ ရွေးချယ်သွားရမှာဖြစ်ပါတယ်။

### နယူးကာဆယ်အသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ နယူးကာဆယ်နဲ့ အာဆင်နယ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နည်းပြဟိုဝီလက်ထက်မှာပုံစံကောင်းရရှိလာတဲ့ နယူးကာဆယ်ဟာ အာဆင်နယ်နဲ့တွေ့ဆုံခဲ့တဲ့ ပထမအကျော့မှာ ဂိုးမရှိသရေရလဒ်ကစားနိုင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာလဲ သူတို့အသင်းဟာ အမှတ်ပေးပွဲ ၃၃ ပွဲအပြီးမှာ ၁၈ ပွဲနိုင်၊ ၁၁ ပွဲသရေ ၊ လေးပွဲရှုံးရလဒ်နဲ့အဆင့်(၃)ထိ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အခြေအနေကောင်းနေတာကြောင့် ပြိုင်ပွဲတိုင်းကိုအာရုံစိုက်ကစားနေပြီး အခုပွဲကိုအနိုင်ရခဲ့မယ်ဆိုရင် အဆင့်(၄)က မန်ယူအသင်းကို ရမှတ်ဖြတ်နိုင်မှာဖြစ်ပါတယ်။ လက်ရှိ နည်းပြဟိုဝီရဲ့ ၄-၃-၃ ကစားကွက်မှာ တိုက်စစ်မှူး အစ်ဆက်ခ်၊ မာဖီ၊ ဂျိုးလင်တန်၊ ဝယ်လ်ဆန်တို့က ခြေစွမ်းပြနေပြီး ဝယ်လ်ဆန်က သွင်းဂိုး ၁၅ ဂိုးထိသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာ မက်ဆီမန်၊ လက်ဆဲလက်စ်၊ လောင်းစတက်တို့ဒဏ်ရာရနေပေမဲ့ ထရစ်ပီယာ၊ ဘော့မန်း၊ ဒန်ဘမ်း၊ ဂူမာရေ့စ်တို့လို ခြေစွမ်းပိုင်းတည်ငြိမ်တဲ့ကစားသမားတွေကြောင့် အာဆင်နယ်အသင်းကိုပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာပါတယ်။

အာဆင်နယ်အသင်းဟာ အခုရာသီမှာ ခြေစွမ်းပိုင်းထက်မြက်ခဲ့တာကြောင့် အမှတ်ပေးဇယားကိုတောက်လျှောက်ဦးဆောင်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ မန်စီးတီးနဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာ ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး နောက်ပိုင်းချန်ပီယံဆုအတွက် မျှော်လင့်ချက်နည်းပါးသွားခဲ့ပါတယ်။ လက်ရှိမှာ အဆင့်(၂)ထိ ကျဆင်းသွားခဲ့ပါတယ်။ အာဆင်နယ်အသင်းဟာ အခုရာသီမှာ ဂျီးဆပ်စ်ကိုကာလရှည်လက်လွှတ်ထားရပေမဲ့ ရလဒ်ကောင်းရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ လီဗာပူးအသင်းနဲ့တွေ့ဆုံချိန်မှာ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ပြီးနောက်ပိုင်း ဝက်စ်ဟမ်းကို နှစ်ဂိုးစီသရေ၊ ဆောက်သမ်တန်ကို သုံးဂိုးစီသရေ၊ မန်စီးတီးကို ရှုံးခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာတော့ ချဲလ်ဆီးအသင်းကို သုံးဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့ပြီး နိုင်ပွဲပြန်ရှာတွေ့ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ အမှတ်ပေးပွဲ ၃၄ ပွဲအပြီး ရမှတ် ၇၈ မှတ်နဲ့အဆင့်(၂)မှာရှိနေပေမဲ့ အဆင့်(၁)က မန်စီးတီးအသင်းထက် တစ်ပွဲအသာကစားထားပြီး ရမှတ်တစ်မှတ်ကွာဟနေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ လက်ကျန်လေးပွဲအလိုမှာ မန်စီးတီးရဲ့အမှားကိုပဲစောင့်ရမှာဖြစ်သလို လာမဲ့ပွဲစဉ်တွေကိုလဲ အနိုင်ကစားနိုင်မှပဲ ချန်ပီယံဆုရဖို့မျှော်လင့်နိုင်မှာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ သူတို့အသင်းရဲ့ ခံစစ်ကစားသမားဂါဘရီရယ်နဲ့ ဆာလီဘာ၊ တိုမီယာဆူတို့မပါနိုင်တာကြောင့် ခံစစ်ပိုင်းရှုန်းကန်ရနိုင်သလို နောက်ဆုံးကစားခဲ့တဲ့ ပရီးမီးယားလိဂ် ခုနစ်ပွဲဆက်မှာလဲ ခုနစ်ပွဲစလုံးဂိုးပေးထားရတာကြောင့် တိုက်စစ်ထက်မြက်နေတဲ့ နယူးကာဆယ်ကို ထိန်းချုပ်ဖို့မလွယ်ပါဘူး။ နှစ်သင်းစလုံးရမှတ်လိုအပ်ချက်ရှိနေပေမဲ့ ခြေစွမ်းပိုင်းနဲ့ကစားသမားစုဖွဲ့မှုမှာ နယူးကာဆယ်ကသာနေတာကြောင့် အခုပွဲစဉ်မှာ အိမ်ရှင်ကိုပဲ အားပေးရမှာပါ။

### နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၁ | - | ၂ | နယူးကာဆယ် |
| အေဗီလာ | ၃ | - | ၀ | နယူးကာဆယ် |
| နယူးကာဆယ် | ၆ | - | ၁ | စပါး |
| အဲဗာတန် | ၁ | - | ၄ | နယူးကာဆယ် |
| နယူးကာဆယ် | ၃ | - | ၁ | ဆောက်သမ်တန် |

### အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၂ | - | ၂ | အာဆင်နယ် |
| ဝက်စ်ဟမ်း | ၂ | - | ၂ | အာဆင်နယ် |
| အာဆင်နယ် | ၃ | - | ၃ | ဆောက်သမ်တန် |
| မန်စီးတီး | ၄ | - | ၁ | အာဆင်နယ် |
| အာဆင်နယ် | ၃ | - | ၁ | ချဲလ်ဆီး |

### ဒေါ့မွန်အသင်း ရလဒ်ကောင်းမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဒေါ့မွန်နဲ့ ဝုဖ်ဘတ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဒေါ့မွန်အသင်းဟာ အမှတ်ပေးဇယားကိုဦးဆောင်ခွင့်ရလိုက်ပေမဲ့ နောက်ဆုံးပွဲစဉ်မှာ ဘိုချမ်ကို မထင်မှတ်ဘဲ သရေရလဒ်ပဲကစားနိုင်ခဲ့တာကြောင့် ရမှတ် ၆၁ မှတ်နဲ့ အဆင့်(၂)ကို ကျရောက်ခဲ့တာတွေ့ရမှာပါ။ ဒါပေမဲ့ အဆင့်(၁)က ဘိုင်ယန်မြူးနစ်နဲ့ ရမှတ်တစ်မှတ်ပဲကွာဟတာကြောင့် လာမဲ့ပွဲစဉ်တွေကို ရလဒ်ကောင်းရှာဖွေနိုင်မယ်ဆိုရင် ချန်ပီယံဆုရဖို့အခွင့်အရေးရှိနေဆဲဖြစ်ပါတယ်။ ဒေါ့မွန်အသင်းဟာ အိမ်ကွင်းမှာတော့ အသင်းကြီးတွေကိုတောင်နိုင်ပွဲရယူခဲ့သလို အိမ်ကွင်း ၁၄ ပွဲမှာ ၁၂ ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲပဲရှုံးခဲ့တာကိုသတိပြုရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ ဘွန်ဒက်လီဂါရဲ့ အိမ်ကွင်းအကောင်းဆုံးအသင်းအဖြစ်ရပ်တည်နေပြီး တိုက်စစ်ပိုင်းက ၄၂ ဂိုးထိ သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းနည်းပြတာဇစ်ကတော့ နောက်တန်းလေးယောက်ထားပြီး ခံစစ်ကို အကောင်းဆုံးတည်ဆောက်နေသလို တိုက်စစ်ပိုင်းမှာလဲ မာလန်း၊ ဘယ်လင်ဟမ်၊ အဒီရီမီ၊ ဟော်လာတို့ကို တွဲဖက်အသုံးချနိုင်တာကြောင့် ဒဏ်ရာရကစားသမားငါးယောက်ရှိပေမဲ့ အဓိကကစားသမားတွေပါဝင်နိုင်မှာဖြစ်လို့ ကစားအားကျဆင်းသွားမှာမဟုတ်ပါဘူး။

ဝုဖ်ဘတ်အသင်းဟာ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်ပိုင်းက သွင်းဂိုး ၁၀ ဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီအဝေးကွင်း ၁၅ ပွဲမှာ ခုနစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံးခဲ့တာကြောင့် ရမှတ် ၂၄ မှတ်နဲ့အဝေးကွင်းအကောင်းဆုံးအသင်းတွေမှာ ရပ်တည်နေတာကိုတွေ့ရမှာပါ။ လက်ရှိ သူတို့အသင်းဟာ အမှတ်ပေးပွဲ ၃၀ ကစားအပြီးမှာ ၁၂ ပွဲနိုင်၊ ၁၀ ပွဲသရေ၊ ရှစ်ပွဲရှုံးနဲ့ ရမှတ် ၄၆ မှတ်ရရှိခဲ့တာကြောင့် အဆင့်(၇)မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် အဆင့်(၆)က လေဗာကူဆင်နဲ့ ရမှတ်နှစ်မှတ်ပဲကွာဟနေပြီး ဥရောပပြိုင်ပွဲဝင်ခွင့်ရဖို့ အခွင့်အရေးရှိနေတာလဲဖြစ်ပါတယ်။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာလဲ ဒေါ့မွန်အသင်းက အိမ်ကွင်းခုနစ်ပွဲဆက် ရှုံးပွဲမရှိခဲ့ဘဲ အသာရထားတာကြောင့် အခုပွဲစဉ်မှာလဲ အိမ်ကွင်းကစားပုံထက်မြက်နေတဲ့ ဒေါ့မွန်အသင်းပဲ ရလဒ်ကောင်းမှာပါ။

### ဒေါ့မွန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၂ | - | ၀ | ဒေါ့မွန် |
| ဒေါ့မွန် | ၂ | - | ၁ | ယူနီယံဘာလင် |
| စတုဂတ် | ၃ | - | ၃ | ဒေါ့မွန် |
| ဒေါ့မွန် | ၄ | - | ၀ | ဖရန့်ဖတ် |
| ဘိုချမ် | ၁ | - | ၁ | ဒေါ့မွန် |

### ဝုဖ်ဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝုဖ်ဘတ် | ၂ | - | ၂ | အော့စ်ဘတ် |
| ဂလာဘတ် | ၂ | - | ၀ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၀ | - | ၀ | လေဗာကူဆင် |
| ဘိုချမ် | ၁ | - | ၅ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၃ | - | ၀ | မိန့်ဇ် |

### မွန်ဇာအသင်းနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ တိုရီနိုနဲ့ မွန်ဇာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ တိုရီနိုဟာ ပြီးခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်ပိုင်းက သွင်းဂိုးငါးဂိုးပဲသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ အိမ်ကွင်းသုံးပွဲဆက်မှာတော့ နိုင်ပွဲမရခဲ့ဘဲခံစစ်ပိုင်းက ပွဲတိုင်းပေးဂိုးရှိခဲ့တာကိုသတိပြုရမှာပါ။ တိုရီနိုအသင်းဟာ အခုရာသီအမှတ်ပေးပွဲ အိမ်ကွင်း ၁၆ ပွဲမှာ ငါးပွဲနိုင်၊ ငါးပွဲသရေ၊ ခြောက်ပွဲရှုံးထားသလို ခံစစ်ပိုင်းကလဲ ပေးဂိုး ၁၆ ဂိုးထိ ပေးခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ အိမ်ကွင်းကစားပုံဆိုးရွားတဲ့ အသင်းတွေထဲပါဝင်နေသလို အဓိကတိုက်စစ်မှူးဖြစ်တဲ့ ဆာနာဘီးယားကလဲပုံမှန်ဂိုးသွင်းခြေစွမ်းပျောက်ဆုံးနေတာကြောင့် အိမ်ကွင်းမှာရမှတ်ဆုံးရှုံးနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းတိုက်စစ်ကိုတော့ ဆာနာဘီးယားက ဦးဆောင်နေပြီး သွင်းဂိုး ၁၀ ဂိုးနဲ့ အသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ်ရပ်တည်နေတာကိုတွေ့ရမှာပါ။ လက်ရှိမှာ ဗီအဲရာ၊ အိုလာ၊ ရာဒွန်ဂျစ်တို့လို ကွင်းလယ်ကစားသမားတွေဒဏ်ရာရနေတာကြောင့် အခုပွဲစဉ်မှာလဲ ရုန်းကန်ရဖို့များပါတယ်။

မွန်ဇာအသင်းဟာ အခုနှစ်မှ စီးရီးအေကိုတန်းတက်လာခဲ့ပေမဲ့ တန်းတက်အသင်းတွေထဲမှာ ပုံစံကောင်းရရှိနေတဲ့အသင်းလို့ဆိုရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ပြိုင်ပွဲစုံငါးပွဲမှာလဲ အူဒီးနီးစ်၊ အင်တာမီလန်၊ ဖီအိုရင်တီးနား၊ စပီဇီယာ၊ ရိုးမားတို့နဲ့တွေ့ဆုံခဲ့ပေမဲ့ အနည်းဆုံးသရေတစ်မှတ်ရယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် မွန်ဇာရဲ့ခြေစွမ်းပိုင်းဟာ အသင်းကြီးတွေကိုတောင်ဖိအားပေးကစားနိုင်တာကိုသတိပြုရမှာဖြစ်သလို တိုက်စစ်ပိုင်းကလဲ ပြီးခဲ့တဲ့ငါးပွဲစလုံး ဂိုးသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာမွန်ဇာအသင်းဟာ အမှတ်ပေးပွဲ ၃၃ ပွဲကစားအပြီးမှာ ၁၂ ပွဲနိုင်၊ ကိုးပွဲသရေ၊ ၁၂ ပွဲရှုံးနဲ့ ရမှတ် ၄၅ မှတ်ရရှိခဲ့တာကြောင့် စီးရီးအေမှာ ဆက်လက်ကစားခွင့်ကိုပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာ တိုရီနိုကအသာရထားပေမဲ့ လတ်တလောခြေစွမ်းပိုင်းမှာတော့ မွန်ဇာက တိုရီနိုထက်ကောင်းမွန်နေတာကိုတွေ့ရမှာပါ။ ဒါကြောင့် အိမ်ကွင်းကစားပုံကျဆင်းနေတဲ့ တိုရီနိုကြောင့် အဝေးကွင်းခြေစွမ်းထက်မြက်နေတဲ့မွန်ဇာအသင်း ဂိုးရဖို့လွယ်ကူမှာဖြစ်လို့ ညီသည်မွန်ဇာအသင်းနဲ့ပဲ လက်တွဲသွားရမှာပါ။

### တိုရီနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| တိုရီနို | ၀ | - | ၁ | ရိုးမား |
| တိုရီနို | ၁ | - | ၁ | ဆလာနီတာနာ |
| လာဇီယို | ၀ | - | ၁ | တိုရီရို |
| တိုရီနို | ၁ | - | ၂ | အတ္တလန်တာ |
| ဆမ့်ဒိုးရီးယား | ၀ | - | ၂ | တိုရီနို |

### မွန်ဇာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အူဒီးနီးစ် | ၂ | - | ၂ | မွန်ဇာ |
| အင်တာမီလန် | ၀ | - | ၁ | မွန်ဇာ |
| မွန်ဇာ | ၃ | - | ၂ | ဖီအိုရင်တီးနား |
| စပီဇီယာ | ၀ | - | ၂ | မွန်ဇာ |
| မွန်ဇာ | ၁ | - | ၁ | ရိုးမား |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့နိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သည် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုစောင့်ရှောက်ရန် အဓိကတာဝန်ရှိ...

❖ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်အတွက် အသက်ခန္ဓာသဖွယ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပါတီစုံဒီမိုကရေစီစနစ်ကို ယိမ်းယိုင်ပျက်စီးအောင် ပြုလုပ်လာသည့် အပြုအမူမှန်သမျှကို ဥပဒေနှင့်အညီ ကာကွယ်တားဆီးခြင်းသည် သမိုင်းပေးတာဝန် ထမ်းဆောင်ခြင်းသာဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူမင်းအောင်လှိုင်၏ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်) ၂၁.၂.၂၀၂၂**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် မေ ၅**

(၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒေါ်ဒွဲဘူ၊

**စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

